


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးခွင့်ပြုအမှတ်
၅၀၀၀၂၇၀၁၁၁
စာမူခွင့်ပြုအမှတ်
၅၀၁၃၄၃၁၁၁၀
မျက်နှာဖုံးပြုလုပ်ချက်
လှဇော်သစ်
ထုတ်ဝေသူ
ဦးပြည့်လင်း(၀၄၄၀၃)၊
တံခွန်တိုင်စာပေ၊
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂၊
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ၊
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၄၀၀-ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
ဖေဖော်ဝါရီ၊ ၂၀၁၁-ပထမအကြိမ်

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

BURMESE CLASSIC .com

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


| | | |
|---|---|---|
| လွှမ်းထားထား၊ ဆေးတက္ကသိုလ် | ပျားရည်မြစ်တစ်စင်းထဲက ပဲ့လက်နှင့်ဆီ / | ၈၉၅.၈၃ |
| | လွှမ်းထားထား၊ ဆေးတက္ကသိုလ်။ - ရန်ကုန် | |
| | တံခွန်တိုင်စာပေ၊ ၂၀၁၀။ | |
| | ၂၆၄ - စာ၊ ၁၂.၀၀ x ၁၈.၈ စင်တီ | |
| | (၁) ပျားရည်မြစ်တစ်စင်းထဲက ပဲ့လက်နှင့်ဆီ | |

ပြည့်လင်း စီစဉ်ထုတ်ဝေသည်

တံခွန်တိုင် စာအုပ်တိုက်
အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁ ၃၉၄၆၅၀၊ ၀၉ ၈၀ ၂၂၀၁၈၊ ၀၁ ၇၃၀ ၆၉၅၂

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရမှတ်တမ်း
ကမ္ဘာပေါ်မှာ
သားသမီးအပေါ်
နားလည်နိုင်စွမ်း အရှိဆုံးသော
အဖေနဲ့အမေ ...။
ဘဝရဲ့အစီပွာယ်တွေကို
ပိုပြီးလေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို
အမှတ်တရ မှတ်တမ်းတင်လျက် ...။

လွန်းထားထား(ဆေးတက္ကသိုလ်)

စာတိုတစ်ခုလုံးကို
လှုပ်ရှားသက်ဝင်ချိုမြလာအောင်
တတ်နိုင်ခဲ့တယ်

BURMESE CLASSIC .com

## အချစ်နဲ့ဂုဏ်သိက္ခာ

သူ...
ချစ်ခြင်းဆိုတာ
ဂုဏ်သိက္ခာကို
အဝေးတစ်နေရာဆီ
လွှင့်ပစ်လိုက်ခြင်းပဲဆိုရင်
ကျွန်မဆီမှာဂုဏ်သိက္ခာဆိုတာ
မရှိတော့ဘူးထင်ပါရဲ့
ဘာဖြစ်လို့လဲဆိုတော့
သူ့ကိုကျွန်မ
ချစ်မိနေပြီလေ...။


လွန်းထားထား(ဆေးတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com




ပြင်းပြင်းရှရှ…ခံစားမှု

အချစ်လုံးချင်း ဝတ္ထုသစ်



www.burmeseclassic.com

www.burmeseclassic.com

လွန်းထားထား
(ဆေးတက္ကသိုလ်)

BURMESE CLASSIC .com

# ပျားရည်မြစ်တစ်စင်းထဲက

# ပဥ္စလက်နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၁





www.burmeseclassic.com

www.burmeseclassic.com

"ဘဝမှာ လူတစ်ယောက်ကို တကယ်ချစ်တယ်ဆိုရင် ပြီးတော့ သူ့အချစ်ကိုလည်း အကြွင်းမဲ့ ယုံကြည်စိတ်ချတယ်ဆိုရင် ... သူ့ကို အခွင့်အရေးတစ်ခုတော့ ပေးရလိမ့်မယ်၊ သူပြန်အလာကို စောင့်နေပေးဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

လွှမ်းထားထား
(ဆေးတက္ကသိုလ်)

## အခန်း - ၁

ကော်ဖီဆိုင်ကလေးထဲမှာ ငြိမ့်ငြိမ့်ကလေးပျံ့လွင့်နေသည့် Norah Jones ၏ Come away with me သီချင်းကလေးကို သူငယ်ချင်း သုံးယောက်သား ဇိမ်ဆွဲခံစားရင်း မိုးနတ်မဒီက မနက်ဖြန်သွားပေး ရမည့် အင်တာဗျူးမေးခွန်းတွေကို ကြိုတင်ပြင်ဆင်နေသည်။ အသံ သွင်းယူရမည့် digital voice recorder ကလေးနှင့် ဓာတ်ပုံ ရိုက်ယူ ရမည့်အတွက် sony digital camera ကလေးကိုပါ ဘက်ထရီ ပြည့်မပြည့်၊ အထဲမှာ memory stick ရှိမရှိ ကြိုတင်စစ်ဆေးထား သည်။ ကြိုတင်ပြင်ဆင်ရတာကိုက မိုးနတ်၏ဝါသနာ။ စီးပွားရေး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နယ်ပယ်မှာ ဒိတ်ဒိတ်ကြဲ၊ လျှမ်းလျှမ်းတောက် အောင်မြင်နေရာယူထားသော လုပ်ငန်းရှင်ကြီးတွေနှင့် တွေ့ဆုံမေးမြန်းသော အခန်းကဏ္ဍကို မိုးနတ်အကြိုက်ဆုံး။ သူတို့ဆီကနေ စိတ်ဓာတ်ခွန်အားတွေ၊ ဘဝရည်မှန်းချက်တွေ၊ စည်းစနစ်တွေ ပါးနပ်လိမ္မာမှုတွေ၊ အတွေးအခေါ် အယူအဆတွေ အများကြီးပဲ သင်ယူရသည်မဟုတ်လား။ ဒါကြောင့်လည်း ဒီကဏ္ဍမှာ ဒီတာဝန်ကိုရဖို့အတွက် မိုးနတ် အတော်ကြီးကို ကြိုးစားအားထုတ်အစွမ်းပြခဲ့ရတာလေ။ FAME မဂ္ဂဇင်းရဲ့ FABULOUS ဂျာနယ်ရဲ့ နှစ်ခုစလုံးအတွက် မိုးနတ်က အယ်ဒီတာအဖြစ်ရော၊ သတင်းထောက်တာဝန်ပါ ယူထားရသည်မှာ ပေါ့ပေါ့သေးသေးကလေးတော့မဟုတ်လှ။ အထူးသဖြင့် နာမည်ကျော် ပုဂ္ဂိုလ်တွေနှင့် အင်တာဗျူးအတွက်ဆိုလျှင် မိုးနတ်ကိုပဲ အယ်ဒီတာချုပ်က စိတ်ချတတ်သည်။ မိုးနတ်မဒီက အသေးစိတ်ကအစ သေချာလွန်း စေ့စပ်တိကျလွန်းလို့ပါဟု မကြာခဏပဲ ဖွင့်ဟချီးမွမ်းတတ်ပါသည်။

"မိုးနတ်မဒီတို့ကတော့ ကြိုးစားနေတာ . . . ကြိုးစားနေတာ၊ မိုးကလေးအေးအေးနဲ့ Norah Jones ကိုတောင် မခံစားနိုင်ရှာဘူး၊ သိပ်မလုပ်နဲ့ဟာ၊ နင်က ရှေ့ကနေ အရမ်းကြိုးစားပြတော့ နောက်ကလိုက်ရတဲ့ ငါတို့ခမျာ





မသက်သာဘူးဟာ၊ အယ်ချုပ်ကဆူရင် နင်နဲ့ပဲ နှိုင်းယှဉ်နှိုင်းနှိုင်းပြီးတော့ဆူတာ၊ ရေလည်ခံရခက်တယ် သိလား" "အေးလေ၊ နေစမ်းပါဦး . . . နင်က ဘာဖြစ်လို့ အဲဒီလောက် ဇွတ်တော်နေရတာလဲ၊ မနှစ်ကလည်း အကောင်းဆုံး သတင်းထောက်ဆု၊ အင်တာဗျူးဆောင်းပါးရှင်ဆုလည်း ရခဲ့ပြီးပြီ၊ အသက်ကဖြင့် ငယ်ငယ်လေးရှိသေးတယ်၊ အရွယ်နဲ့ မမျှအောင်လုပ်ပြနေတာ . . . ကြာတော့ အမြင်ကတ်လာတယ် . . . အဟုတ်"

သူငယ်ချင်းလည်းဖြစ်၊ တိုက်တစ်တိုက်တည်းမှာ အလုပ် အတူတူလုပ်ဖော်ကိုင်ဖက်တွေလည်းဖြစ်သော ကြီးမြတ်သာနှင့် ယသော်ခင်တို့က အလွန်အပ်ကြောင်းထပ်နေသော စကားကို ဆိုကြပြန်သည်။

"နင်တို့ အမြင်ကတ်တာ ငါဘာလုပ်ရမှာတုံး၊ ကိုယ့်ထမင်းကိုယ်စားပြီး ကြိုးစားနေတာနော်၊ မနာလိုမရှိကြနဲ့၊ နင်တို့နဲ့ငါ အတူတူပဲ . . . လက်နှစ်ဘက်ရယ် . . . ဉာဏ်ပညာရယ် . . . လေ့လာသင်ယူနိုင်စွမ်းရယ် . . . ဒါပဲ ပိုင်တားတာ၊ ဘာအခွင့်အရေးမှ ပိုရထားတာမဟုတ်ဘူး၊ ကြိုးစားမှုဆိုတာ အရင်းအနှီးအများကြီး စိုက်ထုတ်ရော



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မလိုတဲ့ ရင်းနှီးမြှုပ်နှံမှုပါဟာ၊ ငါကတော့ ကြိုးစားနေရတာကို ပျော်တယ်၊ လူဖြစ်ရကျိုးနပ်တယ်လို့ ခံယူထားတယ်၊ ဒီအတွက် ဘယ်လောက်ပြန်ရပါစေဆိုတဲ့ မျှော်လင့်ချက်ကြီးကို စွတ်တင်မထားဘူး၊ ဒါပေမယ့် ငါ့မှာ ပန်းတိုင်တစ်ခုတော့ ရှိတယ်၊ အဲဒီပန်းတိုင်ကိုတော့ ငါအရောက်သွားမှာပဲ”

အင်တာဗျူးမေးခွန်းတွေကို ကျေနပ်လောက်စရာ ရှိပြီမို့ လက်စသတ်လိုက်ကာ သူတို့ကိုပြောရသည်။

“နင့်ရဲ့ပန်းတိုင်ကို ငါတို့သိပြီးသားပါဟယ်၊ တစ်နေ့မှာ စာတွေရေးမယ်၊ စာရေးဆရာမ ဖြစ်အောင် ကြိုးစားမယ်၊ ကိုယ်ပိုင် မဂ္ဂဇင်းဂျာနယ်တိုက်တစ်ခု ထူထောင်မယ်၊ ဟုတ်တယ်မှလား၊ အဲဒီအတွက် နင်အခု သင်ယူနေတာ အတွေ့အကြုံတွေယူနေတာကို ငါတို့က လေးစားပါတယ်၊ ငါတို့နဲ့ ယှဉ်ရင် နည်းနည်းကလေး လျှော့ပေးဖို့ ပြောတာပါ”

“ဟဲ့ . . .၊ ဘဝမှာ ဘယ်သူ့အတွက်မှ တမင်လျှော့ပေးစရာကို မလိုတာ၊ ကြိုးစားအားထုတ်မှုနဲ့ ပတ်သက်ရင် ပြောတာနော်၊ ကိုယ့်အလုပ်ကို အကောင်းဆုံးဖြစ်အောင် အဆင့်မြင့်မြင့်ဖြစ်အောင်သာလုပ် . . . အဲဒါ မိုးနတ်မဒီရဲ့ ဝါဒီပဲ၊ နင်တို့ကို ချစ်တာခင်တာက တစ်ကဏ္ဍပဲ၊ နင်တို့နဲ့ညီအောင်





ငါ့ရဲ့အစွမ်းအစကိုတော့ ဘယ်တော့မှလျှော့ချပေးမှာ မဟုတ်ဘူး၊ အဲဒါ ငါရဲ့ ပြတ်သားတဲ့ မဟာဆုံးဖြတ်ချက်”

ထိုစကားကို မိုးနတ်က ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် ပြောခြင်းမို့ နှစ်ကောင်သား မျက်စောင်းတွေဝိုင်းထိုးကြသည်။

“ဟဲ့ . . . နင် မနက်ဖြန် အင်တာဗျူးမယ့် ဦးနေသစ်မိုး က ရုပ်အရမ်းဖြူတယ်နော်၊ အိမ်ထောင်မရှိသေးတဲ့ လူပျိုကြီးတဲ့၊ အသက်က လေးဆယ်လောက်ပဲ ရှိဦးမယ်၊ personality အရမ်းကောင်းတယ်”

“ငါတွေ့ဖူးပါတယ်၊ ဟိုတလောက သူ့ Jewellery Show ပွဲမှာ တွေ့ဖူးလိုက်တယ်”

သူ့ဘဝ၏အချက်အလက် တချို့ကိုလည်း မိုးနတ်က စုဆောင်းရှာဖွေထားခဲ့ပြီးသား ဖြစ်ပါသည်။ CHARMS Jewellery ဆိုင်ခွဲတွေကို မြန်မာပြည်မှာ ရန်ကုန်နှင့်မန္တလေး၊ ပြီးတော့ ဘန်ကောက်နှင့်စင်ကာပူမှာပါ ဖွင့်ထားနိုင်သော နိုင်ငံတကာ လုပ်ငန်းရှင်တစ်ယောက်။ သူနှင့်မနက်ဖြန်တွင် လူချင်း တွေ့ဆုံပြီး တစ်နာရီတိတိ သူ့ဘဝအကြောင်းတွေ တွေ့ဆုံမေးမြန်းဖို့ အခွင့်အရေးတစ်ခု မိုးနတ်၏လက်ထဲမှာရှိသည်။ ရင်ခုန်စိတ်လှုပ်ရှားဖွယ် အကောင်းဆုံးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဩစရာနော်၊ သူ့အလုပ်က မိန်းမတွေအများကြီးနဲ့ ပတ်သက်ဆက်ဆံရတဲ့ အလုပ်၊ ဒါနဲ့တောင် သူ့မှာ အိမ်ထောင်မရှိဘူးတဲ့၊ CHARMS က လက်ဝတ်ရတနာတွေများမြင်ရရင် ငုတ်တုတ်မေ့သွားလောက်တဲ့အထိ ဒီဇိုင်းတွေရော၊ တန်ဖိုးတွေရော အရမ်းလန်းတာ၊ မိန်းမတစ်ယောက် သူလိုချင်ရင် အလွယ်ကလေးပေါ့၊ သူ့ရတနာတွေနဲ့ပဲ ညှို့ယူဖမ်းစားဦးတော့"

"ဩော် . . . ! အဲဒါက နင့်အမြင်ကိုး ယသော်ရဲ့၊ ငါ့လို ရတနာ လုံးဝ မမက်တဲ့မိန်းမမျိုးကျတော့ သူ ဘာနဲ့ဖမ်းစားမလဲ"

ယသော့်ကို မိုးနတ်က ပက်ခနဲ ပြောလိုက်တော့ ယသော်က မျက်စောင်းအကြီးကြီးထိုးသည်။

"ဟင်း . . . ရတနာမကြိုက်တဲ့ မိန်းမရယ်လို့ . . . နင့်ပဲမြင်ဖူးသေးတယ်၊ ရတနာမကြိုက် မိန်းမမိုက်ကြီးပေါ့"

"ဩော် . . . သနားစရာ! ဒီကလေးမဟာ၊ ရတနာဆိုတာ . . . ကျောက်တုံးကျောက်ခဲတွေပဲဟာ၊ စိန်ရယ် မြရယ် ပတ္တမြားရယ်လို့ နာမည်ပေးသတ်မှတ်လိုက်လို့၊ တန်ဖိုးတွေ သတ်မှတ်လိုက်လို့ . . . အဖိုးတန်ရတနာ တွေရယ်လို့ မက်





မောနေကြတာ၊ ပြီးတော့ ဒါတွေကို ကိုယ်ပေါ်မှာ အလှဆင် ပစ္စည်းတစ်ခုအနေနဲ့ ,အလှပြင်ကြမယ်၊ ပြီးရင် သေတ္တာထဲ သော့ခတ်သိမ်းထားကြမယ်၊ ဒါပါပဲ၊ ဘာများထူးခြားလို့လဲ"

မိုးနတ်က စကားနာထိုးလျှင် ကြီးမြတ်သူ့ကတော့ ယောကျ်ားလေးမို့ ထိုအဆိုကို ထောက်ခံသဘောတူဟန် ရှိပြီး ယသော်ကတော့ ရှုံ့မဲ့၍နေလေသည်။

"ငါကတော့ ဒီအဆိုကို လက်ခံတယ်ကွာ၊ ငါ့မှာ တစ်နေ့ ကောင်မလေးရှိခဲ့ရင် သူက Jewellery တွေဘာတွေ ဝယ်ပေးဖို့ ပူဆာလာခဲ့သည်ရှိသော် မိုးနတ်မဒီရဲ့ အလုံးကြီးနဲ့ ထုရမှာ၊ မှတ်သားလောက်ပါတယ်"

"အောင်မယ်! ရတနာဆိုတာ မိန်းမတွေအတွက် အဆင် တန်ဆာပါနော်၊ နင်ဘာသိလို့လဲ၊ ရင်းနှီးမြှုပ်နှံမှု တစ်ခုလည်း ဖြစ်သေးတာ၊ ပိုက်ဆံလိုရင် ပြန်ရောင်းလို့ရသေးတယ် လေ"

ယသော်က အရှုံးမပေးချင်။ မိုးနတ်က ယသော့် ပါးကလေးကိုဆွဲလိမ်ပစ်လိုက်ရင်း . . .

"ကဲပါ . . . ကဲပါ တော်ပါတော့နော် . . . မယ်မင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကလေးမရယ်၊ လူတိုင်း ကိုယ့်အယူအဆနဲ့ကိုယ် လွတ်လပ်စွာ တွေးခေါ်ခွင့်ရှိပါတယ်၊ ငါက ငါ့အယူအဆကိုပဲ ပြောပြတာပါ၊ နင်လက်ခံရမယ်လို့ မဆိုပါဘူး၊ ကဲ . . . ငါတို့ရွှေ့ကြစို့၊ မနက်ဖြန် မနက်ပိုင်း ငါ တိုက်ကိုအရင်မလာဘူးနော်၊ ဦးနေ့သစ်မိုးရဲ့ ရုံးကို တန်းသွားမှာ၊ သူနဲ့ အင်တာဗျူးပြီးမှ ငါ ရောက်မယ် သိလား၊ အယ့်ချုပ် သိပြီးသား"

"အိုကေ . . . ! ကံကောင်းပါစေ . . . သူငယ်ချင်း"

သုံးယောက်သား အသီးသီးနှုတ်ဆက်လမ်းခွဲကာ ပြန်ခဲ့ကြသည်။ မိုးနတ်က အဆောင်ဆီ ဘတ်(စ်)ကားနှင့် ပြန်ရသည်။ ကိုယ့်ဘဝကိုယ် . . . ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ကာ . . . ရည်ရွယ်ထားရာ ဘဝပန်းတိုင်အတွက် မိဘတွေနှင့်ခွဲပြီး တစ်ယောက်တည်း လှုပ်ရှားရုန်းကန်နေခြင်းအတွက် မိုးနတ် ဘယ်တုန်းကမှ နောင်တမရ။ တစ်ခါတစ်ရံ ဖေဖေနှင့်မေမေ့ကို အသည်းအသန်လွမ်းကာ အိမ်လွမ်းနာဝေဒနာကို ခံစားမိတာကလွဲပြီး ကိုယ့်တာဝန်ကိုယ် ယူရတာကို မိုးနတ် နှစ်သက်သည်။ ဖေဖေက ပြင်ဦးလွင်မှာ မြို့နယ်ဆရာဝန်ကြီးတစ်ယောက်မို့ မေမေက ဖေဖေနှင့်အတူ လိုက်နေပေးရ၊ အိမ်မှုကိစ္စရေးရာတွေနှင့်မို့





မအားလပ်နိုင်။ မိုးနတ်ကသာ စာပေးစာယူကျောင်းတစ်ဘက်နှင့်အတူ ဝါသနာစိတ်ထက်သန်ရာ Reporter အလုပ်ကို ရန်ကုန်အထိ ဆင်းပြီး ကြိုးစားလုပ်ကိုင်ရင်းကနေ နှစ်နှစ်အတွင်းမှာ အယ်ဒီတာချုပ်က သဘောကျစွာ အယ်ဒီတာအဖြစ်ပါ တိုးမြှင့်တာဝန်ပေးခဲ့သည်မို့ ဒီအလုပ်မှာပဲ စွဲမြဲပျော်ရွှင်နေတော့တာဖြစ်သည်။ အလုပ်ကနေ ခွင့်ရတဲ့အခါမှပဲ ပြင်ဦးလွင်ပြန်ကာ မိဘရင်ခွင်ပြန်ခိုလှုံရသည်။ ဒါတောင် အလုပ်တွေက တတန်းလန်းလန်း ပါလာတတ်စမြဲပါ။ ဘာပဲဖြစ်ဖြစ် ဒီအလုပ်ကို မိုးနတ်က ချစ်မြတ်နိုးလွန်း၊ ပျော်ရွှင်လွန်းတာမို့ အမြဲကျေနပ်တက်ကြွ ထက်သန်နေခဲ့သည်ချည်းပါ။ လူဆိုတာ ကိုယ်ရထားသော ဘဝတစ်ခုကို ကျေနပ်နေဖို့ ပျော်ရွှင်နေဖို့က အဓိက,မဟုတ်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com

"လူတစ်ယောက်ဟာ အမြင့်ကိုရောက်ဖို့အတွက် ဟိုး အောက်ခြေကနေ တစ်ထစ်ချင်း၊ တစ်လှမ်းချင်းတက်ရတာက ပိုအဓိပ္ပာယ်ရှိတယ်၊ သူ့ရဲ့အရည်အသွေးနဲ့ အောင်မြင်မှုကို ယုံကြည်တယ်ဆိုရင် သူ့ကို အချိန်တစ်ခုတော့ပေးပြီး စောင့်ပေးဖို့လိုတယ်၊ ကိုယ်ဟာ ဒီနေ့ ဒီတောင်ထိပ်မှာ ရပ်တည်နေနိုင်တာဟာ ဟိုး အောက်ခြေမြေပြင်ကနေတစ်လှမ်းချင်းမာပ်မနားဖွဲ့လုံ့လဝီရိယရှိစွာနဲ့ မှန်မှန်တက်ခဲ့လို့ပါ၊ မင်းဘဝမှာလည်း အောင်မြင်ချင်တယ်ဆိုရင် စ,လိုက်ပါ၊ ပထမဆုံးခြေလှမ်းက အရေးအကြီးဆုံးပါ၊ ဘယ်လောက်ခက်ခဲကြမ်းတမ်းပါစေ၊ အတွေ့အကြုံလို့ သဘောထားပြီး မာပ်မနားဆက်တက်ပါ၊ အဆုံးသတ်နိုင်ဖို့ ပန်းတိုင်တစ်ခုတော့ ရှိနေပါစေ၊ အဲဒီကိုရောက်အောင် သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦး၏ ရုံးချုပ်ရှိရာ TOWER ကြီးကို အောက်ကနေ မော့ကြည့်မိရုံဖြင့် မိုးနတ်က ရင်ခုန်တက်ကြွနေခဲ့ပြီ။ သူနှင့် အလွန်တွေ့ချင်ပါသည်။ သူ့ဘဝမှာ ဘာတွေဘယ်လောက် ရုန်းကန် အားထုတ်ခဲ့ရ၊ ရင်းနှီးပေးဆပ်ခဲ့ရသလဲဆိုတာတွေကို မေးချင်ခဲ့တာကြာပြီလေ။ သူ့အကြောင်း တစ်စွန်းတစ်စ သိထားခဲ့တာက သူဟာ ဒီလိုအောင်မြင်ချမ်းသာတဲ့ဘဝကို မျိုးရိုးစဉ်ဆက်ချမ်းသာကြွယ်ဝမှုဆီကနေ အမွေဆက်ခံပြီးရခဲ့တာမျိုးမဟုတ်ဘဲ လက်ထဲမှာ ဘာရင်းနှီးမြှုပ်နှံမှုမှမရှိဘဲ ဗလာသက်သက်သုညဘဝကနေ စတင်ခဲ့ရခြင်းဖြစ်ကြောင်း သိထားခဲ့ရခြင်းမို့ ပိုပြီးစိတ်ဝင်စားရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လှေကားကနေတက်ခဲ့ပြီး သူရုံးရှိရာ အထပ်ကို ရောက်လျှင် ခေတ်မီခမ်းနားစွာပြင်ဆင်ထားသော Reception နှင့် Lobby Area ကိုတွေ့ရသည်။ နံရံမှာ ကျောက်စီပန်းချီကားချပ်ကြီးများကို သူ့နေရာနှင့်သူ စနစ်တကျ ခင်းကျင်းပြင်ဆင်ထားသည်။

"ကျွန်မ FAME မဂ္ဂဇင်းက မိုးနတ်မဒီ . . . ပါ၊ ဦးနေ့သစ်နဲ့ ကိုးနာရီအတိမှာ အင်တာဗျူးလုပ်ဖို့ ချိန်းထားတယ်ရှင်"

Reception မှာ သတင်းပို့လိုက်ပြီး ဧည့်သည်စောင့်ရာ ဆက်တီဆိုဖာပေါ်မှာ ခဏထိုင်စောင့်ရသည်။ မကြာပါ။ မြန်မာဆန်ဆန် လှလှပပ ကြော့ကြော့မော့မော့ရှိလှသော ဦးနေ့သစ်၏ personal assistant ဟု ထင်ရလောက်သော မိန်းကလေးကိုယ်တိုင် မိုးနတ်ကိုထွက်ပြီး လာကြိုဖော်ရသည်။ နွေးထွေးချိုသာသော ဖော်ရွေပြုံးကလေးနှင့်မို့ စိတ်ချမ်းသာစရာ။ ဒါဟာ သူ့ရဲ့ အောင်မြင်စေတဲ့ အချက်တစ်ခုပဲလား။ ဝန်ထမ်းတွေကို အဆင့်အတန်းမြင့်မြင့် အုပ်ချုပ်ပုံသွင်းလေ့ကျင့်ပေးထားခြင်းဟာလည်း လုပ်ငန်းတစ်ခု အောင်မြင်ဖို့ အဓိက အားသာချက်တစ်ခုဖြစ်သည်ဟု မိုးနတ်ထင်ပါသည်။

"လာ . . . ညီမလေး၊ ဆရာက အဆင်သင့်ပဲ၊ ညီမလေး





ဘာသုံးဆောင်မလဲဟင်၊ အပူလား . . . အအေးလား"

"ရေအေးအေးလေးတစ်ခွက်ဆို ရပါပြီ မမ"

"ကောင်းပါပြီရှင်၊ ဝင်သွားလိုက်ပါနော်"

တံခါးကိုပါဆွဲဖွင့်ပေးထားရင်း မိုးနတ် အခန်းထဲ အပြည့်အဝ ဝင်ပြီးတော့မှ တံခါးကို ညင်ညင်သာသာ ပြန်ပိတ်ပေးသွားသည်။ အခန်းထဲမှာ မိုးနတ် မျှော်လင့်ထားသည်က ဧရာမလုပ်ငန်းရှင်သူဌေးတစ်ယောက်မို့ ကိန်းကြီးကိန်းခန်းနှင့် ထည်ထည်ဝါဝါ အနေအထားမျိုး။ တကယ်တမ်း မိုးနတ်ရင်ဆိုင်လိုက်ရသည်က လည်ပင်းမှာ စိန်ပွင့်ကလေးတပ်ထားသော ကော်လာကတုံးလက်ရှည်အဖြူနှင့် ချည်ထည်ပုဆိုး ရှားညိုရောင် ကတ္တီပါ အခင်းဖိနပ်နီညိုဝတ်ထားသော သန့်ပြန့်သားနားလွန်းသော လူတစ်ယောက်။ သူ့ကို အဝေးကနေသာ လှမ်းမြင်ဖူးခဲ့သည်။ အခုလို တစ်ခန်းတည်းမှာ နှစ်ယောက်တည်း ရင်ဆိုင်တွေ့ခွင့်ရတော့မှ နူးရှင်းကြည်လင်စွာ . . . ချောမောခန့်ညားသော အသက်လေးဆယ်လောက်ပဲရှိဦးမည့် လူရွယ်တစ်ယောက်မှန်း သိခွင့်ရပါသည်။ သူ့အပြုံးက နွေးထွေး သက်ဝင်လှပါသည်။ သူက ခမ်းနားသော ကျွန်းစားပွဲနောက်ရှိ လည်သာဆုံလည်မှာ ထိုင်နေခဲ့ခြင်းမဟုတ်။ မတ်တတ်ရပ်နေသော အနေအထားဖြင့် မိုးနတ် ဝင်အလာကို ဆော



www.burmeseclassic.com

www.burmeseclassic.com



ကြိုသော အနေအထားပုံစံမျိုး။ မိုးနတ်ကို မြင်လိုက်သည့်ခဏမှာ သူ့မျက်ခုံးများပင့်ချီသွားပြီး မျက်လုံးများ မိုးနတ်ဆီမှာ စူးခနဲစိုက်ကျသွားတာကို မိုးနတ်က လူတစ်ယောက်ကို မြင်မြင်ချင်း အကဲခတ်တတ်နေကျမို့ ရိပ်မိလိုက်ပါသည်။

"ကျွန်တော် နေ့သစ်မိုးပါ၊ FAME မဂ္ဂဇင်းက မမိုးနတ် မဒီပါနော်၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ဒီလောက် ငယ်လိမ့်မယ်လို့ ထင်မထားမိဘူးဗျ၊ အသက်ငယ်ငယ်နဲ့ FAME လို ဧရာမမဂ္ဂဇင်းကြီးတစ်ခုမှာ အယ်ဒီတာအဖြစ် တာဝန်ယူရထားတာကို ဂုဏ်ယူပါတယ်၊ ဒီဘက် ဧည့်ခန်းထဲမှာပဲ အေးအေးဆေးဆေး ပြောကြတာပေါ့၊ မေးချင်တာကို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပဲ မေးပါ၊ ကျွန်တော် အကောင်းဆုံးဖြေပေးသွားမှာပါ"

လူတစ်ယောက်ကို ဆက်ဆံဟန်က လေးစားမှုနှင့် ယဉ်ကျေးဖော်ရွေမှုအပြည့်မို့ မိုးနတ်တောင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုတွေ မြင့်မားသွားရသည်။ ဟန်လုပ်နေတာမျိုး မဟုတ်ဘဲ တကယ့်ကို နှစ်နှစ်ကာကာ အသက်ဝင်ဝင်ဖြစ်သည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မက ဦးနေ့သစ်မိုးနဲ့ အင်တာဗျူးရမယ်ဆိုတော့ အတော်လေး စိတ်လှုပ်ရှား





နေမိတာ၊ အခုလို အားပေးဖော်ရတဲ့အတွက် ကျေးဇူးပါရှင်"

မိုးနတ်က လွယ်လာသော လည်သာအိတ်ကြီးထဲမှ voice recorder နှင့် မေးခွန်းအချက်အလက်တွေကို မှန်စားပွဲလှလှကလေးပေါ်မှာ စီရရီကလေး စနစ်တကျတင်နေဆဲ သူက မှန်ကြည်ကြည် ပန်းအိုးရှည်ကလေးတစ်ခု စားပွဲပေါ်မှာ ဖျတ်ခနဲ လာချပြီး . . . မိုးနတ်ရှေ့မှာ သက်တောင့်သက်သာဟန်ဖြင့် လာထိုင်လိုက်သည်။ ပန်းအိုးကလေးထဲမှာ အနီရဲရဲ နှင်းဆီလှလှကလေးတစ်ပွင့်တည်း။ မိုးနတ်က သူ့ကို တစ်ချက် ပြုံးပြလိုက်ကာ . . .

"ကျွန်မတို့ အင်တာဗျူး စလိုက်ရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်း(၁) . . .

**ကလေးဘဝမှာကတည်းက အဖြစ်ချင်ဆုံး ဆန္ဒဆိုတာ ရှိခဲ့ပါသလားဟင် ...**

အဖြေ . . .

လူ့ဘဝမှာ 'အဖြစ်ချင်ဆုံး' ဆိုတဲ့အရာတွေဟာ . . . အရွယ်နဲ့လိုက်ပြီး ပြောင်းလဲနေတတ်တဲ့ သဘောရှိတယ်၊ ကျွန်တော် ဆယ်နှစ်အရွယ်တုန်းက လေယာဉ်ပျံတွေ မောင်းချင်နေခဲ့တာဟာ . . . ကျွန်တော့်ရဲ့ အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုပေါ့၊ ကျွန်တော် အသက်ဆယ့်ရှစ်နှစ်အရွယ်ကျတော့ မိန်းကလေးတစ်ယောက်ကို အရူးအမူး စွဲလန်းကိုးကွယ်နေခဲ့မိပြန်ရော၊ သူ့ကို ပိုင်ဆိုင်ဖို့အတွက် ကျွန်တော် ဘာပဲလုပ်ရလုပ်ရ လုပ်ချင်နေခဲ့မိတယ်၊ အဲဒီအချိန်မှာ အချစ်ဆိုတဲ့ အရာလောက် ကြီးကျယ်ခမ်းနားတဲ့ အဖြစ်ချင်ဆုံးဆန္ဒ ကျွန်တော့်ဘဝမှာ မရှိတော့ဘူး၊ ကျွန်တော် သူ့ကို အရမ်းချစ်ခဲ့တယ်၊ သူ့ကြောင့်ပဲ ကျွန်တော့်ဘဝ တစ်ခုလုံး ခုလိုပြောင်းလဲခဲ့တာလို့ ပြောရင်ရပါတယ်၊ အချစ်ဆိုတဲ့အရာရဲ့ တွန်းအားနဲ့ ချစ်သူကို ပိုင်ဆိုင်ခွင့်ရမယ်ဆိုတဲ့ မျှော်လင့်ရူးသွပ်မှုနဲ့ ကျွန်တော် အပြင်းအထန်၊ အသည်းအသန်





ကြိုးစားခဲ့တာပါ၊ ကျွန်တော့်ကို ရူးတယ်လို့ မထင်လိုက်ပါနဲ့၊ ကျွန်တော် တကယ်ရူးခဲ့တာပါ၊' အဲဒါတစ်ခုကိုတော့ လူငယ်တွေကို ကျွန်တော် ပြောပြချင်တယ်၊ အချစ်ကို ကိုးကွယ်လို့ရပါတယ်၊ ဒါပေမယ့် အဲဒီအချစ်ကြောင့် ကိုယ့်ဘဝ မြင့်မားတိုးတက်စေတဲ့ တွန်းအားတစ်ခုသာ ဖြစ်ပါစေ၊ အဲဒီအချစ်ကြောင့် ကိုယ့်ဘဝနိမ့်ကျနစ်မွန်းသွားမယ့် အဖြစ်မျိုး ဘယ်တော့မှ အဖြစ်မခံပါနဲ့လို့၊ ဘာဖြစ်လို့လဲဆိုတော့ အသက်သုံးဆယ်အရွယ်မှာ ကျွန်တော့်အတွက် အဖြစ်ချင်ဆုံး ဆန္ဒက ပြောင်းလဲသွားခဲ့ပြီ၊ ကျွန်တော့်ဘဝမှာ အောင်မြင်သူတစ်ယောက်ဖြစ်ချင်တယ်၊ စီးပွားဉစ္စာ ငွေကြေး စည်းစိမ်ဆိုတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေအရရော . . . ကိုယ့်ရဲ့ စိတ်ကို အောင်နိုင်သူအဖြစ်ရော အောင်မြင်ချင်တယ်၊ အဲဒါ အရေးကြီးဆုံးပဲ၊ အရေးကြီးတာ စိတ်ဓာတ်အင်အားပဲ၊ ဆုံးဖြတ်ချက်တွေ ပြတ်သားမှန်ကန်ဖို့လိုတယ်၊ အရာရာကို ရဲရင့်မှုတဖို့လိုတယ်၊ ဒါပဲ . . .၊ ကျွန်တော် လဲကျဖူးတာ အကြိမ်ကြိမ်ပဲ၊ ကျတိုင်း ချက်ချင်းပြန်ထဖို့ ကျွန်တော့်ကိုယ်ကျွန်တော် လေ့ကျင့်ပေးခဲ့တယ်၊ ကြာတော့ အကြီးကြီးလဲပြိုကျသွားတာကိုတောင် တော်ရုံတန်ရုံ ခလုတ်တစ်ခုတိုက်မိသလိုပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အပြီးမပျက်တော့ဘူး။ အခု အသက်လေးဆယ် အရွယ်မှာ ကျွန်တော် အဖြစ်ချင်ဆုံးဆန္ဒက ငြိမ်းချမ်းသွား ခဲ့ပြီ၊ ကျွန်တော် လိုချင်တာတွေလည်း ဆုံးရှုံးခဲ့ဖူးတယ်၊ မမျှော်လင့်တာတွေလည်း ရခဲ့ဖူးတယ်၊ အခုတော့ အဖြစ်ချင် ဆုံး၊ အလိုချင်ဆုံးဆိုတာတွေလည်း မရှိတော့သလို မလိုချင် တာ . . . မဖြစ်ချင်တာတွေလည်း မရှိတော့သလိုပဲ၊ မနက် ဖြန်အတွက် ကြိုတင်ပြင်ဆင်တယ်၊ ဒါပေမယ့် ဒီနေ့ကိုပဲ အကောင်းဆုံးဖြစ်အောင် နေထိုင်တယ်၊ ကျွန်တော့်အတွက် အဓိပ္ပါယ်အရှိဆုံးအရာဟာ ဒီနေ့အသက်ရှင်နေထိုင်ခွင့် ရခြင်းပဲ။

. . .





မေးခွန်း ၂ . . .

**အခုအချိန်မှာ လူတကာရဲ့ အားကျစံထားစရာပုဂ္ဂိုလ် တစ်ယောက်ဖြစ်လာဖို့အတွက် ပေးဆပ်ခဲ့ရတာတွေ၊ ရင်းနှီးမြှုပ်နှံခဲ့ရတာတွေ ရှုံးနိမ့်ခဲ့ဖူးတာတွေ ရုန်းကန် ဖောက်ထွက်ခဲ့ရတာတွေကို ပြန်ပြီး မျှဝေပေးနိုင်မလား ဟင်...**

အဖြေ . . .

ဒီဘဝကို ကျွန်တော် မျှော်လင့်ချက်ကြီးကြီးနဲ့ ရည်မှန်း ချက်ကြီးကြီးနဲ့ တည်ဆောက်ယူခဲ့တာပါ၊ ကျွန်တော့်ရဲ့ ကံကြမ္မာပေါ်မှာလည်း အများကြီးမူတည်ခဲ့သလို၊ စနစ် တကျတော့ ကြိုတင် စီစဉ်အကွက်ချခဲ့တာပါ၊ ဒီတံခါး ပေါက်ကနေ အခွင့်အလမ်းတွေပေါ်ပေါက်လာနိုင်တယ် ဆိုတဲ့ အတွေးနဲ့၊ ယုံကြည်ချက်နဲ့ အဲဒီတံခါးကြီးတစ်ချပ်ကို မတန်တဆ အင်အားတွေသုံးပြီး ကြိုးစားပမ်းစား ခက်ခက် ခဲခဲ တွန်းဖွင့်ခဲ့ရတာမျိုးပါ၊ အကယ်၍ ဒီတံခါးကြီး မဖွင့်ခဲ့ရင် နောက်ထပ်ဖွင့်နိုင်မယ့် ဒုတိယ တစ်ချပ်ကိုရှာဖွေဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကြိုတင်ပြင်ဆင်ထားပြီးသားပါ။ ပင်ပန်းဆင်းရဲခဲ့ဖူးပါတယ်။ ခေါင်းပုံဖြတ် ကုပ်သွေးစုပ်တာတွေလည်း ခံခဲ့ဖူးပါတယ်။ ဗိုလ်ကျ အနိုင်ကျင့်တာကိုလည်း ခံခဲ့ဖူးတယ်။ အလိမ်အညာတွေ ကလိမ်ကကျစ်တွေကိုလည်း ခံစားခဲ့ရဖူးတယ်။ ကျွန်တော်ရဲ့သော့ချက်က အရှုံးမပေးတာရယ်၊ ဇွဲရှိလွန်းတာရယ်နဲ့ . . . သတ္တိရှိလွန်းတာပါပဲ၊ အဲဒီ ကီးသုံးလက်နဲ့ စွန့်စားခန်းတွေအများကြီး ကျွန်တော် ရင်ဆိုင်ကျော်ဖြတ်ခဲ့ရတယ်၊ အဲဒါ ကျွန်တော့်ဘဝရဲ့ အောင်မြင်မှုသော့ချက်ပဲ။

♠ ♠ ♠





မေးခွန်း (၃) . . .

**ဒီမေးခွန်းကတော့ ကြိုတင်ပြင်ဆင်လာတဲ့အထဲမှာ မပါဘဲ ကျွန်မ,သိချင်လို့ မေးလိုက်ပြီး ကြားဖြတ်မေးချင် တဲ့မေးခွန်းပါ၊ ခုနက ဦးနေသစ်မိုး ဖြေသွားခဲ့တယ်လေ၊ မိန်းကလေး တစ်ယောက်ကို ဦးရဲ့ဘဝမှာ အရှုံးအမှုး ကိုးကွယ်ခဲ့လမ်း- ခဲ့ဖူးတယ်ဆိုတာလေ၊ 'အချစ်' ဆိုတာ လူတစ်ယောက်ရဲ့ဘဝမှာ အစိတ်အပိုင်းတစ်ခု၊ အခန်း ကဏ္ဍတစ်ခု အဖြစ်ပဲ ရှိသင့်သလား၊ ဘဝတစ်ခုလုံး ပုံအောပေးဆပ်မြှုပ်နှံလိုက်ဖို့ လိုအပ်သလား၊ ခုချိန်ထိ ရော အဲဒီအချစ်က ဦးရဲ့ရင်ထဲမှာ စွဲမြဲကျန်နေတုန်းပဲ လားဆိုတာပါ ...**

အဖြေ . . . (ဒီအဖြေကို မဖြေခင် သူက မိုးနတ်ကို မိနစ်ပိုင်းလောက်မျှကြာအောင် စိုက်ငေးကြည့်ပြီး လေးလေးနက်နက်ပြုံးနေခဲ့ပါသည်။)

"ကဲ . . . ဒီတစ်ခါ ခင်ဗျားကို တစ်လှည့်ပြန်မေးချင်သေးတယ်၊ လူတစ်ယောက်ကို အခွင့်အရေးတစ်ခု ပေးဖူးသလား၊ သူ့ကို ယုံကြည်စိတ်ချစွာနဲ့ သူ ပြန်လာတဲ့အထိ စောင့်နေပါမယ်ဆိုတဲ့ ကတိတစ်ခုနဲ့လေ"

သူ့အသံက နက်နဲလွန်းသဖြင့် မိုးနတ် အဖြေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခက်သွားပါသည်။ သူ မိုးနတ်ဆီက ဘယ်လိုအဖြေမျိုးကို လိုချင်တာပါလိမ့်။ ဒါပေမယ့် မိုးနတ်၏ အတွေ့အကြုံအရဆိုရင်တော့ ဒီမေးခွန်းကို ဖြေဖို့ လွယ်လွယ်ကလေးပဲ။ မိုးနတ် သူ့ကို ရင်ဆိုင်ကြည့်ပြီး ခေါင်းခါပြလိုက်သည်။

"ဟင့်အင်း . . .၊ ကျွန်မဘဝမှာ အဲဒီလိုမျိုး ကတိနဲ့ ချည်နှောင်ဖို့ လူတစ်ယောက် ပေါ်ကို ပေါ်မလာသေးတာပါ"

မိုးနတ် အဖြေအတွက် သူက အားပါးတရ ပြုံးပါသည်။

"ထားလိုက်ပါတော့လေ၊ ခင်ဗျားမဖြေနိုင်မယ့် မေးခွန်းမျိုးနဲ့ မနှိပ်စက်တော့ပါဘူး၊ ကဲ . . ကျွန်တော်ပဲ ဖြေတော့မယ်၊ အချစ်ဆိုတာ ကျွန်တော့်ဘဝမှာ အစိတ်အပိုင်းတစ်ခု၊ အခန်းကဏ္ဍကလေးတစ်ခုတော့ မဟုတ်ခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အချစ်တစ်ခုတည်းအတွက် ကျွန်တော့်ဘဝတစ်ခုလုံးကို ပုံအော လောင်းကြေးထပ်ပြီး စိန်ခေါ်ခဲ့တာကိုး၊ အချစ်က ကျွန်တော် ကြိုးစားအားထုတ်ခဲ့သမျှအတွက် တွန်းအားဖြစ်ခဲ့တယ်၊ ကျွန်တော် အခြေအနေတစ်ခု ရောက်တဲ့အခါ သူ့ကို 'စောင့်နေပါ'လို့ ပြောထားခဲ့တဲ့ အချိန်တစ်ခုရောက်တဲ့အခါ . . . ကျွန်တော် သူ့ရှိရာဆီ





မျှော်လင့်ချက်တွေ ရင်ဘတ်နဲ့တစ်လုံး အပြည့် သယ်ပိုးပြီး ရောက်သွားခဲ့တယ်၊ ကဲ . . . ဘာတွေ ဆက်ဖြစ်တယ်လို့ ခင်ဗျားထင်သလဲ၊ သူ ကျွန်တော့်ကို မစောင့်ခဲ့ပါဘူး၊ ကျွန်တော့်ကို ပေးထားခဲ့တဲ့ အခွင့်အရေးကို သူ့ဘဝနဲ့ မလဲနိုင်ဘူးဆိုပြီး သူ့သဘောနဲ့သူ ပြန်ရုတ်သိမ်းသွားခဲ့တယ်၊ ဒါပါပဲ၊ အဲဒီအချိန်ကစပြီး ကျွန်တော် အတိတ်မေ့ရောဂါ စွဲကပ်သွားတော့တာ၊ အဲဒီတော့ ခုချိန်ထိ အဲဒီအချစ်က ရင်ထဲ စွဲမြဲတုန်းပဲလားဆိုတဲ့ မေးခွန်းအတွက် ကျွန်တော့်မှာ အဖြေမရှိတော့ဘူးလေ၊ ကျွန်တော့် နှလုံးသားတ အသက်ဆယ့်ရှစ်နှစ်ကနေ နှစ်ဆယ်အတွင်းမှာ အပြင်းထန်ဆုံး အတက်ကြွဆုံး ရှင်သန်ကြီးထွားနေခဲ့ပြီး အသက်နှစ်ဆယ်နောက်ပိုင်းကစပြီး ဆက်မဖွံ့ဖြိုးတော့ဘူးလို့ ပြောရမယ်ထင်ပါရဲ့၊ အဲဒီမှာပဲ ရပ်တန့်သွားခဲ့တာ၊ အပြီးသတ် သေဆုံးသွားတာမျိုးလည်းမဟုတ်ဘူး၊ နှစ်ပေါင်း ၂၀လောက် COMA ဝင်နေတဲ့နှလုံးသားပေါ့လေ၊ ခုချိန်ထိ မနိုးသေးဘူးဆိုပါတော့၊ တဖန်ပြန်၍ မနိုးသောဝေဒနာလို့ တင်စားရမယ် ထင်တယ်နော်"

အဖြေအဆုံးမှာ သူ အားပါးတရ ပြုံးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်း (၄) . . .

**ဘဝမှာ စိတ်ဓာတ်ကျမိတဲ့ တစ်ခါတစ်လေတော့ လူတိုင်း ရင်ဆိုင်ဖူးမှာပါ၊ အဲဒီအခါ ကိုယ့်ရဲ့စိတ်ကို ဘယ်လိုအရာမျိုးနဲ့ ပြန်ပြီး မြှင့်တင်ဆွဲခေါ်ဖို့ကြိုးစားပါ သလဲဟင် ...**

အဖြေ . . .

ကျွန်တော်လည်း လူတစ်ယောက်ပါ၊ မျှော်လင့်ထားတဲ့ အတိုင်း ဖြစ်မလာတဲ့အခါ . . . ဆုံးရှုံးရတာတွေ ရင်ဆိုင် ရတဲ့အခါ စိတ်ဓာတ်ကျတတ်ပါတယ်၊ ဘာမှ ဆက်ပြီး မလုပ်ချင်၊ မကိုင်ချင်တော့လောက်အောင် စိတ်ဓာတ် ကျလာတဲ့အခါ လက်ရှိဘဝအနေအထား၊ အခြေအနေ တစ်ခုကို လုံးဝမေ့ထားလိုက်ပြီး ကျွန်တော် ခရီးထွက်ပါ တယ်၊ ဘယ်လိုနေရာမျိုးတွေလဲဆိုတော့ ဘဝမှာ ကိုးကွယ်ရာ မဲ့ ကူကယ်ရာမဲ့ ဖြစ်နေတဲ့ဘဝတွေ၊ မျှော်လင့်ချက် လုံးဝ ကုန်ဆုံးနေတဲ့ ဘဝမျိုးတွေကနေ ကြိုးစားရုန်းကန်နေတဲ့ သူတွေ အကူအညီလိုအပ်နေတဲ့ နေရာတွေ အဲဒီနေရာတွေ ကို သွားတယ်၊ ကိုယ် ဘယ်သူလဲ ဘာလဲဆိုတာကို လုံးဝ မေ့ပျောက်ထားပြီး သူတို့နဲ့ တသားတည်း ထဲထဲဝင်ဝင်ဖြစ်





အောင် နေကြည့်တယ်၊ သူတို့နဲ့ စကားတွေပြောတယ်၊ သူတို့ဘဝမှာ အလိုချင်ဆုံး၊ အမျှော်လင့်ဆုံးအရာက ဘာ များဖြစ်မလဲဆိုတာ စုံစမ်းတယ်၊ ပြီးရင် အဲဒီလိုအပ်ချက်ကို သူတို့အတွက် ဘယ်သူက ဖြည့်ဆည်းပေးလိုက်မှန်းတောင် သူတို့မသိစေရဘဲ လျှို့ဝှက်စွာ ဖြည့်ဆည်းကူညီပေးလိုက် တယ်၊ သူတို့ အရမ်း အံ့အားသင့်ပျော်ရွှင်သွားကြတဲ့ မျက်နှာ တွေ ခံစားချက်တွေကို ကိုယ်ကြည့်ပြီး ပီတိစားသုံးတယ်၊ အချိန်တန်လို့ ကိုယ့်ဘဝထဲကိုယ်ပြန်လာတဲ့အခါ စိတ်ဓာတ် ကျနေတာတွေ ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး၊ လူအသစ် ပြန်ဖြစ်လာတယ်၊ လန်းဆန်း တက်ကြွလာတယ်၊ ကိုယ့်ထက်ဆိုးတဲ့ ဘဝတွေကို တရင်းတနှီး သိလာတော့ ကိုယ့်ရဲ့ဆုံးရှုံးမှုကလေးက သူတို့ဘဝတွေနဲ့ နှိုင်းစာရင် ဘာမှမပြောပလောက်တော့ဘူးလေ . . .



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်း (၅) . . .

**ဦးနှေသစ်မိုး အမြဲတမ်းနှလုံးသွင်းထားတတ်တဲ့ ဆောင်ပုဒ်တစ်ခုလောက် ... လူငယ်တွေအတွက် ပြောပြပေးစေချင်ပါတယ် ...**

အဖြေ . . .

ဘာပဲလုပ်လုပ်အကောင်းဆုံးနဲ့ ကိုယ့်ဘက်က အစွမ်းကုန်အားထည့်ပြီးတော့ လုပ်ပါ၊ အများကြီးမျှော်လင့်မထားနဲ့၊ တစ်ဆင့်ချင်းတစ်လှမ်းချင်း ခပ်စိပ်စိပ်တက်၊ တစ်ချိန်မှာ ကိုယ် မျှော်လင့်မထားတဲ့အမြင့်တစ်နေရာကို ရောက်နေလိမ့်မယ်၊ အရေးကြီးတာက ဘယ်တော့မှ မရပ်လိုက်ဖို့ပဲ၊ ဘယ်တော့မှ အရှုံးမပေးနဲ့၊ လဲကျတိုင်း ပြန်ထ၊ မှားမှာမကြောက်နဲ့၊ အမှားကပဲ သင်ပေးသွားလိမ့်မယ် . . .





မေးခွန်း (၆) . . .

**အမြဲတမ်းဖတ်လေ့ရှိတဲ့ စာအုပ်တစ်အုပ် ...**

အဖြေ . . .

ဒေးလ်ကာနယ်ဂျီရဲ့ How to win friends and influence people



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်း (၇) . . .

**လူ့ဘဝရဲ့အနှစ်သာရအရှိဆုံးလို့ ခံယူထားတဲ့ အရာ...**

အဖြေ . . .

ကိုယ့်ကိုယ်ကို လေးစားကိုးကွယ်တဲ့ စိတ် . . . ကျွန်တော်ဟာ ကျွန်တော့်ရဲ့ သူရဲကောင်းလည်း ဖြစ်တယ်၊ ကျွန်တော့်ရဲ့ ပြိုင်ဘက်လည်းဖြစ်တယ်၊ အဲဒီလိုဖြစ်အောင်လည်း ကျွန်တော့်ကိုယ်ကျွန်တော် တည်ဆောက်မြှင့်တင်ဖို့ ကြိုးစားနေရတာကိုက လူ့ဘဝရဲ့ အနှစ်သာရပဲ . . .





မေးခွန်း (၈) . . .

**ဘဝမှာ ဘယ်တော့မှ မမေ့နိုင်တော့အောင် အမြဲတမ်း သတိရတမ်းတနေမိတတ်တဲ့အလွှမ်းမိုးဆုံးပုံရိပ် တစ်ခုလောက် ပြောပြပေးပါ ...**

အဖြေ . . .

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက ကာလတစ်ခုဆီမှာ ကျွန်တော့်ဘဝရဲ့မေ့မရနိုင်တဲ့ အမှတ်တရတွေ ကိန်းဝပ်နေခဲ့တယ်၊ အဲဒီထဲမှာမှ ကျွန်တော်ပြန်အလာကို စောင့်မျှော်နေမယ့် မျက်နှာလေးတစ်ခုက အလွှမ်းမိုးဆုံးပုံရိပ်တစ်ခု ဖြစ်မယ်ထင်ပါရဲ့ . .

ထိုအဖြေကို ဖြေပြီးချိန်မှာ သူက နာရီကို လှမ်းကြည့်ပါသည်။ အချိန်က တစ်နာရီကိုတော်တော်ကျွန်းနေပြီ။ သူ မိုးနတ်ကိုပေးထားတာ တစ်နာရီအတိပဲမို့ သူ့ကိုအားနာစွာဖြင့် အင်တာဗျူးကို လက်စ,သတ်လိုက်ရသည်။

"ခုလိုဖြေပေးတာ ကျေးဇူးအရမ်းတင်ပါတယ် ဦးနေ့သစ် မိုး၊ စာအုပ်ထွက်တာနဲ့ ကျွန်မကိုယ်တိုင် လာပို့ပေးပါမယ်၊ မာတ်ပုံကလေး နည်းနည်း ရိုက်ပါရစေနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရိုက်နိုင်ပါတယ်ဗျာ"

မိုးနတ်က ကင်မရာကလေး ခပ်သွက်သွက်ထုတ်ယူပြီး သူ့ပုံတွေကိုသွက်သွက်လက်လက် ရိုက်ယူလိုက်ပါသည်။ သူက မိုးနတ်၏ လှုပ်ရှားမှုမှန်သမျှကို အသေးစိတ်အကဲခတ်စောင့်ကြည့် နေသလိုပဲဟု စိတ်ထဲမှာခံစားရပါသည်။ တစ်ချက်တစ်ချက်မှာ သူ မိုးနတ်ကို ခပ်ကြာကြာစိုက်ကြည့်နေတတ်သည်။ ထိုအကြည့် သည် သာမန်ကာလျှံကာမျိုးမဟုတ်။ တစ်ခုခု ပါဝင်နေသည် . . . ဟု ဘာကြောင့်မှား မိုးနတ် ခံစားမိပါလိမ့်။

ဓာတ်ပုံတွေရိုက်ယူပြီးချိန်မှာ သူက နာရီကိုထပ်ကြည့်တာကို မြင်ရပြန်သည်မို့ မိုးနတ် တော်တော်အားနာသွားမိသည်။ တန်ဖိုးရှိလှသော သူ့ရဲ့အချိန်တွေကို မိုးနတ်က မသိတတ်စွာနဲ့ ခိုးယူသလိုဖြစ်နေပြီဟု ခံစားမိသောကြောင့်ဖြစ်သည်။

"ဦးနေ့သစ်မိုးရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို ခုလိုဖဲ့ယူမိတာအတွက် ဆောရီးပါရှင်၊ ကျွန်မ တကယ်ပြန်ပါပြီ"

"ကျွန်တော် နာရီကြည့်မိလို့လား၊ အဲဒါက အကျင့်ပါနေလို့ပါ၊ အခု ကျွန်တော်က မိုးနတ်မဒီဆီက တစ်လှည့်အချိန်ပြန်တောင်းမလို့၊ နာရီဝက်လောက် ကျွန်တော့်ကိုအချိန်ပေးနိုင်မလား မိုးနတ်မဒီ"





"ရပါတယ် ဦးနေ့သစ်မိုး၊ ဒီကနေ ပြန်ရင် တိုက်ကိုတန်းပြီးသွားရုံပါ၊ ဦးနေ့သစ်မိုးဆီမှာ အချိန် နည်းနည်း ပိုကြာမိတဲ့အတွက် အယ်ဒီတာချုပ်က ကျွန်မကို ဆူမယ်မထင်ပါဘူး"

"ဒါဆို ဒိုကေပေါ့၊ ဒီတစ်ခါ ကိုယ် (ကိုယ်လို့ပဲသုံးတော့မယ်နော်၊ အဲဒါ ပိုကောင်းသလိုပဲ . . . ) ဒီတစ်ခါ ကိုယ့်အလှည့်ပေါ့၊ ကိုယ်က မင်းကိုပြန်မေးချင်တာပါ"

မိုးနတ်၏ ကိုယ်ခန္ဓာကလေး ဆတ်ဆတ်မတ်မတ်ဖြစ်သွားရလျက် သူနှင့်မျက်နှာလုံးချင်းဆိုင်ကာ ကြည့်မိသည်။ သူ့မျက်ဝန်းတွေက တကယ့်ကို အလေးအနက် စူးစူးရှရှ ရှိလှသည်။

"မေးပါ . . . ဦးနေ့သစ်မိုး၊ ကျွန်မ အတတ်နိုင်ဆုံးဖြေပါ့မယ်"

"မင်းရဲ့ဘဝမှာ အဖြစ်ချင်ဆုံးဆန္ဒက ဘာလဲ၊ ကိုယ့်ကိုပြောပြနိုင်မလား"

ဗိုး။ သူဘာဖြစ်လို့ ဒီမေးခွန်းကို မေးတာပါလိမ့်။ မိုးနတ်အတွက်အဖြေကတော့ အဆင်သင့်ရှိပြီးသားပါ။

"ကျွန်မရဲ့ အဖြစ်ချင်ဆုံးဆန္ဒက စာတွေရေးချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမတစ်ယောက်အဖြစ် အောင်မြင်တဲ့အထိ ကြိုးစားချင်တယ်၊ ကိုယ်ပိုင် မဂ္ဂဇင်း၊ ဂျာနယ်တိုက်တစ်ခု ထူထောင်ချင်တယ်၊ အဲဒါ ကျွန်မရဲ့ ပန်းတိုင်ပါ"

သူ့အပြုံးက ကျေနပ်နှစ်သိမ့်စွာပြုံးသော အပြုံးမျိုး။ "အဲဒါဆို ကိုယ်ကမင်းအတွက် စကားလက်ဆောင်တစ်ခု ပေးလိုက်ချင်တယ်၊ လူတစ်ယောက်ဟာ အမြင့်ကို ရောက်ဖို့ အတွက် ဟိုးအောက်ခြေကနေ တစ်ထစ်ချင်း တစ်လှမ်းချင်း တက်ရတာက ပိုအဓိပ္ပာယ်ရှိတယ်၊ သူ့ရဲ့ အရည်အသွေးနဲ့ အောင်မြင်မှုကို ယုံကြည်တယ်ဆိုရင် သူ့ကို အချိန်တစ်ခု တော့ပေးပြီး စောင့်ပေးဖို့လိုပါတယ်၊ ကိုယ်ဟာ ဒီနေ့ ဒီ တောင်ထိပ်မှာ ရပ်တည်နေနိုင်တာဟာ ဟိုးအောက်ခြေ မြေပြင်ကနေ တစ်လှမ်းချင်း၊ မရပ်မနား ဇွဲလုံ့လဝီရိယရှိစွာနဲ့ မှန်မှန်တက်ခဲ့လို့ပါ၊ မင်းဘဝမှာလည်း အောင်မြင်ချင်တယ် ဆိုရင် စ,လိုက်ပါ၊ ပထမဆုံးခြေလှမ်းက အရေးကြီးဆုံးပါ၊ ဘယ်လောက်ပဲခက်ခဲကြမ်းတမ်းပါစေ၊ အတွေ့အကြုံလို့ သဘောထားပြီး၊ မရပ်မနား ဆက်တက်ပါ၊ အဆုံးသတ်နိုင်ဖို့ ပန်းတိုင်တစ်ခုတော့ ရှိနေပါစေ၊ အဲဒီကို ရောက်အောင်သွားပါ"





သူ့စကားတွေက မိုးနတ်အတွက် အားဆေးကို သွေးကြောထဲကနေ IV ထိုးသွင်းပေးလိုက်သလို ချက်ချင်း လျှင်မြန်စွာ ပျံ့နှံ့စီးဝင်လာခဲ့သည်။ လူဆိုတာ ကိုယ်လေးစားအထင်ကြီးမှု အခံရှိပြီးသားလူတစ်ယောက်ဆီက စကားမျိုးဆို မမေ့ဖို့ စွဲမြဲနေဖို့ လွယ်ကူလွန်းတယ်မဟုတ်လား။

"အဲဒီ စကားလက်ဆောင်က ကျွန်မအတွက် တန်ဖိုး အရှိဆုံး ပါ ဦးနေ့သစ်မိုး၊ ကျွန်မ ရင်ဘတ်ထဲမှာ သေသေချာချာ သိမ်းထားပြီး လိုအပ်တိုင်း ထုတ်သုံးပါ့မယ်"

သူက လက်ညှိုးတစ်ချောင်းထောင်ကာ . . .

"ဒုတိယမေးခွန်းတစ်ခု . . .၊ မင်း . . . ရတနာတွေ ကြိုက်တတ်သလား၊ မိန်းကလေးနှစ်မျိုးရှိတယ်လေ၊ တစ်မျိုးက ဆွဲဆောင်ဖို့အင်မတန်လွယ်ကူတယ်၊ ရတနာတွေနဲ့ ဆွဲဆောင်လို့ရတယ်၊ ခင်မင်ရင်းနှီးမှုအတွက်ကိုပြောတာနော်၊ နောက်တစ်မျိုးက ရတနာကို ကြိုက်ကိုမကြိုက်တာ၊ ဘယ်ရတနာမှ သူ့ကို မတိုးတာ၊ အဲဒီမိန်းကလေးမျိုးကတော့ ရှားပါတယ်လေ"

မိုးနတ်သည် ဒီတစ်ခါတော့ သဘောကျလွန်းသဖြင့် အသံထွက်၍ ရယ်မောမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက အဲဒီရှားရှားပါးပါး ဒုတိယမိန်းကလေးမျိုး ပါ. . . ဦးနေ့သစ်မိုး၊ ရတနာဆိုလို့ ဘာမှကို မဝတ်မစား တတ်တာကိုပဲကြည့်၊ သေချာတာကတော့ ဦးနေ့သစ်မိုးရဲ့ ရတနာဆိုင်တွေကနေ အားပေးဖို့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ သူမျိုးပေါ့"

"ဒီလောက်သိရရင် ကျေနပ်ပါပြီ မိုးနတ်မဒီ၊ ကိုယ်တို့ ပြန်ဆုံကြသေးတာပေါ့"

"ဟုတ်ကဲ့ . . . မင်္ဂလာဆောင်ထွက်တာနဲ့ ကျွန်မ လာပို့ပါ့မယ်နော်၊ အားလုံးအတွက်ကျေးဇူးတင်ပါတယ် ဦးနေ့သစ်မိုး"

"ကြိုဆိုပါတယ် မိုးနတ်မဒီ"

❦ ❦ ❦



# အခန်း - ၂





www.burmeseclassic.com

www.burmeseclassic.com

အတိတ်ဆိုတာ ကိုယ်နဲ့ ဘယ်လိုမှ မပတ်သက်တော့ပေမယ့်
အမှတ်တရဖြစ်ရပ်တွေဟာ ဓာတ်ပြားချပ်ထဲမှာ စနစ်တကျ ထည့်
သိမ်းဆည်းထားမိတဲ့ရုပ်ရှင်ကားဟောင်းတွေလိုပဲ...ပြန်ဖွင့်ကြည့်မိတိုင်း
လွမ်းမောတမ်းတဖို့လောက်တော့ သက်ဆိုင်ပါသေးတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၂

သေချာတာကတော့ သူမ ပြန်သွားချိန်မှာ သူ့ တစ်ကိုယ်လုံး ဆွဲခါကိုင်လှုပ်ခံလိုက်ရသလိုပဲ အကြာကြီး မေ့မော အိပ်စက်နေရာ ကနေ ဖြုန်းခနဲပြန်လည်နိုးထသက်ဝင် လှုပ်ရှားလာခဲ့ခြင်းဖြစ်သည်။ သူကိုယ်တိုင် လွန်ခဲ့သော အနှစ်နှစ်ဆယ်တုန်းက အရွယ် လောက်ထိ ပြန်ငယ်သွားကာ သူ့ရဲ့ မယ်ထိန်ငြိုးကို အတိတ်ကာလ ထဲကနေ ပြန်ရှာဖွေတွေ့လိုက်မိသလို ခံစားရခြင်းမျိုး ဖြစ်သည်။ လက်ရှိ သူ့ရဲ့အသက်အရွယ် . . . သူရောက်နေသော ဘဝအဆင့် အတန်း . . . သူပိုင်ဆိုင်ထားသော အခြေအနေတွေ အားလုံးကို သူ ခဏ ပြန်မေ့သွားကာ သူ့ကိုယ်သူ အသက်နှစ်ဆယ် အရွယ် နေ့သစ်မိုး ပြန်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ပျားရည်မြစ်တစ်စင်းထဲက
## ပဥ္စလက်နှင်းဆီ

အဲဒီအချိန်တုန်းက သူ့ဘဝမှာ သိပ်ချစ်ရလွန်းသော ငယ်ပေါင်းငယ်ဖော် သူငယ်ချင်းနှစ်ယောက်ပဲရှိခဲ့သည်။ တစ်ရပ်ကွက်တည်းနေ . . . တစ်လမ်းတည်းမှာမှ အိမ်နီးချင်းတွေလည်းဖြစ်တာမို့ မနက်မိုးလင်း မျက်လုံးနှစ်လုံးပွင့်တာနှင့် သူတို့တွေ့ကြပြီး ညအိပ်ခါနီး မျက်လုံးတွေပိတ်မှပဲ သူတို့ခွဲကြသည်။ ကျောင်းသွားတော့လည်းအတူတူ၊ တစ်တန်းတည်း၊ ကျောင်းပိတ်ရင်လည်း သုံးယောက်သား လမ်းပေါ်မှာချည်း။ တစ်ယောက်နှင့်တစ်ယောက်လည်း သံယောဇဉ်ကြီးလွန်းကြပါသည်။ ယောကျ်ားလေးနှစ်ယောက်ကြားမှာ မယ်ထိန်ငြိးက မိန်းကလေးတန်မဲ့ လန်းလန်းလန်းလန်းနှင့် အမြဲတမ်းပါသည်။ ယောကျ်ားလေးတို့ တတ်အပ်သော အထာရသင့်တွေ အကုန် သူမ တတ်သည်။ အပျိုအရွယ်ကလေး ရောက်လာသည့်တိုင် သူမက ဟိုးငယ်ငယ်ကအတိုင်း မပြောင်းလဲလာခဲ့။ ပြောင်းလဲသွားတာက လင်းလွန်း ဖြစ်သည်။ သူက ရည်မှန်းချက်ကြီးသည်။ ဌဲရော၊ လုံ့လရော . . . ဝီရိယပါ အကုန်ရှိသည်။ ဆယ်တန်းကို ဂုဏ်ထူးခြောက်ဘာသာစလုံးနှင့် အောင်မြင်ဖို့အရေး သူတို့နှစ်ယောက်နှင့် ခပ်တန်းတန်း ဖြစ်သွားခဲ့သည်အထိ စာမှစာ စာကြမ်းပိုး လုပ်သွားခဲ့တော့ သူနှင့်သူမက နှစ်ကိုယ့်တစ်စိတ် ပိုနီးကပ်သွားကာ တေဖော်လေဖက်တွေ ဖြစ်





လာခဲ့သည်။

"ဒီကောင်ကတော့ ဆရာဝန်ပဲဖြစ်မှာ၊ နင်ကရော ဘာဖြစ်ချင်တာလဲ . . . မယ်"

ဟု သူမေးတော့ သူမက ခေါင်းကလေးကို မော့လှန်ကာ အားပါးတရရယ်ရင်း . . .

"ငါလား၊ စာရေးချင်တာ၊ စာရေးဆရာမဖြစ်ချင်တာ ဟ"

ဟု ဆိုသည်။ နှစ်ယောက်သား ဈေးထဲကစာအုပ်ဆိုင်မှာ မဂ္ဂဇင်းတွေ၊ ဝတ္ထုအသစ်ထွက်သမျှရော၊ အဟောင်းတွေပါမကျန် မွှေနှောက်ရှာဖွေပြီး ခွေးခြေခုံပုကလေးတွေကိုယ်စီနှင့် စာတွေ ထိုင်ဖတ်ရသောအရသာကို ဘယ်အရာနှင့်မှ မလဲနိုင်လောက်အောင် မက်မောစွဲလန်းလွန်းသည်။ သူမက စိတ်ကူးတွေယဉ်ကာ သူမ ရေးမည့်ဇာတ်လမ်းတွေ ပြောပြောပြတိုင်း သူမှာ မညည်းညူစတမ်း နားထောင်ရစမြဲ။ သူမ ရေးသော ကဗျာကလေးတွေ၊ ဝတ္ထုတိုတွေကို မဂ္ဂဇင်းတိုက်တွေဆီ သွားပို့မည်ဆိုတိုင်း သူ မပါလို့ မဖြစ်။ နေပူပူ၊ မိုးရွာရွာ၊ ဘယ်လောက်ပဲ ဝေးဝေး ဘတ်(စ်)ကားတိုးစီးပြီး လမ်းတွေ လျှောက်ပြီး သွားပို့ကြ သည်။ လမ်းဘေးမှာ မုန့်ဟင်းခါး ထိုင်စားကြသည်။ သူမ သွားချင်သမျှ နေရာအကုန် သူ ပြေးငွေ့စတမ်း လိုက်ပို့ပေးရသည်။ သူမဆီမှာ ဒူးခေါက်ခွက်အထိ



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားသော ဆံပင်ရှည်ရှည် နက်နက်ထူထူကြီးတွေကို သူ အမြတ်နိုးဆုံး။ တစ်ခါတစ်ရံ စိတ်လို လက်ရစွာဖြင့် ထိုဆံပင်ကြီးကို စနစ်တကျဖြီးသင်ပေးပြီး ကျစ်ဆံမြီး ရှည်ရှည်နှစ်ချောင်းကို လက်ညောင်းတဲ့အထိ ကျစ်ပေးရတာကို သူ ဘယ်လို မက်မောသာယာခဲ့မိမှန်းမသိချေ။ သူမကလည်း ကျေကျေနပ်နပ် ငြိမ်သက်စွာခံယူတတ်သည်။ သူမ ခိုင်းတာမှန်သမျှ သူ ဘယ်တော့မှ မငြင်းတတ်။ နှစ်ယောက်အတူ တတွဲတွဲ ပူးတွဲလွန်းသဖြင့် လူတွေကတောင် သူတို့နှစ်ယောက်ကို သမီးရည်း စားတွေလား ဟု သံသယဖြစ်ကြသည်။ သူမကတော့ ရယ်မောချိုမြွှင်စွာပင် . . .

"သူငယ်ချင်းတွေရှင့် . . ."

ဟု မရိုးစတမ်း ပြန်ရှင်းပြတတ်မြဲ။ သူကတော့ သူမကို တစ်နေ့တစ်ခြား ပိုပိုတိုး၍သာ စွဲလမ်းမက်မောလာခဲ့သည်မှာ သူ့ဘဝတစ်ခုလုံး သူမတစ်ယောက်တည်းအတွက်ဟု ပြောလို့တောင်ရတဲ့အထိ။ သူမ မျက်နှာကလေးကိုသာ ထိုင်ပြီး ငေးကြည့်နေရမည်ဆိုလျှင် ထမင်းမေ့ဟင်းမေ့။ သူမ စကားမှန်သမျှကို သူ့အတွက် နားထောင်စရာ၊ အလေးအနက်အတည်ပြုစရာ အဖြစ်သာ ခံယူနားလည်ခဲ့သည်။ သူမ၏ခံစားချက်တွေကို သူ အမြဲအလွတ်ရနေခဲ့သည်။ သူမ၏မျက်လုံးကလေးတွေကို ဖတ်လိုက်ရုံဖြင့် သူမ





ဘာလိုချင်တယ်ဆိုတာကို သူ တန်းခနဲ သိသည်အထိ သူမကို သူ ကိုးကွယ်စွဲလန်းခဲ့ခြင်းဖြစ်သည်။ သူမနှင့် သူက တစ်ယောက်နှင့်တစ်ယောက် ပြောမနာ၊ ဆိုမနာ နောက်ပြောင်ကျီစယ်တတ်သည်။ သူမ နေမကောင်းတဲ့အခါ သူမအခန်းထဲဝင်ပြီး သူမကို ဝတ္ထုဖတ်ပြရတာမျိုး၊ သူမ၏မီးဖိုချောင်ထဲဝင်ပြီး သူမအကြိုက် ငါးဆန်ပြုတ် မွှေးမွှေးချိုချိုကလေးနှင့် အီကြာကွေးကို ကိုယ်တိုင်လုပ်ပေးရတာမျိုး၊ သူမပါးစပ်ထဲအထိ ထိုင်ခွံ့ပေးရတာမျိုး။ သူမကို အချိန်နှင့်မှတ်ပြီး ဆေးလာတိုက်ရတာမျိုးကို သူ အရမ်းသာယာကျေနပ်တတ်ခဲ့သည်။ ကြာလာတော့ သူမသည် သူ့ရဲ့ ဘဝတစ်ခုလုံးဖြစ်လာတဲ့အထိ အရှူးအမူးဖြစ်လာခဲ့သည်။ သူ့အတွေးတွေအားလုံး၊ သူ့စိတ်အာရုံတွေအားလုံးကို သူမ တစ်ဦးတည်းသာ မောင်ပိုင်စီး လွှမ်းမိုး ချယ်လှယ်ထားတော့သည်အထိ။

ဆယ်တန်းအောင်တော့ လင်းလွန်းက သူမျှော်လင့်ခဲ့သည့်အတိုင်း၊ ခြောက်ဘာသာဂုဏ်ထူးနှင့်ဆေးကျောင်းတက်ခဲ့ချိန်မှာ သူကတော့ သူမယူသည့် မြန်မာစာသာ လိုက်ယူပြီး သူမဘေးကနေ တစ်ဖဝါးမှ မခွာနိုင်ခဲ့။ သူမက စာတွေဆက်ရေးနေဆဲ။ သူက သူမအတွက် စာအုပ်တွေရှာပေးရဆဲ၊ သူမပြောပြသော ဝတ္ထုဇာတ်လမ်းတွေ နားထောင်ပေးရဆဲ၊ ဝတ္ထုတွေကို



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းတိုက်တွေဆီ လိုက်ပို့ပေးရဆဲ . . . သူမ မျက်နှာကို အရိပ်တစ်ခုလိုကြည့်ရင်း ရင်ခုန်ပျော်ရွှင်နေဆဲ သူမက မေးလာခဲ့သည်။

"ကျောင်းပြီးရင် နင် ဘာလုပ်မှာလဲ နေ့သစ်"

"နင်က ငါ့ကို ဘာဖြစ်စေချင်လို့လဲ မယ်"

"ဪ . . .၊ နင်က ယောကျ်ားလေးတစ်ယောက်လေ ဟယ်၊ ဘဝအတွက် တိုးတက်ရာတိုးတက်ကြောင်း လမ်းတစ်ခုတော့ နင် ရှာဖွေရမှာပေါ့၊ မြန်မာစာနဲ့ ကျောင်းပြီးရုံနဲ့ နင့်ဘဝ ဘာဖြစ်မှာလဲ၊ ငါပြောတာ နားလည်တယ်မဟုတ်လား၊ လင်းလွန်း ဆိုရင်ဟာ . . . အခုဆေးကျောင်းတက်နေပြီ၊ တစ်ချိန်မှာ ဆရာဝန် ဖြစ်မယ်၊ သူ ဘွဲ့လွန်တွေဆက်တက်မှာပဲ၊ တစ်ချိန် မှာ သူက ဆရာဝန်ကြီးဖြစ်ပြီး သူ့ဘဝ မြင့်မားနေချိန်မှာ နင်က ဘာမှဖြစ်မလာရင် မကောင်းဘူးမဟုတ်လား၊ နင် မျက်နှာငယ်ရမှာ၊ အားငယ်ရမှာကို မဖြစ်စေချင်တာပါ၊ ငါ့စေတနာကို နင် သဘောပေါက်တယ်မဟုတ်လား"

"နင် ငါ့ကို ယုံကြည်မှုရှိသလား မယ်"

"ဘာဖြစ်လို့ မရှိရမှာလဲ၊ သိပ်ရှိတာပေ့ါ၊ ငါသူငယ်ချင်း အကြောင်း ငါအသိဆုံးပေါ့ဟဲ့ . . . နေ့သစ်ရဲ့၊ နင် စီးပွား





ရေး တစ်ခုခုလုပ်ပါလားဟင်"

"နင် ငါ့ကို တကယ်စောင့်မှာလား"

"ဪ . . .၊ စောင့်မှာပေါ့"

သူမ၏မျက်နှာကလေးကို စေ့စေ့ကြည့်ပြီး အဲဒါကို အမိန့်တစ်ခုလို . . . ကတိစကားတစ်ခုလို စိန်ခေါ်မှုတစ်ခုလို သူ အလေးအနက်ကြီး ခံစားခဲ့သည်။ သူမ ဖြစ်စေချင်တာ တစ်ခုအတွက် သူ့ဘဝတစ်ခုလုံးကို ပုံအောရင်းနှီးပစ်လိုက်ဖို့ သူ သတ္တိတွေ ရှိလာသည်။ စွန့်စားချင်လာခဲ့သည်။

"နင် . . . ငါ့ကို သုံးနှစ်ပဲစောင့်နေပါ . . . မယ်ထိန် ငြိမ်းရယ်၊ အဲဒီ သုံးနှစ်အတွင်းမှာ ငါ အခြေအနေတစ်ခုခု ရောက်တဲ့အထိ ကြိုးစားပြမယ်၊ ငါ့မှာ နင်ကျေနပ်လောက်တဲ့ အနေအထားတစ်ခုထိရောက်လာတဲ့အခါ နင့်ဆီ ငါ ပြန်လာခဲ့မယ်၊ ငါ့ကို စောင့်နေပါမယ်ဆိုတဲ့ ကတိကလေးပဲ ပေးပါဟာ၊ ငါတို့နှစ်ယောက်ရဲ့ ဘဝတစ်ခုကို ငါ တာဝန် ယူနိုင်ပါတယ်"

သူ ရဲရဲဝံ့ဝံ့ တက်ကြွထက်သန်နေခဲ့သည်။ သူမ ကတော့ ထုံးစံအတိုင်း သူ့ကိုသာ ပြုံး၍ငေးကြည့်နေခဲ့သည်။

"ကြိုးစားပေါ့ဟာ၊ နင်အောင်မြင်လာတဲ့တစ်နေ့ ငါကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှထွက်မပြေးပါဘူး၊ ငါလည်း စာတွေရေးမယ်၊ နင် ပြန်လာရင် ငါက စာရေးဆရာမတစ်ယောက်တောင် ဖြစ်ချင်ဖြစ်နေမှာ”

ဟု သူ့အတွက် မျှော်လင့်ချက်ကလေးရိပ်ရိပ်ပျပျ ကလေးပေးခဲ့သည်။ ထိုမျှော်လင့်ချက်ကလေးကိုပဲ ကမ္ဘာတစ်ခုလို့ မှတ်ယူပြီး သူ စွန့်စွန့်စားစားထွက်ခဲ့တာဖြစ်သည်။ အဲဒီတုန်းက သူ့အသက်ဆယ့်ရှစ်နှစ်ပဲ ရှိသေးသည်။ ကျောင်းပညာလည်း တစ်ပိုင်းတစ်စတန်းလန်း။ ရန်ကုန်ကနေ မန္တလေး၊ မန္တလေးကနေ မိုးကုတ်အထိ တစ်ကိုယ်လုံး သတ္တိတွေအပြည့်၊ ရဲရင့်တက်ကြွမှုတွေအပြည့်နှင့် ခရီးနှင်ခဲ့သောဘဝ။ ထိုဘဝက ကြမ်းတမ်းလွန်း၊ ပင်ပန်းဆင်းရဲ နာကျင်လွန်းလှပေမယ့် သူ နောက်မဆုတ်ခဲ့။ ဇွဲမလျှော့ခဲ့။ စိတ်ဓာတ်တွေ အကြိမ်ကြိမ် ပြိုဆင်းနိမ့်ကျဖူးပေမယ့် မသေမချင်း ကျောက်အောင်တဲ့အထိ ကြိုးစားမယ်ဟု သူ သန္နိဋ္ဌာန်ချခဲ့ခြင်းဖြစ်သည်။ ခေါင်းပုံဖြတ်မှုတွေ၊ လှည့်စားမှုတွေ၊ ဗိုလ်ကျအနိုင်ကျင့်မှုတွေကြားကနေပဲ ကျောက်လောကထဲမှာ သူ ထဲထဲဝင်ဝင် လေ့လာရှင်သန်ခဲ့ရသည်။ သူ့ရင်ထဲမှာ မျှော်လင့်ချက်တွေအပြည့်အသိပ်။

သုံးနှစ်ဆိုသောအချိန်တွေအားလုံးထဲမှာ သူ့ဘဝ တစ်ခုလုံးကို ကျောက်တူးသောအလုပ်ထဲမှာပဲ ဇွဲသန်သန် နှစ်မြှုပ်ပြီး





ကြိုးစားခဲ့သည်။ ထောင်ကျောက်၊ သောင်းကျောက်ကလေးတွေ စုမိခဲ့သည်။ အဲဒီကနေတဆင့် သိန်းကျောက်အထိရဖို့ သူ အရှုံးအမူး ပင်ပန်းဆင်းရဲခံခဲ့သည်။ သူ ကျောက်အောင်သွားတဲ့အချိန်မှာ သုံးနှစ်မပြည့်သေး။ သူ့မှာ စီးပွားရေးအမြင်တွေ ပို၍ ကျယ်ပြန့်နံ့စပ်လာသည်။ ကျောက်တူးသမားကလေး ဘဝကနေ ရတနာကုန်သည်တစ်ယောက် ဖြစ်လာတဲ့အထိ သူ စွန့်စားရဲရင့်ခဲ့ပါသည်။ ဒီအလုပ်က သတ္တိရှိဖို့နှင့် ပါးနပ်လည်ဝယ်ဖို့ အရေးကြီးသည်။ မိုးကုတ်နှင့်မန္တလေးကို ကူးချည်သန်းချည်လုပ်ကာ ကျောက်အရောင်းအဝယ် လုပ်ငန်းကို စတင်ခဲ့သည်။ ကျောက်တွင်းနားမှာ အဝယ်ဒိုင်တစ်ခု ဖွင့်လာနိုင်ခဲ့သလို မန္တလေးမှာ ရတနာဆိုင်တစ်ဆိုင် ဖွင့်နိုင်တဲ့အထိ သူ ကြိုးစားခဲ့သည်။ လွယ်လွယ်ကူကူတော့ မဟုတ်ခဲ့ပါ။ အခက်အခဲပေါင်းများစွာ၊ အနှောင့်အယှက်၊ အတိုက်အခိုက်ပေါင်းများစွာ ပြဿနာပေါင်းများစွာကို သူ ဖြတ်သန်း ကျော်လွှား ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

သုံးနှစ်ပြည့်ချိန်မှာ သူ ရင်ခုန်မျှော်လင့်လွန်းစွာဖြင့် သူမဆီအရောက် ပြန်သွားခဲ့ပါသည်။ သူ့ရင်ဘတ်ထဲက အိတ်ကလေးထဲမှာ သူမကို ချစ်ခွင့်ပန်ဖို့အတွက် သူကိုယ်တိုင် စိတ်တိုင်းကျ လုပ်ထားခဲ့သော စိန်လက်စွပ်ကလေးပါလာခဲ့သည်။ သူမက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စိတ်ရှည်ရှည်ဖြင့် စောင့်မနေခဲ့ပါ . . . ။ လင်းလွန်းနှင့်လက်ထပ်ပြီးလို့ ဘဝသစ်တစ်ခုတောင် ထူထောင်ထားခဲ့ပြီ။ သူ တကယ်ပြန်လာလိမ့်မည်ဆိုတာကို သူမ မယုံကြည်တာလား။ သူမဘဝနဲ့ သူ့ကို ပေးထားခဲ့တဲ့ အခွင့်အရေးကို မလဲနိုင်ဘူးဆိုပြီး သူမသဘောနဲ့ သူမရဲ့ ကတိကို ပြန်ရုတ်သိမ်းသွားခဲ့တာလား။ သူမကပဲ စိတ်ကူးယဉ်မဆန်တတ်ပဲ လက်တွေ့ဆန်လွန်းခဲ့တာလားမသိ။ သူမ ရှူးသွပ်စွာ ဖြစ်ချင်ခဲ့သော စာရေးဆရာမတစ်ယောက်လည်း ဖြစ်မလာခဲ့။ ဘာကြောင့် လင်းလွန်းကို အဲဒီလောက်မြန်မြန် လက်ထပ်ပစ်လိုက်မှန်းလည်း သူ နားမလည်။ အိမ်ရှင်မ ဘဝကိုသာ ပျော်ပါးစွာခံယူထားခဲ့သည်။ သူ . . . သူမနှင့်တွေ့ဖို့လည်း မကြိုးစားခဲ့တော့။ တွေ့စရာလည်း အကြောင်းမရှိတော့ဘူးလေ။ သူပြန်အလာကို ကတိအတိုင်း စောင့်နေလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သူမက စောင့်မနေခဲ့။ သူမဘဝအတွက် လုပ်သင့်လုပ်ထိုက်တာကို လုပ်သွားခဲ့ပြီ။ အဲဒီအချိန်ကစပြီး သူ့နှလုံးသားတစ်ခုလုံး COMA ဝင်သွားခဲ့သလို မေ့လျော့ရပ်တန့်သွားခဲ့တော့တာ ဖြစ်သည်။

ဒီနေ့ မိုးနတ်မဒီဆိုသော မိန်းကလေးကို မမြင်မတွေ့ရခင်အထိ ပေါ့။ အခုတော့ နှစ်ရှည်လများ သတိလစ်မေ့မျောနေခဲ့သော သူ့နှလုံးသား ပြန်လည်နိုးထသက်ဝင်လှုပ်ရှားခဲ့





သောနေ့ဟု ဆိုရမည်။ သူ အသက်တွေနှစ်ဆယ်လောက်ပြန်ငယ်နုပျိုသွားတဲ့အတိုင်း လွန်ခဲ့သောအနှစ်နှစ်ဆယ်က မယ်ထိန်ငြိမ်းကို သူ ပြန်ဆုံတွေ့လိုက်ရသလို သူ့နှလုံးသား အသက်ပြန်ဝင်လာခဲ့ပုံမျိုးဖြစ်သည်။ သူမ ဘယ်သူလဲ . . . ဘယ်သူ့ သမီးလဲ . . . ဘယ်မှာနေလဲ . . . သူသိစရာမလို . . . ။ သူ သိတာက လွန်ခဲ့သောအနှစ်နှစ်ဆယ်က ဆုံးရှုံးပျောက်ဆုံးသွားခဲ့သော ရတနာတစ်ပါးကို သူ တရားမျှတစွာ ပြန်လည်အရယူဖို့ ကြိုးစားဖို့ပဲဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၃



www.burmeseclassic.com

www.burmeseclassic.com

ကြယ်ပွင့်ကလေးတွေဆိုတာ အမှောင်ထုထဲမှာမှ ပွင့်လန်း လာမှာ။
Violets ပန်းတွေဟာ နှင်းထုတွေအောက်မှာမှ ပွင့်လန်းကြရတာ လေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၃

ဒီနေ့ FAME မဂ္ဂဇင်းထွက်သောနေ့မို့ မိုးနတ်က ဦးနေ့သစ်မိုး ရုံးခန်းဖုန်းကိုပဲ လှမ်းခေါ်လိုက်ကာ သူ့ရဲ့ Personal Assistant မမကိုပဲ မဂ္ဂဇင်းလာပို့မည့်အကြောင်း လှမ်းအသိပေးထားလိုက်သည်။ သူ့လက်ထဲထိ လက်ထိလက်ရောက် ပေးချင်သော်လည်းပဲ ဒီမဂ္ဂဇင်းကလေးလက်ခံယူသော ကိစ္စအတွက် သူလိုလူတစ်ယောက်က အချိန်ပေးနေမှာ မဟုတ်ပါဘူးလေဟု တွေးထားခဲ့သည်။ ထင်သည့်အတိုင်းပါပဲ။ သူ့ရုံးခန်းရောက်တော့ သူ့ P.A မမကပဲ မဂ္ဂဇင်းကို လက်ခံထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော့မရှိဘူး . . . ညီမလေး၊ သူ holiday သွားနေပါတယ်"

တဲ့။

"ရပါတယ် မမ၊ ဦးနေ့သစ်မိုး လက်ထဲတော့ ဒီမဂ္ဂဇင်းလေး ရောက်အောင် ပို့ပေးပါနော်၊ သူ့အင်တာဗျူးကလေးပါ၊လို့ပါ။ သူ စိတ်တိုင်းကျ၊ မကျဆိုတာလည်း သိချင်ပါသေးတယ်"

"စိတ်ချပါ ညီမလေး၊ တစ်ခုခုဆို မမ လှမ်းဆက်သွယ်လိုက်ပါ့မယ်"

ဟု ဆိုသည်။ မဂ္ဂဇင်းပေးခဲ့ကာ နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ တိုက်မှာ လုပ်စရာရှိသောအလုပ်တွေကိုလုပ်၊ သတင်းယူစရာရှိတာတွေအတွက် သွား၊ နောက်တစ်လမဂ္ဂဇင်း အင်တာဗျူးအတွက် အင်တာဗျူးရမည့် အမျိုးသမီးလုပ်ငန်းရှင် တစ်ယောက်နှင့် သွားတွေ့ဆုံကာ အင်တာဗျူးအတွက် ရက်တောင်းတာတွေ လုပ်ပြီးချိန်မှာ . . . ညနေခြောက်နာရီ ထိုးသွားခဲ့ပြီ။ ကြီးမြတ်တို့ ယသော်တို့နှင့် ဆုံနေကျကော်ဖီဆိုင်ကလေးဆီ အပြေးအလွှား ရောက်ခဲ့တော့ နှစ်ကောင်သားက မျက်စောင်းတွေချီချင်ပြီ။

"နောက်ကျလိုက်တာဟာ၊ မိုးနတ်မဒီ တစ်ယောက်ဟာ၊ ငါတို့က ပြန်တော့မလို့"





"မပြန်ပါနဲ့ဦးဟယ် . . . ရခိုင်မုန့်တီအသုပ် ပူပူစပ်စပ်ကလေး သွားစားရအောင်ပါ။ ငါကျွေးပါ့မယ်၊ နင်တို့ အဝစားဟုတ်ပြီလား"

"ဒါဆိုလည်းပြီးရော၊ သွားကြမယ်၊ နင် ဘာတွေ အလုပ်များနေတာလဲ"

"နောက်တစ်လ အင်တာဗျူးအတွက်လေ၊ Ice Land ပိုင်ရှင်နဲ့ သွားတွေ့နေတာ၊ အင်တာဗျူးမေးခွန်းတွေ ဒီည အပြီးရေးရဦးမယ်"

"ဖြည်းဖြည်းလည်း ကြိုးစားပါဟယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့"

ကြီးမြတ်က စကားကို အဆုံးထိမပြောဘဲ ပြုံးစိစိ လုပ်ပြနေသည်။ မိုးနတ်က သူ့ကိုမျက်စောင်းထိုးပြီး 'သေနာလေး' ဟု ချစ်စနိုးရေရွတ်လိုက်သည်။ သုံးယောက်သား အင်းလျားကန်စောင်းဆီ ချီတက်ခဲ့ကြသည်။ အလုပ်ပြီးလျှင် အိမ်သို့ တန်းမပြန်ကြသေးဘဲ . . . သုံးယောက်အတူ တစ်ဆိုင်ဆိုင်မှာ တစ်ခုခုစားသောက်ပြီးမှ လမ်းခွဲကြတာ အထာကလေးတစ်ခုလို့ ဖြစ်နေသည်။ အင်းလျားရောက်တော့ ထိုင်နေကျ ရေစပ်ကလေးမှာထိုင်ပြီး . . . မိုးနတ်က ရခိုင်မုန့်တီသုပ်ချဉ်ငံစပ် သုံးပွဲသွားမှာကာ ပြန်လာထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးနတ် . . . ဒီမှာ ဦးနေ့သစ်မိုးရဲ့ အင်တာဗျူးက အရမ်းမိုက်တယ်နော်၊ သူဖြေသွားတာလေးတွေကို ငါ အရမ်းသဘောကျတယ်ဟ၊ သူ့လို ဖြစ်ချင်စိတ်တွေ တက်ကြွလာတယ်၊ သူ့စကားလုံးတွေက တကယ် ဟာ့ထိထိတယ်ကွ၊ ငါတို့လို ဘဝကို ကြိုးစားရုန်းကန်နေတဲ့ လူငယ်တွေအတွက်တော့ chicken soup for the soul ပဲ"

"ငါတို့ ပဟေဠိ ဖြစ်နေခဲ့တဲ့ ဒီလောက်အောင်မြင်ပြီး ချမ်းသာပြည့်စုံနေတဲ့ လူတစ်ယောက်မှာ ဘာဖြစ်လို့ ချစ်သူ ဇနီးမယား မရှိရတာလဲဆိုတာ အခုမှပဲ အဖြေ ထွက်တော့တယ်၊ လက်စသတ်တော့ သူလည်း အသည်းကွဲခဲ့ဖူးတာကိုး၊ သူ့ကို ထားခဲ့တဲ့မိန်းမကတော့ ခုလောက်ဆို သူ ဒီအခြေအနေထိရောက်နေတာကို သိရရင် နောင်တတွေများ ရနေမလား မသိဘူးနော်"

"သြော် . . . သူလည်း သူ့အိမ်ထောင်နဲ့ သူ့သားသမီးတွေနဲ့ ဘာကိုနောင်တ,ရရမှာလဲဟယ်၊ ဘဝတစ်ခု အောင်မြင်ပျော်ရွှင်တယ်ဆိုတာ ကိုယ့်ချစ်ခင်မြတ်နိုးတဲ့ မိသားစုနဲ့ အတူတူ စည်းစည်းလုံးလုံး၊ ပျော်ပျော်ရွှင်ရွှင်နေထိုင်ခွင့်ရတာလည်း အောင်မြင်မှုပဲဥစ္စာ၊ ငွေကြေးချမ်းသာမှ၊ အောင်





မြင်ပြည့်စုံနေမှ မဟုတ်ပါဘူးဟဲ့"

"ငါကတော့ သူ့ရဲ့အချစ်ကို အလေးပြုရမှာပဲ၊ ဘဝမှာ ဒီမိန်းမတစ်ယောက်တည်းကိုပဲ အရူးအမူးချစ်ခဲ့တယ်၊ ဒီမိန်းမနဲ့ မပေါင်းရတဲ့တိုင်အောင် ဒီမိန်းမနေရာမှာ တခြားတစ်ယောက်ကို သူ အစားမထိုးခဲ့ဘူး၊ သူ့ဖြေပုံလေးက ဘယ်လောက်လှသလဲ၊ သူ့နှလုံးသားက COMA ဝင်နေတာတဲ့"

"ပြောရရင် . . . လူပုံစံကတော့ အတော်သားနားတာဟ၊ ညိုညိုစိုစို ယောင်ယောင်မောင်းမောင်းနဲ့ ယောကျ်ားပီသခန့်ညားတယ်၊ personality အရမ်းထူးခြားတဲ့ရုပ်မျိုးပေါ့"

"အလဲ့၊ နင်က အမှတ်တွေ အပြည့်ပေးခဲ့တယ်ပေါ့လေ"

"သေပါလား . . . မိန်းမရဲ့ အသက်ထက်ဝက်လောက်ကြီးကွာတာကို ငါက ဘာလုပ်ရမှာတုံး၊ အမှတ်ပေးစရာလား၊ စိတ်နဲ့တောင် မပြစ်မှားခဲ့ပါဘူးတော်"

ခဏနေတော့ မုန့်တီသုပ်ပန်းကန်တွေကို သယ်လာသော လူတစ်ယောက် မိုးနတ်တို့စားပွဲနားရောက်လာကာ ပန်းကန်တွေလာချပေးသည်။ ပထမတော့ အမှတ်တမဲ့ပါ။ စိတ်ထဲ ဒီစားပွဲထိုး သားနားလှချည်လားဟု ထင်လိုက်မိသား။ တီရှပ်



www.burmeseclassic.com

www.burmeseclassic.com



အနက်လက်တို ကိုယ်ကျပ်ကို ဂျင်း(န်)ပဲန် နက်ပြာစိုစိုနှင့် တွဲဝတ်ထားသောသောကြောင့် body structure က အမိုက်စားပေါ်လွင်နေသည်။ cap ဦးထုပ်အနက်ကလေးကို ခပ်ငိုက်ငိုက်ဆွဲချသည့်တိုင် သူ့ပုံစံက သတိမထားမိဘဲ မနေနိုင်လောက်အောင် ထင်းထွက်နေသည်။ ယသော်တို့ကလည်း သူ့ကို သတိထားမိဟန်ဖြင့် မိုးနတ်ကို မျက်စ,မျက်နတွေပစ်နေသည်။ ပြောချင်ပုံက ဒီစားပွဲထိုး အမိုက်စားပါလားပေါ့လေ။

"ကိုယ်ပါ . . . ခဏထိုင်မယ်နော်"

ဆိုသော အသံကို မိုးနတ် တရင်းတနှီး ကြားဖူးသလို ခံစားမိစိတ်နှင့် ခန္ဓာကိုယ်ကလေး မတ်သွားရသည်။ ပြီးတော့ သူ့မျက်နှာကို သေချာမြင်ရအောင် အမိအရ လိုက်ကြည့်မိသည်။ ချက်ချင်းပင် သူ့ကို ပြန်မှတ်မိသွားသည်။ သူ့အပြုံးက နှစ်ပေါင်းရှည်ကြာရင်းနှီးပြီးသား မိတ်ဆွေဟောင်းတစ်ယောက်ပမာ နွေးနွေးထွေးထွေး . . .။ ပုံစံကတော့ လုံးဝကို ပြောင်းနေသည်။

"ဟောတော့ . . . ဦး၊ ကျွန်မ ဒီနေ့ပဲ ဦးရဲ့ရုံးကို ရောက်ခဲ့သေးတယ်၊ ဦး holiday သွားနေတယ်ဆိုလို့"

"ဟုတ်တယ်လေ . . . ကိုယ် လက်ရှိဘဝဆီကနေခွင့် ရက်ရှည်တစ်ခု ယူထားတယ်၊ ခုချိန်ကစပြီး ကိုယ့်ကို ဒီပုံစံ





အတိုင်းနဲ့ပဲ မိုးနတ်မဒီ တွေ့ရလိမ့်မယ်၊ အဲဒီတော့ ဟိုဘက်က အခြေအနေတစ်ခုကို ခဏမေ့ထားလိုက်နော် . . . ကိုယ်က မင်းတို့နဲ့ သူငယ်ချင်းတွေ ဖြစ်ချင်တာ၊ မင်းတို့နေထိုင်ပြောဆိုစားသောက်တဲ့ ပုံစံအတိုင်းပဲ . . . ကိုယ်လည်း ဝင်ရောနွှောမယ် . . . ရမလားဟင်"

မိုးနတ်က နားမလည်နိုင်။ သူ ဘာဖြစ်သွားတာပါလိမ့်။ ပြီးတော့ ဘာကို လိုချင်တာပါလိမ့်။ ဒါဟာ သမားရိုးကျအဖြစ်တစ်ခုတော့ မဟုတ်ဘူးဆိုတာ မိုးနတ်သိသည်။ ကြီးမြတ် နှင့် ယသော်ခင်တို့လည်း သူ့ကို မှတ်မိသွားကြကာ မျက်လုံးအဝိုင်းသားဖြင့် သူ့ကို ငေးကြည့်နေကြသည်။

"ကျွန်မ နားမလည်လို့ပါ ဦး . . . အဲဒါ ဘာအဓိပ္ပာယ်လဲဟင်"

"ကိုယ့်ကို ဦးနေ့သစ်မိုးဆိုတဲ့ အရှိန်အဝါကြီးနဲ့ မဆက်ဆံစေချင်တဲ့ သဘောပါ၊ ကိုယ့်အသက်အရွယ်ကိုတော့ ရုပ်ဖျက်လို့မရနိုင်ပေမယ့် ကိုယ့်ကို မင်းတို့နဲ့ သူငယ်ချင်းတွေလိုပဲ တရင်းတနှီး ဆက်ဆံပေးစေချင်တာပါ . . .၊ ကိုယ် အင်တာဗျူးထဲမှာ ပြောခဲ့ဖူးတယ်လေ၊ ကိုယ့်နှလုံးသားက အရွယ်တစ်ခုမှာ ဆက်ပြီး ဖွံ့ဖြိုးရှင်သန်မှုမရှိတော့ဘဲ ရပ်တန့်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တယ်ဆိုတာ။ အဲဒီတော့ နှလုံးသား အသက်ချင်းတော့ အတူတူ ဖြစ်နိုင်မယ်ထင်ပါရဲ့ မိုးနတ်မဒီ . . .”

သူ့စကားတွေထဲမှာ အဓိပ္ပာယ်တွေ အများကြီး ပါ,ပါသည်။ သူလိုလူတစ်ယောက်က ဒီလိုလုပ်လိမ့်မယ် . . . ဟု ထင်ကို မထားမိသောကြောင့် အံ့ဩလို့ကို မဆုံးနိုင်။ ဘယ်လိုလုပ်ပြီး သူ့ရဲ့ အရှိန်အဝါ အဆင့်အတန်း အနေအထားကြီး ကို မေ့ထား၊ မသိကျိုးကျွံပြုထားပြီး သာမန်လူတစ်ယောက်လို သူငယ်ချင်းတစ်ယောက်လို ပေါင်းသင်းဆက်ဆံနိုင်ပါ့မလဲ။ ဒါတော့ သူ နည်းနည်း စတန့်ထွင်ရာကျသွားပြီ . . .။

“ကိုယ့်ကို နှစ်ကိုယ်ခွဲပြီး မြင်ထားလိုက်ပေါ့ မိုးနတ်မဒီ၊ အခု ဒီလူက ဘာအရှိန်အဝါမှ မရှိတဲ့လူ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက နေ့သစ်မိုး ဆိုပါတော့”

သူ့ဦးနှောက် ပုံမှန်မှ ရှိရဲ့လား။ သူ့မှာလည်း ဆိုက်ကို တစ်ခုခုများ ရှိနေသလား . . . ဟု ထင်စရာပါ။ သူကချည်း လူငယ်လေးတစ်ယောက်လို သွက်သွက်လက်လက်ကြီး စကားတွေ ဒိုင်ခံပြောနေသည်။ မိုးနတ် . . . တို့က ဘာပြောရမှန်းမသိ။ သူ့ကို ငြင်းဖို့ မဖြစ်နိုင်မှန်းလည်း သိနေသည်။

“မိတ်ဆက်ပေးပါဦး . . . မိုးနတ်မဒီရဲ့၊ ကိုယ်က နေ့သစ်မိုး





ပါ”

“သူက ကြီးမြတ်သာနဲ့ ယသော်ခင်ပါ။ ကျွန်မနဲ့အတူ FAME မှာ တွဲလုပ်နေတဲ့ သူငယ်ချင်းတွေပေါ့ . . .”

“တွေ့ရတာ တကယ် ဝမ်းသာတယ်ဗျာ၊ ကိုယ်လည်း Reporter လုပ်ချင်သား၊ မင်းတို့ဆီကနေ ပညာတွေ သင်ယူရ မယ်၊ ကဲ . . . စားပြီနေဘိ၊ မင်းတို့စားသလိုပဲ မုန့်တီ ချဉ်ငံစပ်အသုပ်တစ်ပွဲ ပိုမှာခဲ့တယ် . . .”

သူက ပြောရင်းဆိုရင်း . . . ပန်းကန်ထဲက အသုပ်တစ်လုပ်ကို ခပ်ယူစားလိုက်ပြီးသကာလ မျက်နှာတစ်ခုလုံး ရှုံ့မဲ့နီရဲလာကာ ပါးစပ်တစ်ခုလုံး ဟောင်းလောင်း ပွင့်သွားတော့သည်။

“ရှူး . . . အား စပ်လိုက် ပူလိုက်တာ၊ ဘယ့်နှာကြီးလဲ၊ ဘယ်လိုအရသာကြီးလဲ၊ လုပ်ပါဦး . . . ကယ်ပါဦး၊ တစ်ကိုယ်လုံး ပွင့်ထွက်ကုန်ပြီဗျ . . . ဝါး လား လား”

သူ့ပုံစံကိုကြည့်ပြီး မိုးနတ်တို့ မရယ်ဘဲ မနေနိုင်ကြ။ မိုးနတ်က ကမန်းကတန်း အအေးဆိုင်ဆီ ပြေးသွားပြီး . . . ရှောက်ချိုသီးဖျော်ရည် ချိုချိုအေးအေးကလေး အမြန်မှာယူဆွဲလာကာ သူ့လက်ထဲ ထည့်ပေးလိုက်ရသည်။ ဖျော်ရည်တွေ တစ်ခွက်လုံး ကုန်အောင် တဂွပ်ဂွပ် မော့ချပြီးသည့်တိုင် သူ အစပ်မပြေချင်သေး။



www.burmeseclassic.com

www.burmeseclassic.com



လျှာကိုထုတ်ပြီး လက်နဲ့ ယပ်ခတ်နေတုန်း။

"မင်းတို့ ဘာကိုကြိုက်တာလဲကွာ၊ ပူလိုက် စပ်လိုက်တာ ဘာအရသာမှကို မမြင်တော့ဘူး၊ မျက်လုံးထဲ မီးတွေ ပွင့်သွားသလိုပဲ . . . ဒါပဲသိတယ်"

"ကျွန်မတို့ကတော့ အဲဒီ ပူတဲ့စပ်တဲ့ အရသာကိုပဲ စွဲတာ. . . ကြိုက်တာ ဦးရဲ့"

မိုးနတ်တို့က အသုပ်တွေကို အားပါးတရ စားလိုက်၊ ဟင်းရည်ပူပူစပ်စပ်ကို တရှူးရှူးနှင့် သောက်လိုက်နှင့် အပြီးမပျက်တာကို သူက ဆလံတွေသ,နေတော့သည်။ သူ ဝင်လာပုံက ဘယ်လိုမှ မျှော်လင့်မထားမိသော ပုံစံတစ်မျိုးမို့ မိုးနတ်တို့ အငိုက်မိခံလိုက်ရသလို အံ့လည်းဩ၊ မယုံနိုင်လည်း ဖြစ်ကာ သူ့ကို အလိုလိုနေရင်းတော့ ရှိန်နေမိကြသေးသည်။ အရင်လို အာဘောင်အာရင်းသန်သန်တွေတောင် စကားမပြောဖြစ်ကြဘဲ . . . အားလုံး သတိအနေအထားကလေးတွေကိုယ်စီနှင့်။ သူ့ကိုပဲ မသိမသာ ခိုးကြည့်မိကြသည်။ ဖြစ်နိုင်လျှင် သူ ပြန်သွားတာနှင့် သူ့အကြောင်းတွေ အားပါးတရ ပြောချင်လှပြီ။ သူကလည်း မပြန်ချေ။ အေးအေးဆေးဆေး သက်တောင့်သက်သာဟန်နှင့်။

"ကဲ . . . ကျွန်မတို့ ပြန်ကြတော့မယ် ဦး၊ ဒီနေ့ ဒီပုံစံ မျိုးနဲ့





ဆုံရလိမ့်မယ်လို့ မျှော်လင့်မထားခဲ့ပေမယ့် ခုလို ဆုံရတာ ဝမ်းသာပါတယ် ဦး"

"တကယ်ရော ဝမ်းသာရဲ့လား သူငယ်မရယ်"

ဟု . . . သူက တရင်းတနှီးလေသံနှင့် ပြန်မေးတော့ မိုးနတ်က ခေါင်းညိတ်ပြလိုက်မိသည်။ တကယ်လည်း ရင်ဘတ်ထဲမှာ ကြောင်းဆန်လှုပ်ရှားပြီး ဂုဏ်ယူသလိုလို၊ ရင်ခုန်သလိုလို၊ ပျော်ရွှင်မိသလို ခံစားချက်တစ်မျိုးကို မိုးနတ်ကိုယ်တိုင်ပဲ သိသည်လေ။ သူလိုလူမျိုးနှင့် ခင်မင်ခွင့်ရသည့်ကိစ္စကို ဝမ်းမသာစရာ ဘာရှိသလဲနော် . . .။

ဘတ်(စ်)ကားဂိတ်မှာ အသီးသီး လမ်းခွဲကြတော့ ထုံးစံအတိုင်း ယသော်နဲ့ကြီးမြတ်တို့က တစ်လမ်း . . . မိုးနတ် က လှည်းတန်းဘက် ပြန်မှာမို့ တစ်လမ်းစီ။ သူက . . .

"ကိုယ် မင်းနဲ့ လိုက်ခဲ့မယ်နော်၊ မင်းအိမ်ကနေမှ Taxi နဲ့ ပြန်လိုက်မယ်"

တဲ့ . . .။ ယသော်တို့က မိုးနတ်ကို အဓိပ္ပာယ်ပါပါ မျက်ဝန်းတွေဖြင့် နှုတ်ဆက်ပြီးမှ လမ်းခွဲသွားကြသည်။ ဘတ်(စ်)ကားစောင့်ရင်း သူက စကားတွေ ဆက်ပြောနေဆဲ။

"အင်တာဗျူးတဲ့နေ့တုန်းက မင်းပြောခဲ့တယ်လေ၊ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်က စာရေးဖို့ဆို၊ စာတွေ စ,ရေး နေပြီလား၊ ရေးထားတာတွေ ရှိလား၊ ကိုယ့်ကို ပေးဖတ်လေ၊ မင်း စိတ်ကူးထဲမှာရှိနေတဲ့ ဇာတ်လမ်းတွေဘာတွေ ရှိနေရင်လည်း ကိုယ့်ကို ပြောပြနော်၊ ကိုယ် နားထောင်ပေးချင်လို့"

"ဦး တကယ် စိတ်ဝင်စားတာလား . . ."

"တကယ် စိတ်ဝင်စားတာပေါ့၊ မင်း ဖတ်ချင်တဲ့ စာအုပ်တွေလည်း ကိုယ် ရှာပေးဦးမှာ"

"ဦး စတန့်ထွင်ရာများ ကျနေသလားလို့၊ တစ်ခါမှ မကြားဖူးဘူး၊ ဦးလို စီးပွားရေးလောကမှာ Top 10 စာရင်းဝင်တဲ့ လူတစ်ယောက်က ကျွန်မလို ဘာမဟုတ်တဲ့ သာမညောင်ည ပမွှားကလေးနဲ့ လာဆင်းပြီး ပေါင်းရတယ်လို့"

"မင်းကို ဘာမဟုတ်တဲ့ သာမညောင်ည ပမွှားကလေးလို့ ဘယ်သူပြောသလဲ 'မိုးနတ်မဒီ'၊ လူတစ်ယောက်မှာ တခြားလူတစ်ယောက်အတွက် အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးတစ်ခုတော့ အမြဲရှိတယ်၊ ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ အဲဒီလောက် ရက်ရက်စက်စက် မနှိမ်ချစမ်းပါနဲ့ကွာ၊ ကိုယ် မင်းကို တကယ် ရင်းရင်းနှီးနှီး ခင်မင်ပတ်သက်ချင်လို့ကို ဒီပုံစံမျိုးနဲ့ မင်းအနားကို ရောက်အောင် လာခဲ့တာပါ၊ ကိုယ် စတန့်ထွင်တာ မဟုတ်ပါဘူး၊ ရတနာတွေနဲ့ ဖြားယောင်းဆွဲဆောင်လို့ မရတဲ့ မိန်းကလေးတစ်ယောက်ကို စိတ်ပိုင်းဆိုင်ရာ နည်းလမ်းတစ်မျိုးနဲ့ ဆွဲဆောင်ကြည့်တာပါ"

သူ့စကားက ပွင့်လင်းပြောင်ကျလွန်းသဖြင့် မိုးနတ်၏ ပါးပြင်နှစ်ဘက်လုံး ရှိန်းမြပူနွေးသွားမိသည်။ အဲဒါ ဘယ်လို အဓိပ္ပာယ်မျိုး သက်ရောက်စေပါသလဲ . . .။ သူက မိုးနတ်ကို ဆွဲဆောင်နေသတဲ့လား။ အဲဒါ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာတဲ့လဲ. . .။ ဒါမျိုးဇာတ်လမ်းဆိုတာ စိတ်ကူးယဉ် ဝတ္ထုဇာတ်လမ်းတွေထဲမှာပဲ ဖတ်လို့ကောင်းတာပါ။

"ကိုယ့်မှာ ကိုယ်ပိုင်စာကြည့်တိုက်ကလေးတစ်ခုရှိတယ် မိုးနတ်မဒီ၊ မင်း အရမ်းစိတ်ဝင်စားမှာ၊ မင်း ဖတ်ချင်သမျှ စာအုပ်တွေအားလုံးကို မင်း ဖတ်ချင်တဲ့ နေရာမှာ ဖတ်လို့ ရတယ်ဆိုရင် မင်း ယုံမလား"

"ဟင့်အင်း . . . မယုံပါဘူး၊ ကျွန်မ စာအုပ်ဖတ်ချင်တယ် ဆိုရင် စာကြည့်တိုက်မှာ အရင်သွားငှားရဦးမှာပေါ့၊ ပြီးမှ ကျွန်မဖတ်ချင်တဲ့နေရာဆီ အဲဒီစာအုပ်ကလေး သယ်သွားပြီး ဖတ်ရမှာပေါ့"

"နိုး . . . မင်းဖတ်ချင်တဲ့နေရာကို အရင်ရွေးလိုက်ပါ၊







www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေရာကလေးဆီ စာကြည့်တိုက်ကလေး ဖန်ဆင်းပေးမှာ၊ ယုံလား . . . မယုံရင် စိန်ခေါ်ကြည့်လိုက်လေ”

သူဆွဲဆောင်ပုံက သင်းမြလွန်းသဖြင့် မိုးနတ် စိတ်တော့ ဝင်စားသွားပါသည်။ အတွေးထဲ ဘယ်လိုမှ အဖြေပေါ်မလာ။ သူ့စာကြည့်တိုက်ဟာ သူ့အိမ်ရဲ့ အခန်းတစ်ခုခုမှာ . . . ဒါမှမဟုတ် သူ့ရုံးခန်းထဲမှာ ရှိနေရမှာပေါ့ . . . ။

“ကောင်းပြီလေ . . . ဒါဖြင့် မနက်ဖြန် ကျွန်မ နေ့လည် နှစ်နာရီလောက်ဆို အားမယ်၊ အဲဒီတော့ ကရဝိက် ဥယျာဉ်ထဲက ကရဝိက်ကြီးနားက ရေစပ်ကလေးမှာ စာဖတ်ချင်တယ် ဆိုရင် ဖြစ်မှာလား”

“အိုး . . . သိပ်ဖြစ်တာပေါ့လေ၊ နေ့လည်နှစ်နာရီနော်၊ မင်းသာ အရောက်လာခဲ့ပါ၊ ကိုယ်က အဆင်သင့်ပဲ”

သူက ပြုံး၍ပြောသည်။ အဲဒီအချိန်မှာ ဘတ်(စ်)ကားရောက်လာသည်။ လူတွေ ကြပ်သိပ်နေပေမယ့် မတတ်နိုင်။ တိုးကြိတ်၍ပင် တက်ရပါသည်။ သူကလည်း ကြိုးစားပြီး တိုးတက်ရှာပါသည်။ သူနှင့် မိုးနတ်တို့ လူချင်း ထိကပ်နေမိကြသည်။ သူက တခြားလူတွေ မိုးနတ်ကို ထိကပ်တိုးဝှေ့နေခြင်းကနေ ကြိုးစားပြီး ကာကွယ်ပေးနေသေးတော့ မိုးနတ် ကျိတ်ပြီး ရယ်ချင်လာသည်။





ဘယ်လိုလုပ်မလဲ . . . ။ မိုးနတ်တို့လို နေ့စဉ် လူတွေနဲ့ လုယက်တိုးဝှေ့ပြီး ဘတ်(စ်)ကားစီးနေရသော မိန်းကလေးတွေအတွက် တခြားလူတွေနှင့် အသားချင်း မထိမိအောင် ဘယ်လိုလုပ်ပြီး ကာကွယ်နိုင်မှာတဲ့လဲ။

မိုးနတ် ဆင်းရမည့်မှတ်တိုင်တွင် သူပါ လိုက်ပါဆင်းပြီးတော့မှ အသက်ကို တဝကြီး ရှူရှိုက်သွင်းနေပုံကို ကြည့်ကာ မိုးနတ် မရယ်ရက်တော့။ သူ့ကို အလိုလိုနေရင်း အားနာစပြုလာသည်။ သူက တစ်ချက်ကလေးမှ မညည်း။

“ဦးရယ် ဦးကြည့်ရတာ ပင်ပန်းလိုက်တာ၊ ကျွန်မတို့က ဘဝသမားတွေ၊ ဒီလိုပဲ နေ့တိုင်း တိုးဝှေ့ရုန်းကန်နေရတာကိုက ဘဝပဲ၊ ဦးအတွက် မထိုက်တန်ပါဘူး”

“မထိုက်တန်ဘူးလို့ ဘယ်သူပြောသလဲ၊ ကိုယ့်ဘဝက အရင်က ဒီ့ထက်တောင် ပိုကြမ်းသေးတယ်၊ ရထားကိုတောင် တွယ်စီးခဲ့ရတဲ့ကောင်ပါကွာ၊ ကိုယ်ကမှ ဘဝသမားအစစ်ပါ၊ ကိုယ်နဲ့ ဘဝကြမ်းတာချင်း ယှဉ်မလို့လား၊ မင်းရှုံးသွားမှာပေါ့ ကလေးမရယ်၊ ကိုယ်က အောက်ခြေကနေ လာခဲ့တာပါ၊ မင်းရဲ့ နေ့စဉ်ဘဝကို ကိုယ် တကယ် သိချင်တာပါ . . .”

မိုးနတ် ဘာမှမပြောတော့ . . . ။ ပခုံးကလေးသာ



www.burmeseclassic.com

www.burmeseclassic.com



တွန့်ပြုလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့ တစ်နေ့ကလေးနှင့်တင် သူနှင့်တော်တော် နီးကပ်သွားသလို ခံစားရပါသည်။ အဆောင်ရှေ့အထိ လမ်းဆက်လျှောက်လာခဲ့သည်။

"မင်းဖေဖေနဲ့ မေမေက မင်းတစ်ယောက်တည်း အဆောင်မှာ နေတာကို စိတ်ချထားသလား မိုးနတ်မဒီ"

"ကျွန်မကို ဖေဖေနဲ့မေမေက လုံးဝ ယုံကြည်စိတ်ချထားလို့သာ လွှတ်ပေးထားတာပေါ့ ဦးရယ်၊ ကျွန်မက ကျွန်မရဲ့ဘဝကို ဘယ်အချိန်မှာ ဘာဖြစ်အောင်လုပ်မယ်ဆိုပြီး ပရောဂျက်တစ်ခုလို စနစ်တကျ တည်ဆောက်ပုံဖော်တတ်တယ်ဆိုတာ မိဘတွေက သိပြီးသားလေ၊ ဖေဖေက ပြင်ဦးလွင်မှာ T.M.O ပါ . . .၊ မေမေကတော့ ဖေဖေ့ကို လိုက်ပြီး ပြုစုပါရမီဖြည့်ပေါ့၊ ကျွန်မက အတောင်ပံတွေကို သိမ်းမထားချင်တော့ မိဘရင်ခွင်အောက်မှာထက် လွတ်လပ်ကျယ်ပြောတဲ့ ကောင်းကင်ပြာကြီးထဲ အတောင်ပံတွေကို အသုံးချပြီး လွတ်လွတ်လပ်လပ် ပျံသန်းခွင့်ရတဲ့ ဘဝမျိုးကို ကြိုက်တာကိုး၊ ကိုယ့်ဘဝကို ကျွန်မ ပျော်တယ်၊ ကျေနပ်တယ်၊ ပင်ပန်းလိုက်တာလို့ ကျွန်မ တစ်ခါမှ မညည်းညူမိဘူး စိတ်ပျက်လိုက်တာ၊ အားငယ်လိုက်တာလို့ တစ်ခါမှ မျက်ရည်





မဝဲခဲ့ဖူးဘူးဆိုရင် ဦး အံ့ဩမလား . . . ယုံနိုင်မလား"

"ယုံတာပေါ့ မိုးနတ်မဒီ . . ."

"ဘာကိုကြည့်ပြီး ယုံသွားတာလဲ ဦး . . ."

"မင်းရဲ့မျက်လုံးတွေလေ . . ."

မိုးနတ်က အားပါးတရ ပြုံးမိသွားသည်။

"ကြယ်ပွင့်ကလေးတွေဆိုတာ အမှောင်ထုထဲမှာမှ ပွင့်လန်းလာမှာလေ၊ violets ပန်းတွေ မင်းမြင်ဖူးသလား၊ သူတို့က နှင်းထုတွေအောက်မှာမှ ပွင့်လန်းကြရတာ၊ အဲဒါ သဘာဝတရားတစ်ခုလေ၊ မိုးနတ်မဒီဆိုတဲ့ ကြယ်ပွင့်ကလေးကလည်း လောကမှောင်ထုထဲကနေမှ တလက်လက် လင်းလက်တောက်ပလာတော့မှာ၊ ကိုယ် လောင်းတောင် လောင်းလိုက်ချင်သေးတယ်"

"ကျေးဇူးတင်ပါတယ် ဦး၊ လူတစ်ယောက်ကို သတ်ချင်ရင် အလွယ်လေး၊ လက်နက်မလိုဘူးလေ၊ စကားလုံးနဲ့ သတ်လို့ရတယ်၊ အဲဒီလိုပဲ လူတစ်ယောက်ရဲ့ စိတ်ဓာတ်ကို မြှင့်တင်ပေးဖို့ သူ့ဘဝတစ်ခုလုံး ပြောင်းလဲသွားဖို့က ကြီးကျယ်ခမ်းနားတဲ့ အရင်းအနှီးတွေနဲ့ စိုက်ထုတ်ရင်းနှီးပေးစရာ မလိုပါဘူး၊ စကားလုံး တစ်လုံးနဲ့တင် လုံလောက်ပြီးသားပါ၊



www.burmeseclassic.com

www.burmeseclassic.com



အခု ဦးပြောလိုက်တဲ့ စကားလေးက ကျွန်မအတွက်တော့ တကယ့် အားဆေးပဲ၊ တစ်သက်လုံး မမေ့တော့ဘူး ... သိလား"

မိုးနတ် တကယ်ဝမ်းသာမှုဖြင့် တုန်ရီသွားတဲ့အထိ သူ့စကားလေးက နှလုံးသားတည့်တည့်ကို ထိမှန်ပါသည်။ သူ့ကိုလည်း အရမ်း ကျေးဇူးတင်သွားမိသည်။ သူပြောလိုက်ပုံက တမင်တကာ တန်ဆာဆင်ပြီး ပြောလိုက်တာမျိုးလည်း မဟုတ်။ သူ့ရင်ထဲရှိတဲ့အတိုင်း ရိုးရိုးရှင်းရှင်းကလေး ပြောလိုက်ဟန်တူသည်။ အဲဒီစကားကလေးကပဲ မထင်မှတ်ဘဲ ထိထိခတ်ခတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားစေခဲ့ခြင်း ဖြစ်သည်။

"ကဲ ... ဒါဖြင့် ကိုယ်ပြန်တော့မယ်နော်၊ မနက်ဖြန်နေ့လည်နှစ်နာရီ ကရဝိက်မှာ ဆုံမယ်နော် ... ဟုတ်လား၊ ကောင်းသောညပါ မိုးနတ်မဒီ"

"ကောင်းသောညပါ ဦး ..."

သူ့ကို လက်ပြနှုတ်ဆက်ပြီး မိုးနတ်က အဆောင်ဝန်းကလေးထဲ ဝင်လာခဲ့သည်။ ရင်ထဲမှာ တစ်မျိုးလေး ...။ အဆောင်ထဲ ဝင်ခါနီး သူရှိရာဆီ တစ်ချက် ပြန်လှည့်ကြည့်မိလျှင် သူ ရပ်ပြီး ကြည့်နေသေးတာကို မြင်ရသည်။ အပြုံးကလေးဖြင့်





နှုတ်ဆက်ခဲ့ပြီး မိုးနတ် အဆောင်ထဲသို့ ဝင်လာခဲ့သည်။ မိုးနတ်ရဲ့ အဖြစ်က ဘယ်လောက် ထူးဆန်းလိုက်ပါသလဲ။ သူ့ကို သွားပြီး အင်တာဗျူးခဲ့ချိန်တုန်းက တစ်နေ့ ဒီလို အခြေအနေ၊ ပုံစံတစ်မျိုးဖြင့် ရင်းနှီးပတ်သက်လာလိမ့်မယ်ဆိုတာ စိတ်ကူးကလေးတောင် မယဉ်မိခဲ့။ လုံးဝ ထင်မှတ်မထားသော လှည့်ကွက်ကလေးတစ်ခု ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ဘယ်လို ခန့်မှန်းမှတ်ချက်ပေးရမှန်းပင် မသိတော့။ ဒါပေမယ့် စိတ်ထဲမှာ မသိမသာကလေးတော့ တိတ်တဆိတ် ပျော်ရွှင်ရင်ခုန်နေမိတာကို သိသိသာသာ သတိထားမိပါသည်။ သူ ဘယ်လို စိတ်ကူးရည်ရွယ်ချက်မျိုးနဲ့ မိုးနတ်ဆီ ချဉ်းကပ်လာခဲ့ပါသလဲ။ သူသာလျှင် အသိဆုံး ဖြစ်ပါလိမ့်မည်။ မိုးနတ်ကလည်း သိချင်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၄





www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ကို ဂရုစိုက်တယ် ...
တန်ဖိုးထားလေးစားတယ်ဆိုတာကို
သူသိအောင်ပြသဖို့ဆိုတာ အလွယ်ကလေးပါ။
သူ့ရဲ့စိတ်ကို အလွှမ်းမိုး၊ အဆွဲဆောင်နိုင်ဆုံး
အရာကလေးတွေကို ကိုယ်ပါလိုက်ပါ
မြတ်နိုးဂရုစိုက်ပေးလိုက်တာမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၄

ဒီနေ့မနက် တိုက်မှာ လုပ်စရာရှိသောအလုပ်တွေကို ခါတိုင်းထက်ပိုပြီး တက်ကြွထက်သန်စွာ လုပ်နေရင်း စိတ်ထဲက လှုပ်ရှားနေတာကလေးကိုလည်း ဘယ်သူမှ မရိပ်မိအောင် ထိန်းသိမ်းနေရသေးသည်။ ဒါတောင် ကြီးမြတ်နှင့် ယသော်တို့ မရှိကြလို့ . . .။ အပြင်ထွက်ပြီး သတင်းယူနေ ကြလို့လေ။ အင်တာဗျူးမေးခွန်းတွေ ပြင်ဆင်ပြီးသားတွေကို ပြန်စစ်ဆေးကြည့်ပြီးချိန်မှာ တစ်နာရီကျော်နေပြီ။ နှစ်နာရီ အတိမှာ ကရဝိက်ကို အရောက်သွားချင်စိတ်ကလေးက ဇောတစ်ဇောလို ထက်သန်လှုပ်ရှားနေမိပြီ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တာဝန်တွေ အားလုံး လက်စသိမ်းပြီးတာနှင့် မိုးနတ်သည် တက္ကစီနှင့်ပဲ ကရဝိက်သို့ ထွက်ခဲ့သည်။ သူ ဘယ်လိုများ မိုးနတ်၏ စိတ်ကို လှုပ်ရှားတိမ်းညွတ်အောင် ဆွဲဆောင်ဦးမှာပါလိမ့် . . .။ စာကြည့်တိုက်ကလေးက ကရဝိက်ဘေး ရေစပ်နားမှာ ဘယ်လို လုပ်ပြီး ရောက်နေမှာတဲ့လဲ။ မိုးနတ် သိချင်လိုက်တာ။ သိချင်စိတ်နှင့်အတူ ရင်က ခုန်နေပြီ။

ကရဝိက်နားမှာ သူ့ကို တွေ့ရပါသည်။ လူငယ်ကလေးတစ်ယောက်လို တီရှပ်အဖြူနှင့် ဂျင်း(န်)ပဲန် မိုးပြာရောင်ဖျော့ဖျော့ကလေး ဝတ်ထားသည်။ မျက်နှာပေါ်မှာ နွေးထွေးချိုမြသော အပြုံးကလေးနှင့် ခင်မင်နှစ်လိုဖွယ်။ အမှန်အတိုင်းပြောရလျှင် သူက နုပျိုလန်းဆန်းလွန်းသောကြောင့် သူ့အသက်အရွယ်၊ အရှိန်အဝါကြီးကို မိုးနတ် ခဏတော့ မေ့လျော့သွားရသည်။

"ကိုယ့်ရဲ့ library ကလေးက မိုးနတ်မဒီကို ကြိုဆိုပါတယ်"

ဟု . . . ပြောပြီး ရေစပ်နံဘေးမှာ ရပ်ထားသော တောင်းအေ့(စ်)ထက်ပိုကြီးသော မီနီဘတ်(စ်)ကလေး တစ်စီးဆီ ခေါ်သွားပါသည်။ ကားနောက်ခန်းတံခါးကို ဖွင့်လိုက်လျှင်





အံ့ဩစရာ နံရံနှစ်ဘက်စလုံးမှာ နံရံကပ်စင်ကလေးများ ရှိပြီး စာအုပ်တွေအပြည့် အစီအရီ . . .။ တစ်ကားလုံး အပြည့်။ စနစ်တကျ လေဘယ်လ်တွေ တပ်ထားသည်။ mobile library ကလေးပေါ့။

"ဟယ် . . . စာအုပ်တွေက အစုံပဲ၊ ဒီ idea ကလေး ကောင်းလှချည်လား ဦး၊ သွားလေရာကို စာအုပ်တွေ သယ်သွားလို့ရတာပေါ့"

"ဟုတ်တယ် . . . နိုင်ငံခြားမှာ mobile library ကလေးတွေ ရှိတယ်၊ ဒီလိုပဲ van အကြီးစားထဲမှာ နံရံကပ်စင်ကလေးတွေ တပ်ဆင်ထားပြီး စာအုပ်တွေ လိုက်ငှားပေးတာပေါ့၊ ကိုယ်က အဲဒီ Idea ရသွားပြီး ခရီးထွက်ရင် ဒီ mobile library လေးပါ နောက်ကနေ driver တစ်ယောက်ကို မောင်းခိုင်းပြီး ခေါ်လာတတ်တယ်၊ ရောက်တဲ့နေရာမှာ စာဖတ်ချင်တဲ့လူတွေကို ခုံကလေးတွေ ချခင်းပေးပြီး ဖတ်စေတယ်၊ ကြိုက်သလောက်ဖတ်၊ Free ပေါ့ . . .၊ လူငယ်လေးတွေ လာဖတ်တတ်ကြတယ်၊ လူငယ်လေးတွေရဲ့ စိတ်ဓာတ်အတွက် အဓိက အားဆေးဟာ စာဖတ်ခြင်းပဲ မိုးနတ်မဒီရဲ့၊ ကိုယ့်ဘဝ တစ်ခုလုံးကိုလည်း ဒီစာအုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ပြီးတော့ပဲ မြင့်မားအောင် တည်ဆောက်ခဲ့တာလေ၊ စာအုပ်တွေက ကိုယ့်ရဲ့ ချစ်သူပဲ"

မိုးနတ် သူ့ကို လေးစားပျော်ဝင်သွားစိတ်ဖြင့် ငေးခနဲပင် စိုက်ကြည့်နေခဲ့မိသည်။ library လုပ်ထားသော ကားပေါ် တက်ခဲ့ပြီး စာအုပ်တွေကို မက်မောစွဲမက်စွာ တစ်အုပ်ချင်း ထုတ်ကိုင်ကြည့်မိရင်း စာမြည်းကြည့်မိတော့ မိုးနတ် ဖတ်ချင်တာတွေချည်း၊ တက်ကျမ်းတွေ . . . သုတ . . . ရသ စာပေတွေ၊ စာရေးနည်း အတတ်ပညာစာအုပ်တွေ၊ ဝတ္ထု တွေအားလုံးကို 'က'ကနေ 'အ'အထိ စနစ်တကျ စီစဉ်ထားခြင်း ဖြစ်သည်။ ဘာသာပြန် စာအုပ်တွေလည်း ရှိသည်။ စာပေလောကမှာ ရှားပါးနေသော အဖိုးတန်စာအုပ်တွေ. . .။

"အို . . . ဒီစာအုပ်တွေအကုန်ပြီးအောင် ဘယ်လိုဖတ်ရပါ့မလဲ"

မိုးနတ်၏ မျက်ဝန်းတွေ တလက်လက် တောက်ပ ထက်သန်စွာဖြင့် ညည်းညူမိတော့ သူက ပြုံးကာ . . .

"အလွယ်လေးပါ၊ နည်းလမ်းရှိပါတယ် မိုးနတ်မဒီရဲ့၊ ဒီကားကို မိုးနတ်မဒီရဲ့ အဆောင်ရှေ့မှာဖြစ်ဖြစ်၊ ခပ်လှမ်းလှမ်းမှာ ဖြစ်ဖြစ် ရပ်လို့ရတဲ့ နေရာကလေးမှာ ရပ်ထားပေးမှာပေါ့၊





ကားသော့ကို မိုးနတ်မဒီကို ပေးထားမယ်လေ၊ ဖတ်ချင်တဲ့ စာအုပ် ရွေးပြီးဖတ်ပေါ့၊ အချိန် ကြိုက်သလောက် ယူနိုင်ပါတယ်"

"ရက်ရောလှချည်လား ဦး၊ တကယ်ပဲလား၊ ကျေးဇူးတင်ဖို့ကောင်းလိုက်တာ၊ စာအုပ်တွေကိုတော့ ဘယ်လိုမှ ကိုဟန်မဆောင်နိုင်တာ၊ ငြင်းလည်း မငြင်းနိုင်ဘူး"

မိုးနတ်က မြသန်းတင့် ဘာသာပြန်သော "လေရူးသုန်သုန်" စာအုပ်ကြီးကို ဆွဲယူကာ ရေစပ်ကလေးနားမှာ ထိုင်ဖတ်နေလိုက်သေးသည်။ သူ့လက်ထဲမှာလည်း စာအုပ်တစ်အုပ်နှင့် . . .။ ဗန်းမော်တင်အောင်၏ "မြိုင်" ဖြစ်သည်။ ရှားပါးစာအုပ်တွေ သူ့စာကြည့်တိုက်ကလေးထဲမှာ အများကြီး။ ဒီစာကြည့်တိုက်ကလေး နှင့်တင် မိုးနတ် သူ့ကို တော်တော် impress ဖြစ်သွားခဲ့ရသည်။ သူဟာ စိတ်ဝင်စားဖွယ်ကောင်းသော လူတစ်ယောက်ဟုလည်း ပို၍ သတိထားမိလာသည်။ တော်တော်လေးကြာအောင် ငြိမ်သက်စွာ စာဖတ်နေခဲ့ပြီးချိန်မှာ သူက စတင်၍ . . .

"ဗိုက်မဆာဘူးလား . . . မိုးနတ်မဒီ"

ဟု . . . မေးသည်။ ရိုးသားစွာဖြေရလျှင် မိုးနတ် ဗိုက်ဆာနေပြီ။ ထို့ကြောင့် ခေါင်းပဲ ညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစားချင်လဲဟင် . . . ကိုယ် လိုက်ကျွေးပါရစေ"

"ကျွန်မ dim sum စားချင်တယ်"

"ကောင်းတယ် . . . ကိုယ်လည်း ကြိုက်တယ်၊ Royal Garden သွားရအောင်၊ ဒီနားလေးတင်ပဲ . . ."

မိုးနတ် ပျော်သွားသည်။ ကလေးငယ်တစ်ယောက် စားချင်တာကို စားခွင့်ရတော့မှာမို့ ပျော်ရွှင်သွားတဲ့ပုံမျိုးပါ။ သူ့ရဲ့ mobile library ကားရှေ့ခန်းမှာ အတူလိုက်ပါ ဝင်ထိုင်လိုက်ပြီး Royal Garden သို့ သူက မောင်းခဲ့သည်။ dim sum ပွဲတွေ စုံနေအောင် မှာပေးသဖြင့် မိုးနတ်ကလည်း ဟန်မဆောင်စတမ်း ပင် အားပါးတရ တဝကြီး စားပစ်သည်။ မိုးနတ်က dim sum သူရဲကိုး။ သူ့ကိုလည်း မရှက်တော့သလို ပိုပြီးတော့လည်း ရင်းနှီး ခင်မင်လာသည်။ ဗိုက်တော်တော် ပြည့်သွားချိန်မှာ . . .

"ကျေးဇူးတွေ အရမ်းများနေပြီ ဦး . . ."

"my pleasure ပါ . . . မိုးနတ်ရယ်၊ ကဲ အဆောင်ပြန်မှာလား၊ တခြားသွားစရာရှိသေးလား၊ အဆောင်ပြန်မယ်ဆိုရင် ကိုယ် ဒီကားနဲ့ပဲ လိုက်ပို့ပေးပြီး အဆောင်ရှေ့မှာ ကားရပ်ပေးထားခဲ့မယ်၊ သော့ကို မိုးနတ်ကို ပေးထားခဲ့မယ်၊ စာအုပ် ဖတ်ချင်ရင် သော့ဖွင့်ပြီး ဆင်းယူရအောင်





လေ. . . ."

မိုးနတ် သူ့ကို ခပ်စူးစူးကလေး အလေးအနက် စိုက်ကြည့်မိလိုက်ကာ . . .

"ဦး ဘာဖြစ်လို့ အဲဒီလို လုပ်တာလဲဟင်၊ ကျွန်မ တကယ် သိချင်လို့ပါ"

ဟု . . . မေးလိုက်မိသည်။ သူကလည်း မိုးနတ်ကို ပြန်လည်၍ စိုက်ကြည့်လာကာ . . .

"လူတစ်ယောက်ကို ဂရုစိုက်တယ် . . . တန်ဖိုးထား လေးစားတယ်ဆိုတာကို သူသိအောင် ပြသဖို့ဆိုတာ အလွယ်ကလေးပါ၊ သူ့ရဲ့စိတ်ကို အလွှမ်းမိုးဆုံး၊ အဆွဲဆောင်နိုင်ဆုံး အရာကလေးတွေကို ကိုယ်ပါ လိုက်ပါ မြတ်နိုး ဂရုစိုက်ပေးလိုက်တာမျိုးပါ"

ဟု . . . သူက အလေးအနက် ပြန်ဖြေလေသည်။ ထိုအဖြေစကားကြောင့် မိုးနတ်ရင်ခွင်တစ်ခုလုံး ပန်းရောင်စုံတွေ ပွင့်လန်းသွားသလို လင်းချင်းမွှေးပျံ့သွားခဲ့သလိုပင်။

"အဲဒါဆိုရင်တော့ ဦးရဲ့နည်းက ထိရောက်ပါတယ်၊ ကျွန်မကို ဦး တကယ် ဂရုစိုက်တယ်လို့ ခံစားရပါတယ်၊ ကျေးဇူးတင်ပါတယ် ဦး၊ ဦးလို လူတစ်ယောက်က ဂရုတစိုက် ဆက်ဆံပေး



www.burmeseclassic.com

www.burmeseclassic.com



တာကို ခံရတဲ့အတွက်လည်း ကျွန်မ ဂုဏ်ယူပါတယ်"

"ကိုယ့်ကို ဘာအလွှာမှ မပါအဲ သာမန်လူတစ်ယောက်လို့ပဲ သဘောထားပေးပါ မိုးနတ်"

"ဘာဖြစ်လို့လဲ ဦး . . ."

"ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က မင်းနဲ့ တန်းတူရွယ်တူ လူတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် လှည့်စားထားချင်လို့ပါ၊ အချိန်အဝါတွေ အသက်အရွယ်တွေကို ကိုယ်မေ့ထားချင်ပါတယ်"

"ဦးက အဆန်းပဲ . . . ကျွန်မ တွေ့ဖူးသမျှလူတွေထဲမှာ ဦးက အဆန်းဆုံးပဲ"

"ဟုတ်လား . . . ဒီထက်ပိုပြီး ဆန်းကြယ်သွားအောင် ကိုယ်နဲ့မင်း game တစ်ခု ကစားကြမလားလို့ ကိုယ် စဉ်းစားထားတာရှိတယ်"

"ဘာ game လဲ . . . ပြောပါဦး . . . ဦး၊ ဂိမ်းဆိုရင် ကျွန်မ စိတ်ဝင်စားတယ်"

" 'လိုတရ' ကစားနည်းတဲ့ . . . မင်း စိတ်ဝင်စားမှာပါ ဖျော်ဖို့လည်းကောင်းလိမ့်မယ်"

"နာမည်ကတင် စိတ်ဝင်စားဖို့ကောင်းနေပြီ ဦး၊ ကစားမယ်လေ . . . ပြောပါဦး"

"မင်းနဲ့ကိုယ် တစ်လှည့်စီ ကစားရမှာ၊ ဥပမာ ဆိုပါတော့၊ မင်းကစပြီး မင်းစိတ်ထဲမှာ အဖြစ်ချင်ဆုံး ဆန္ဒတစ်ခု၊ အလိုချင်ဆုံး အရာတစ်ခုကို ကိုယ့်ကို ပြောလိုက်ရင် ကိုယ်က အဲဒါကို တစ်ရက်အတွင်း ရအောင် ဖြည့်ဆည်းပေးရမယ်၊ မင်းကို 'လိုတရ' စေရမယ့် သဘောဆိုပါတော့၊ ကိုယ့်အလှည့်ကျရင်လည်း ကိုယ့်ရဲ့ဆန္ဒတစ်ခု၊ ဖြစ်ချင်တာတစ်ခုကို မင်းက တစ်လှည့် ပြန်ပြီး ဖြည့်ဆည်းပေးရမှာ၊ တစ်ချိန်ချိန်မှာ တစ်ယောက်ယောက်က မဖြည့်ဆည်းနိုင်ခဲ့ရင် game over ပေါ့၊ အဲဒီလူ အရှုံးပေါ့"

မိုးနတ်တောင် ကိုယ့်ကိုယ်ကိုယ် သတိမထားမိဘဲ သူ့ကစားနည်းအကြောင်းကို နားထောင်နေမိစဉ်မှာ ပြုံးနေမိခဲ့သည်။

"ရှုံးတဲ့လူက ဘာပေးရမှာလဲဟင်"

"ကစားတောင် မကစားရသေးဘူး၊ ရှုံးမှာကို ကြောက်နေပြီလား ကလေးမရဲ့၊ နိုင်တဲ့လူက ရှုံးတဲ့လူဆီမှာ ကြိုက်ရာ တစ်ခုခု တောင်းခွင့်ရှိတယ်လေ၊ အဲဒါကို သဘောတူလား"



www.burmeseclassic.com

www.burmeseclassic.com



"တူရမှာပေါ့လေ . . . game ကို စိတ်ဝင်စားတာကိုး"

"ဒါဖြင့် ဒီနေ့ စ,ကစားမယ်လေ"

"ကျွန်မအလှည့်နော် . . ."

"ဟုတ်ပါတယ် . . . မိုးနတ်က စ,ရမှာပါ။ ကဲ . . . စ"

မိုးနတ် မျက်လုံးကလေးမှိတ်ကာ စဉ်းစားလိုက် သည်။ အဖြစ်ချင်ဆုံး ဆန္ဒ၊ အလိုချင်ဆုံး အရာဟာ ဘာများ ဖြစ်မလဲ။

"ဟုတ်ပြီ . . . ကျွန်မ ကောင်းကင်ပေါ်က ကြယ်တွေကို သေသေချာချာ အနီးကပ် အသေးစိပ် မြင်ချင်တယ်"

မိုးနတ်က မဖြစ်နိုင်တာတစ်ခုကို ရှာကြံတောင်း ဆိုကြည့်လိုက်ခြင်းဖြစ်သည်။ ကဲ . . . သူ ဘယ်လိုရအောင် လုပ်ပေးမလဲ။ မိုးနတ်က ညစ်ကျယ်ကျယ် အပြုံးကလေးနှင့် သူ့ကိုကြည့်သည်။

"မိုးနတ်တို့အဆောင်က ညထွက်လို့ ရလို့လား . . ."

"ကျွန်မက ဂျာနယ်လစ်တစ်ယောက်မို့ အထူးအခွင့်အရေး အဖြစ်တော့ ရထားပါတယ်၊ ညဘက်ပွဲတွေ ဘာတွေ ရှိရင် သွားရတာကိုး"

"ကောင်းပြီ . . . ည ကြယ်တွေစုံတဲ့အချိန် ကိုယ် ခေါ် လာခေါ်လို့ဖြစ်မလား"





အဲဒါကို တောင်းဆိုပြီးမှ မှားသွားပြီလား . . . ဟု မိုးနတ် တွေးလိုက်မိသေးသည်။ ဒါပေမယ့်လည်း ကြယ်တွေကို တကယ်ကြည့်ချင်တာပါလေ။ ထို့ကြောင့် ခေါင်းညိတ် ပြလိုက်မိသည်။

"အခုတော့ ကျွန်မ အဆောင်ပဲ ပြန်လိုက်တော့မယ် ဦး၊ ယူထားပြီးသား သတင်းတွေ ပြန်ရေးစရာတွေရှိလို့၊ ညတော့ အားပါလိမ့်မယ်"

သူ့ကို ဘာဖြစ်လို့ အလိုလို ယုံကြည်စိတ်ချပြီးသား ဖြစ်နေရတာပါလိမ့်။ သူ ဘယ်သူဘယ်ဝါဆိုတာကို သိထားပြီးသား မို့လည်း ဖြစ်ပါလိမ့်မည်။ သူ့ library ကားကလေးနှင့် မိုးနတ် အဆောင်ထိ လိုက်ပို့ပေးပြီးနောက် ကားကို အရိပ်ရသော သစ်ပင် ရိပ်တစ်ခုအောက်မှာ ရပ်ထားပေးခဲ့ပြီး ကားသော့ကို မိုးနတ် လက်ထဲသို့ သူက စိတ်ချလက်ချပင် ထည့်ပေးခဲ့သည်။ ကားတစ်စီး လုံးအပြည့် မိုးနတ်ဖတ်ချင်သမျှ စာအုပ်တွေ ဟူသော အသိစိတ် ကလေးက မိုးနတ်ရင်တစ်ခုလုံးကို နွေးမြနေအောင် ဖမ်းစားထား သည်။ စာအုပ်တွေ အများကြီး ဖတ်ရတော့မှာပါလား . . . ဟု တစိမ့်စိမ့်တွေးပြီး ပျော်မိသော အပျော်က မိုးနတ်ပျော်ခဲ့ဖူးသမျှ ဘယ်အပျော်နှင့်မှ မတူပါချေ။ သူ့ဆီက အဖိုးတန် ကျောက်မျက်



www.burmeseclassic.com

www.burmeseclassic.com



ရတနာတစ်ခုခု လက်ဆောင်အဖြစ် လာပေးခဲ့လျှင်တောင် မိုးနတ် တကယ် ပျော်မိမှာမဟုတ်။ မက်မောမိမှာလည်း မဟုတ်ချေ . . .။

❦ ❦ ❦



BURMESE CLASSIC .com

## ဝံ-ဝ၁၆ပ

ဆင်၊ မိန်း၊ တောင်ဆန်း

"ဟိုးအဝေးကြီးက အရာတစ်ခုကို
အနီးကပ်မြင်ခွင့်ရအောင်
telescope က ကြားခံပေးတယ်၊
ဟိုးအဝေးကြီးက လူသားနှစ်ယောက်
ဆုံဆည်းခွင့်ရဖို့ကိုတော့
နှလုံးသားက ဆက်သွယ်ပေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ညကိုးနာရီလောက်အချိန်မှာ အဆောင်ဖုန်းဆီမှာ မိုးနတ်အတွက်ဖုန်းလာကြောင်း လာခေါ်သဖြင့် မိုးနတ် ဆင်းလာခဲ့သည်။ ဧည့်ခန်းထဲမှာရှိသော ဖုန်းကို ကိုင်လိုက်ရင်း . . .

"ဟယ်လို . . ."

ဟု . . . ဖုန်းထူးလိုက်ချိန်မှာ ဆဌမအာရုံဖြင့် အဲဒါ ဦးပဲ ဟု . . . အလိုလို သိနေခဲ့သည်။

"ကြယ်တွေ စုံနေပါပြီခင်ဗျာ . . . မိုးနတ်မဒီကြည့်ဖို့ အဆင်သင့်ပါပဲ"

ဆိုသော သူ့အသံကို ကြားလိုက်ရတော့ မိုးနတ် အလိုလို ပျော်သွားမိသည်။

"ဟုတ်လား . . . ခဏလေးစောင့်ပါ ဦး၊ အဆောင် ပိုင်ရှင် အန်တီ့ဆီမှာ ခွင့်တောင်းပြီးထွက်ခဲ့မယ်"

တီရှပ်ပေါ်က လည်သာဂျာကင်အနက်ကလေး ထပ်စွပ်ကာ ဂျင်း(န်)ပန်ကလေးနှင့်ပဲ ထွက်လာခဲ့သည်။ အဆောင် ရှေ့မှာ ရပ်ထားတာက အမိုးဖွင့်ထားသော Volkswagen ကားက လေး၊ ကားနောက်ခန်းမှာ တင်ထားတာက ဧရာမ telescope ကြီးတစ်လက်၊ မှန်ပြောင်းကြီးက ကြေးရောင်လက်နေသည်။ အိုး . . . တကယ်ပဲ ကြယ်တွေကို နီးနီးကလေး မြင်ခွင့်ရတော့မည်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ မိုးနတ် တကယ် ရင်ခုန်သွားပါသည်။ အဲဒီလို ကြည့်ချင်နေခဲ့တာ ကြာပြီလေ။ မှန်ပြောင်းကောင်းကောင်း မရှိလို့သာရယ်။

"အလွန်ဆုံး တစ်နာရီပဲ . . . မိုးနတ်၊ ဆယ်နာရီဆို ပြန်ပို့ပေးမှာပါ၊ ကိုယ့်ကို ယုံတယ်မှုလားဟင်"

"ယုံပါတယ်ရှင် . . ."

သူက ရန်ကုန်မြို့ထဲရှိ အမြင့်ဆုံး ဟိုတယ်လ် ခေါင်မိုးဆီသို့ ခေါ်သွားခဲ့ခြင်းဖြစ်သည်။ telescope ကြီးကို ဟိုတယ်လ်ဝန်ထမ်းနှစ်ယောက်က သယ်ပေးကြသည် . . .။ အမြင့်ဆုံးနေရာတစ်ခုကနေ စီးမိုးကြည့်ရသော မြင်ကွင်းတစ်ခုကို မိုးနတ်အခုမှပဲ ခံစားကြည့်ဖူးတော့သည်။ လှလိုက်တာ . . .။ သူက telescope ကြီးကို စနစ်တကျ ချိန်လျက်ရှိသည်။ မိုးနတ်ကအိမ်ခေါင်မိုးတွေ လှုပ်ရှားသွားလာနေသော ကားတွေကို ငုံ့ကြည့်ရင်း အသည်းတယားယားဖြစ်နေသည်။ အားလုံး အဆင်သင့်ဖြစ်ပြီဆိုတော့မှ သူက မိုးနတ်ကို ကြည့်စေသည်။ သူ ချိန်ထားသောခုနစ်စင်ကြယ်စုကလေး . . .။ ဟိုး ကောင်းကင်ပြင်ကြယ်မှာ မိုးနတ် အမြဲ ရှာဖွေကြည့်လေ့ရှိသော ခုနစ်စဉ်ကြယ်စုကို ထင်ထင်ရှားရှား၊ အနီးကပ် အသေးစိတ် မြင်တွေ့ခွင့်ရသော အဖြစ်သည် မိုးနတ်အတွက် စိတ်လှုပ်ရှားရင်ဖိုစရာ . . . အတွေ့အကြုံ တစ်ခုဖြစ်သည်။ သူက စာအုပ်တစ်အုပ်ကို ဖွင့်ဖတ်လိုက် . . . အဲဒီစာအုပ်ထဲက ကြယ်အစုတွေကို နာမည်တွေနှင့်တကွ ရှာဖွေပေးလိုက်နှင့် စိတ်ပါလက်ပါ စိတ်ဝင်တစား လုပ်ပေးလျက်ရှိသည်။ မိုးနတ် မသိသေးသော ကြယ်စဉ်တန်းတွေ အများကြီး . . .။ တချို့နာမည်တွေဆို အဆန်းအပြားတွေ . . .။ ကြားတောင် မကြားဖူးခဲ့။

ကြယ်တွေကို telescope နှင့် ကြည့်ခွင့်ရသော အရသာကလေးကို မိုးနတ် အလွန်သဘောကျမိပါသည်။ အချိန်တွေ ဘယ်လိုကုန်သွားမှန်းတောင် မသိလိုက်။

"ကဲ . . . ပြန်ဖို့ အချိန်တန်ပြီထင်တယ်နော် မိုးနတ်၊ ကိုယ့်ရဲ့ service ကို စိတ်ကျေနပ်မှုရှိရဲ့လား"

"သြော် . . . ဘယ်လိုပြောလိုက်ပါလိမ့်၊ အရမ်း ကျေနပ်တာပေါ့ ဦးရဲ့ . . . ဒီတစ်ခါ ဦးအလှည့်ပေါ့၊ ပြောပါဦး. . . ဦးရဲ့ အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုကို"

သူက စဉ်းတောင် မစဉ်းစားဘဲ ချက်ချင်း အဖြေပေးပါသည်။

"မိုးနတ်ရေးတဲ့ Romance ဝတ္ထုတိုကလေးတစ်ပုဒ် မနက်ဖြန် ကိုယ် ဖတ်ခွင့်ရချင်တယ် . . . "



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အိုး . . ."

သူ့ရဲ့ တောင်းဆိုမှုကြောင့် မိုးနတ် လှုပ်လှုပ်ရှားရှားကလေး ဖြစ်သွားခဲ့ပါသည်။ သူ့ရဲ့ဆန္ဒကလည်း ဆန်းလိုက် တာ။ မိုးနတ်မှာ ရေးပြီးသားဝတ္ထုတိုတွေရော၊ ရေးဖို့ အကြမ်း တို့ထားသော စိတ်ကူးတွေရော . . . အများကြီးပဲ ရှိနေတာကို သူများ ရိပ်မိသလား။ သူ့တောင်းဆိုမှုက မိုးနတ်အတွက် မခက်ခဲ လှပမယ့် လွယ်တော့လည်း မလွယ်ကူပါ။ မိုးနတ်ရဲ့ အားနည်းချက်က သတင်းဆောင်းပါးတွေ၊ အင်တာဗျူးဆောင်းပါးတွေ ဘယ်လောက်ပဲ ရေးရ ရေးရ ဘာမှမဖြစ်ပေမယ့် ကိုယ်တိုင် ရေးထားသော ကိုယ့်ပိုင်ဝတ္ထုကိုတော့ သူများဖတ်မှာ မကောင်းဘူး ထင်မှာကို အရမ်းစိုးရိမ်ခြင်းဖြစ်သည်။ ကိုယ်ရေးထားတာတွေ ဘာကိုမှ စိတ်တိုင်းကျ၊ အားရသည်ရယ်လို့ မရှိပါ။

"ကောင်းပြီ . . . မနက်ဖြန် ပေးဖတ်တာပေါ့၊ ဒါပေမယ့် ကျွန်မ ကြိုပြောထားမယ်နော်၊ လုံးဝ မရယ်ကြေး၊ ကျွန်မ ရေးထားတာ လုံးဝ မကောင်းဘူး"

"ဘာဖြစ်လို့ အဲဒီလို ကိုယ့်ကိုယ်ကို တန်ဖိုးလျှော့တွက် ထားရတာလဲ မိုးနတ်ရဲ့၊ မိုးနတ်မှာ စိတ်ကူးတွေ၊ ဇာတ်လမ်းတွေရှိရင် ကိုယ့်ကို ပြောပြပါ။ ကိုယ် နားထောင်ပေးမယ်၊





အဲဒီလို နားထောင်ပေးရတာကို အရမ်း ဝါသနာပါတယ်"

"အဲဒီလို စိတ်ဓာတ်မြှင့်တင်ပေးတဲ့အတွက် ကျေးဇူးပါ ဦး"

"ကောင်းသောညပါ မိုးနတ် . . ."

"ကောင်းသောညပါ ဦး . . ."

အဆောင်ကို ပြန်ရောက်တော့ သူပြောတဲ့အတိုင်း ဆယ်နာရီအတိ။ မနက်ဖြန် သူ့ကိုပေးဖတ်ဖို့ အချစ်ဝတ္ထုတိုကလေး တစ်ပုဒ် အသစ်ရေးချင်စိတ်ပေါက်လာသည်နှင့် စားပွဲမှာထိုင်မိသည်။ ဘယ်အရာကများ မိုးနတ်ကို ဒီည ဝတ္ထုရေးဖို့ စေ့ဆော်တွန်းအားပေးခဲ့ပါသလဲ။ အာရုံထဲမှာ ဒီနေ့ ကြည့်ခွင့်ရခဲ့သော ကြယ်တွေကို ပြန်အမှတ်ရမြင်ယောင်လာသလို စိတ်ထဲမှာ အတွေးကလေးတစ်ခု ပေါ်လာသည်။ ဟိုးအဝေးကြီးက အရာတစ်ခုကို အနီးကပ်မြင်ခွင့်ရအောင် telescope က ကြားခံပေးတယ်။ ဟိုးအဝေးကြီးက လူသားနှစ်ယောက် ဆုံဆည်းခွင့်ရဖို့ကိုတော့ နှလုံးသားက ဆက်သွယ် ပေးတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၅





www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်သောသူရဲ့အပြုံးက
တခြားသူတစ်ယောက်ရဲ့
ဘဝကို ပြောင်းလဲသွားစေတယ်ဆိုရင်
ယုံနိုင်စရာလားဟင်...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၄

ခါတိုင်းဆိုရင် တိုက်မှာ အလုပ်တွေပြီးချိန် ဒါမှ မဟုတ် အပြင်ထွက်ပြီး သတင်းယူစရာ အင်တာဗျူးစရာတွေ ရှိတယ်ဆိုရင်လည်း ကိုယ့်တာဝန်တွေ ကိုယ်ပြီးချိန်မှာ ဆုံနေကျ "Friends" ဆိုတဲ့ ကော်ဖီဆိုင်ကလေးမှာ ကြီးမြတ်၊ ယသော်တို့နှင့် ထိုင်နေကျ။ ဒီနေ့တော့ တစ်ယောက်ပိုတိုးလို့ လာသည်။ ဦး . . . ပေါ့။ ယသော်တို့၏ မျက်နှာပေးကလေးတွေကလည်း ပြုံးစိစိလိုလို ဘာလိုလို။ သူတို့ ဘယ်လိုတွေများ ထင်မြင် ယူဆနေကြမလဲ . . . မိုးနတ် မတွေးချင်။ ရှင်းပြနေလို့လည်း သူတို့ အလွယ်တကူ



www.burmeseclassic.com

www.burmeseclassic.com



ယုံမည်မဟုတ်။ ရှင်းပြနေစရာလည်း လိုမယ် မထင်ပါဘူးလေ။

"Ice Land ပိုင်ရှင် ဒေါ်နန်းယုယနဲ့ အင်တာဗျူးတာ ဘယ်လိုနေလဲ မိုးနတ်"

ယသော်က လှမ်းမေးခြင်းဖြစ်သည်။

"အိုး . . . excellent ပဲ၊ အရမ်းတော်တဲ့ အမျိုးသမီးတစ်ယောက်ပါ၊ သိပ်အားကျဖို့ကောင်းတယ် ယသော်ရဲ့၊ သူက သူ့ဘဝကို စနစ်တကျ plan လုပ်ထားပြီး အဲဒီအတိုင်း ကြိုးစားတာ၊ နောက်သုံးနှစ်မှာ သူ ဘာဖြစ်ရမယ် ဆိုပြီး target တစ်ခုထားပြီး အဲဒီ goal ကို ရောက်အောင် လုပ်တယ်တဲ့၊ ငယ်ငယ်ကတည်းက သူကြီးလာရင် ဘယ်အရွယ်ရောက်ရင် ဘာလုပ်မယ်၊ ဘာဖြစ်နေစေရမယ် ဆိုပြီး ရည်မှန်းချက် အရမ်းကြီးခဲ့တာတဲ့၊ မြန်မာပြည်မှာ ကျောင်းပြီးတော့၊ စင်္ကာပူထွက်ပြီး MBA ဆက်ယူသေးတယ်၊ ဟိုက Supermarket တွေမှာ အလုပ်တွေ လုပ်ခဲ့သေးတာ၊ အတွေ့အကြုံ တော်တော်ရှိလာပြီ၊ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်ရှိလာပြီဆိုမှ မြန်မာပြည်လာ၊ အဲဒီကနေလည်း အဆက်အသွယ်တွေ အများကြီးနဲ့ deal လုပ်ခဲ့သေးတာ၊ ပြီးမှ ဒီမှာ Ice Land Supermarket ကလေးတစ်ခု စဖွင့်ခဲ့





တာတဲ့၊ အခုဆို Ice Land Supermarket တွေ ရန်ကုန်၊ မန္တလေးနဲ့ တခြားမြို့တွေမှာလည်း ဆိုင်ခွဲတွေ အများကြီး ဖွင့်နိုင်ခဲ့တာ ဘယ်လောက် အောင်မြင်ထားသလဲ။ သူ့အသက်က ခုမှ ဘယ်လောက်ပဲ ရှိသေးတယ်လို့ နင် ထင်သလဲ ယသော်"

"လေးဆယ်ဝန်းကျင်ပေါ့၊ ငါ သူ့ပုံတွေကို မဂ္ဂဇင်းတွေမှာ တွေ့ဖူးတယ်၊ very smart lady ပါ၊ ခပ်ထက်ထက် အမျိုးသမီးမျိုး"

"အေး . . . သူ့အသက် သုံးဆယ့်ခွန်ပဲရှိသေးတယ်၊ ဘယ်လောက်အားကျဖို့ ကောင်းလဲနော်၊ ငါလည်း အသက်သုံးဆယ့်ခွန်မှာ Somebody တော့ ဖြစ်နေစေရမယ်၊ သူနဲ့တွေ့ပြီး ငါ့ရဲ့စိတ်တွေ အရမ်းတက်ကြွလာတယ် သိလား၊ ဒါကြောင့် ဖေဖေက အမြဲပြောတယ်၊ လူတော်တွေနဲ့ ပေါင်းရင် ကိုယ်လည်း တော်ချင်စိတ်တွေ ကူးစက်လာတယ်တဲ့"

"ဟဲ ဟဲ . . . နင် ဒါကြောင့် ဦးနေ့သစ်နဲ့ပေါင်းတယ် ဆိုပါတော့လေ"

ကြီးမြတ်က ကြဲတုန်းကြဲခိုက်ဝင်ထည့်နေလိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဲဒီတော့မှ မိုးနတ်က ကိုယ့်ဘာသာကိုယ် ဇောထက်သန်ပြီး အားပါးတရ ပြောနေရာကနေ ဦးကို သတိတရ လှမ်းကြည့်မိပြီး ပြုံး၍ ခေါင်းညိတ်ဝန်ခံလိုက်သည်။

"ဒါပေါ့ . . .၊ ဦးနဲ့ပေါင်းတာ သူ့ဆီက စိတ်ဓာတ်ခွန်အားတွေ ကူးစက်တယ်လေ"

ဦးက လက်ဝါးတစ်ဖက်ဖြန့်ခံရင်း . . .

"ဘယ်မှာလဲ . . . မနေ့က ကိုယ်မှာထားတာ"

ဟု တောင်းခံသည်။ အဲသည်တော့မှ မိုးနတ်က လည်သာလွယ်အိတ်ထဲကနေ မနေ့ကမှ လတ်လတ်ဆတ်ဆတ် တစ်ညလုံး ချာန်တွေဝင်စားပြီးရေးလာခဲ့သော ဝတ္ထုတိုကလေးကို သူ့လက်ထဲသို့ ထည့်ပေးလိုက်ရသည်။

"မရယ်ကြေးနော် . . . ဦး၊ ကျွန်မရဲ့ဝတ္ထုတွေ ဘယ်သူ့ ကိုမှ ပေးဖတ်ခဲ့တာမဟုတ်ဘူး၊ ဦးက ပထမဆုံးပဲ"

သူက လက်မကလေးထောင်ပြပြီး မိုးနတ်ရဲ့ ဝတ္ထုကို ချက်ချင်းပင်၊ စိတ်ပါဝင်စားစွာ ငုံ့ဖတ်နေတော့သည်။

"ကြည့်စမ်း၊ မိုးနတ်၊ နင်က ဒီလိုကြေးလား . . . ငါတို့ ကိုကျတော့ ဘယ်တုန်းကမှ ပေးမဖတ်ဘူး၊ လျှို့ထားပြီးတော့၊ ဦးနေ့သစ်ကျတော့ ထူးထူးဆန်းဆန်း . . . မရှက်ဘူးပေါ့





လေ"

ယသော် စကားနာထိုးတာကို ဦး ကြားဟန်မတူတော့။ ဝတ္ထုတိုကလေးကိုပဲ သည်းကြီးမည်းကြီး ဖတ်နေဆဲ။ မိုးနတ်က နှုတ်ခမ်းကလေးမှာ လက်ညှိုးတစ်ချောင်းထောင်ကာ. . .

"ရှူး၊ တိုးတိုးပြောပါ၊ နင်ကလဲ၊ သူနဲ့ငါ ဂိမ်းတစ်ခု ကစားနေတာပါ၊ 'လိုတရ' ဂိမ်းတဲ့၊ တစ်ယောက်တောင်းဆိုတဲ့ဟာကို . . . ကျန်တစ်ယောက်က ရအောင် ဖြည့်ဆည်းပေးရမယ်၊ မဖြည့်ဆည်းနိုင်ရင် game over ပေါ့"

"တယ်ဟုတ်ပါလား၊ အနိုင်အရှုံးက ဘာလဲ၊ ငါတို့လည်း စိတ်ဝင်စားလာပြီ"

"နိုင်တဲ့လူက ရှုံးတဲ့လူဆီက ကြိုက်ရာတောင်းခွင့်ရှိသတဲ့"

"ဓဟ . . . ဘုရား . . . ဘုရား၊ နင် မကြောက်ဘူးလား၊ အကယ်၍ မတော်တဆ နင်ရှုံးသွားခဲ့ရင်လေ"

"အောင်မာ . . . ဖွဟဲ့ . . . လွဲပါစေတော်၊ နင့်ပါးစပ်ပုပ်ကြီးနဲ့ ငါက ဘာလို့ ရှုံးရမှာလဲ၊ နိုင်အောင် ကစားမှာပေါ့ဟဲ့ . . ."

"နိုင်ရင် နင်က ဘာတောင်းမှာတုန်း"

"မသိသေးပါဘူး . . ."



www.burmeseclassic.com

www.burmeseclassic.com



သူ ဝတ္ထုတိုကို စိတ်ဝင်စားစွာ ငုံ့ဖတ်နေတာကို အခွင့်ကောင်းယူပြီး မိုးနတ်နှင့် ယသော် တိုးတိုးကျိတ်ကျိတ် ပြောနေကြခြင်းဖြစ်သည်။

"ဟဲ့ . . . ဒီနေ့ ဘယ်သွားကြဦးမှာလဲ၊ ငါ ဗိုက်ဆာပြီ ဟ၊ တစ်ခုခု သွားစားရအောင်၊ YKKO မှာ ကြေးအိုး သွားသောက်ရင် မကောင်းဘူးလား"

ကြီးမြတ်က ခါးကြောဆန့်ရင်း ဗိုက်ကို ပွတ်ကာ ပြောသည်။ မိုးနတ်က တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်စေသော စိတ်ကူးတစ်ခု ရသွားသည်။

"နေဦး . . . နင်တို့ ဝက်သားတုတ်ထိုး ဗန်းလိုက်မစားချင်ဘူးလား၊ ဒီနေ့ ဂိမ်းအရ ငါက သူ့ကို တောင်းဆိုအလှည့်လေ၊ တုတ်ထိုးတစ်ခြင်းလုံး သူ ယူပေးနိုင်၊ မပေးနိုင် ငါ တောင်းလိုက်မယ် . . . ဘယ်လိုလဲ၊ ငါလဲ တုတ်ထိုးအရမ်းစားချင်နေတယ်"

"ဂွတ်မှဂွတ်ပဲ မိုးနတ်ရေ . . . ငါက ဘီယာလေးနဲ့ မြည်းလိုက်ချင်သေး"

ကြီးမြတ်က မငြင်းရှာ။ ယသော်လည်း မျက်ဝန်းတွေတလက်လက်တောက်ပလို့။ စာမူကလေးဖတ်ပြီးချိန်ကို မိုးနတ်စောင့်နေလိုက်သည်။ စောင့်နေစဉ်မှာ သူ့ကို မျက်တောင်မခတ်စိုက်ကြည့်နေမိပြီး သူ့မျက်နှာပေါ်က အပြောင်းအလဲ အရိပ်အငွေ့ကလေးတွေကို အသေးစိတ် စောင့်ကြည့်နေမိခြင်းဖြစ်သည်။ သူ့မျက်ဆံကလေးတွေ ရွှေ့လျားနေတာကအစ သူ နှုတ်ခမ်းမှာ ပြုံးရိပ်ကလေး မသိမသာ စွန်းထင်းနေတာ အဆုံး မိုးနတ် မြင်နေရသည်။ စာမူကို ဖတ်ပြီးသွားချိန်မှာ သူ နှစ်လိုစွာပြုံးလိုက်သည်ကို မိုးနတ် သေချာ မြင်လိုက်ရသည်။ ထိုအပြုံးက မိုးနတ်ရင်ထဲကို လှိုက်ခနဲ ဖိုသွားစေသည်။ တစ်စုံတစ်ယောက် တစ်ခုခုကို သဘောကျ နှစ်သက်လွန်းစွာ ဟိုးရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ပြုံးလိုက်သော အပြုံးမျိုးကို မိုးနတ် တခြားလူတွေဆီမှာ မြင်ခဲ့ဖူးပါသည်။ သူ့ဆီမှာလောက် ကျေနပ်ဖို့မကောင်းခဲ့ . . .။ ကြည်နူးပျော်ရွှင်စရာ၊ စိတ်တက်ကြွစရာ မကောင်းခဲ့။ သူ့နှုတ်က ဖွင့်ပြောစရာမလိုဘဲ သူ နှစ်သက်သွားကြောင်းကို မိုးနတ် သိလိုက်သည်။ ပျော်လည်း ပျော်သွားမိသည်။ သူ့ဆီက မှတ်ချက်တစ်ခုကို အသည်းအသန်နားစွင့်မိဆဲ။

"ကွန်ဂရက်ကျူးလေးရှင်း(စ်) မိုးနတ် . . .၊ ဒီလောက်ကောင်းတဲ့ အချစ်ဝတ္ထုတိုကလေးမျိုး ကိုယ် ဖတ်နေတာကြာပြီ၊ မင်းရဲ့ စကားပြေ အရေးအသားက အရမ်း ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ စကားပြေကို ကဗျာဆန်ဆန် စကားလုံး အဆန်းကလေးတွေနဲ့ ကွန့်ပြီး ရေးတတ်တာကို ကြည်အေးဝတ္ထုတွေမှာပဲ ကိုယ်ဖတ်ဖူးတယ်၊ ပြီးတော့ ဒဂုန်တာရာပေါ့၊ မင်းအသက်အရွယ်နဲ့ အသစ်တစ်ယောက်ရေးတာလို့တောင် မထင်ရဘူး မိုးနတ်၊ ကိုယ် သဘောကျတာက မင်းမှာ ကိုယ်ပိုင်ဟန်ရှိတယ်၊ ရိုးသားမှုရှိတယ်၊ အရေးအသားပြေပြစ်တယ်၊ စာ,စရေးတဲ့ လက်လို့တောင် မထင်ရဘူး၊ အကြိုက်ဆုံးက ဘယ်သူ့ဟန်ကိုမှ မတုပ,တာပဲ၊ ကြည်အေးရဲ့ အရိပ်တောင် မလွှမ်းမိုးပါဘူး၊ မင်းရဲ့ ကိုယ်ပိုင်စတိုင်လ်လေး ရှိတယ်၊ အဲဒါကို ကိုယ် လေးစားတာပါ"

ဟူသော . . . ချီးကျူးစကားနှင့်အတူ သူ အားပါးတရ ပြုံးပြလိုက်လျှင် ထိုအပြုံးထဲမှာ မိုးနတ်တစ်ကိုယ်လုံး တုန်ရင်သွားခဲ့သည်။ အို . . . တစ်ယောက်သောသူရဲ့ အပြုံးက တခြားသူတစ်ယောက်ရဲ့ဘဝကို ပြောင်းလဲသွားစေတယ်ဆိုရင် ယုံနိုင်စရာလားဟင် . . .။

"တကယ်လားဟင် ဦး၊ ဦးပြောတာနဲ့ ကျွန်မ တော်တော်အားတက်သွားပြီ"

"တကယ်ပြောတာပါ . . . ကိုယ် မညာပါဘူး၊ ဒါ ညာစရာ





မှ မဟုတ်တာ၊ မိုးနတ်နဲ့ကိုယ် လောင်းမလား၊ ဒီဝတ္ထုတိုကို FAME မဂ္ဂဇင်းကိုပဲ ပို့ကြည့်၊ မိုးနတ် ဆုံးဖြတ်စရာမလိုဘူး၊ သူတို့ ရွေးလိမ့်မယ်၊ မရွေးရင် ကိုယ့်ကို ပြောချင်တာပြော၊ ကိုယ် ခံမယ်၊ ပို့ဖြစ်အောင် ပို့ပါ မိုးနတ်၊ ကိုယ် တကယ်အလေးအနက် ပြောနေတာ၊ လူတစ်ယောက်ဟာ ကိုယ့်ရဲ့ အရည်အချင်း၊ အစစ်အမှန်ကို ပရိသတ်ရှေ့ ရဲရဲဝံ့ဝံ့ ချပြသင့်တယ်၊ မချပြရဲရင် သရဲဘောကြောင်တာပဲ၊ သတ္တိမရှိရာ ရောက်တယ် မိုးနတ်၊ လူတစ်ယောက်ဟာ ဘဝမှာ တိုးတက်အောင်မြင်ချင်ရင် သတ္တိရှိဖို့က ပထမဆုံး လိုအပ်တယ်၊ အဲဒီသတ္တိက ဆုံးဖြတ်ပေးသွားတာပဲ၊ ဒီသတ္တိက ဘဝတစ်ခု ပြောင်းလဲသွားအောင် အများကြီး တွန်းပို့ပေးနိုင်တယ်နော်၊ ယုံရဲ့လား . . . မယုံရင် စမ်းကြည့်လိုက်"

"အိုကေလေ . . . ဦး ဒီလောက် အားပေးနေမှတော့ ကျွန်မ မနက်ဖြန် စာမူ section ဆီ ပို့ကြည့်ပါ့မယ်"

"လုပ်ပါ . . . လုပ်ကြည့်ပါ။ စွန့်စားရဲဖို့ကို ဘယ်တော့မှ မတွန့်ဆုတ်ပါနဲ့၊ မကြောက်ပါနဲ့"

"ကျွန်မမှာ ရေးထားပြီးသား ဝတ္ထုတိုတွေ ဆယ့်ငါးပုဒ်လောက်ကို ရှိတယ် ဦးရဲ့၊ စိတ်ပါတုန်း ရေးထားပြီး ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com





ဖိုင်လ်တွဲပြီး သိမ်းထားတာ"

"အဲဒါတွေ အကုန် ကိုယ်ဖတ်ချင်တယ်၊ ကိုယ့်ကို ပေးဖတ်ပါ မိုးနတ်"

"ဟုတ်ကဲ့ပါ . . . ကျွန်မ ဖိုင်လ်လိုက် ယူလာပေးပါ့မယ်၊ ကဲ ဒီနေ့ ဂိမ်း(မ်)အရ ကျွန်မဖြစ်ချင်တာကို တောင်းဆိုကြေးနော် . . .၊ တစ်နာရီအတွင်းမှာ ဒီနေရာကို တုတ်ထိုး ပူပူနွေးနွေး တောင်းလိုက်ကြီးရောက်လာအောင် ဦး လုပ်ပေးနိုင်ပါ့မလား"

မိုးနတ်က အပြုံးကလေးနှင့် စိန်ခေါ်သလို ပြောလိုက်လျှင် သူက မိုးနတ်ကို ခပ်သဲ့သဲ့ကြည့်ကာ ပြုံးပါသည်။

"ဂိမ်းနာမည်ကိုက 'လိုတရ'ပါ ဆိုမှ ကလေးမရယ်၊ ခဏလေး စောင့်"

သူ လှစ်ခနဲ ပျောက်သွားသည်။ မိုးနတ်အထင်တော့ တစ်နေရာရာသွားပြီး ဖုန်းခေါ်နေဟန်ရှိသည်။ ပြီးတော့ သူ ပြန်လာထိုင်သည်။ တစ်နာရီတောင် မကြာပါ၊ Friends ကော်ဖီဆိုင်ကလေးရှေ့သို့ တုတ်ထိုးသည်ကြီး Taxi ကားဖြင့် ရောက်လာပါတော့သည်။ တုတ်ထိုးတွေက လတ်လတ်ဆတ်ဆတ်၊ သန့်သန့်ပြန့်ပြန့် အပျံစား . . . အငွေ့တထောင်းထောင်းနှင့် ချက်ချင်း



ပူကျက်လာအောင် တုတ်ထိုးသည်ကြီးက မီးချက်ချင်း ဖြည့်ပေးပါသည်။

"ဟေး . . . တကယ် လိုတရတာပါလားဟယ်"

သုံးယောက်သား ကလေးတွေသဖွယ် ခွေးခြေပုပုကလေးတွေ ဆွဲယူထိုင်ကာ တုတ်ထိုးတွေ အားပါးတရ အလုအယက် ဝိုင်းစားနေတာကို သူပါ ဝင် join လာသည်။ ပြီးတော့ သူ ကျေကျေနပ်နပ် ပြုံးနေသည်။ ထိုအပြုံးထဲမှာ တစ်ခုခု ပါနေမှန်း မိုးနတ် အလိုလို ခံစားလို့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ခါတော့လည်း

ဘဝမှာ ဣန္ဒြေသိက္ခာကြီး တစ်ခွဲသားနဲ့

အတည်ပေါက်ကြီး နေရတဲ့ဘဝထက်

ခုလို လွတ်လပ်ပေါ့ပါးတဲ့ လူငယ်ကလေးဘဝကို

တစ်ခါပြန်ပြီး ရချင်မိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးရဲ့ဘဝဇာတ်ကြောင်း ကျွန်မကို ပုံပြင်တစ်ပုဒ်လို ပြောပြဖို့ စိတ်ကူးမရှိဘူးလားဟင်၊ ကျွန်မ နားထောင် ချင်လို့ပါ"

မိုးနတ်က စကားစ လိုက်မိသည်။

"ကိုယ်လည်း ပြောပြချင်ပါတယ်၊ အေးအေးဆေးဆေး ရှိတဲ့ တစ်နေ့ပေါ့"

ဟု . . . သူက ဖြေသည်။

"ဦး ဘာကြောင့် ဒီပုံစံနဲ့ ကျွန်မအနားကို ညနေတိုင်း ပုံမှန် ရောက်လာတတ်ရတာလဲဆိုတာကိုလည်း ကျွန်မ သိချင် သေးတယ်"

"ဒါကတော့ ဘာမှ မဆန်းပါဘူး၊ မင်းနဲ့ သူငယ်ချင်းတွေလို ရင်းရင်းနှီးနှီး ပေါင်းချင်လို့ပေါ့၊ မနက်ပိုင်းကနေ ညနေအထိ ကိုယ့်အလုပ်တွေ လုပ်စရာရှိတာတွေကို CHARM Co. Ltd ရဲ့ M.D အဖြစ်နဲ့ ကိုယ်တာဝန်ယူ လုပ်ရှားတယ်။ ညနေ ခြောက်နာရီနောက်ပိုင်းကို ကိုယ် ဂေါ့(ဖ်)တောင် သွား မရိုက်ချင်ဘဲ မိုးနတ်မဒီဆိုတဲ့ ကောင်မလေးရဲ့ သူငယ်ချင်း အဖြစ် ကိုယ် လှုပ်ရှားတယ်၊ ကိုယ့်ကိုယ်ကိုယ် နှစ်ကိုယ်ခွဲထား တယ်လေ၊ တစ်ခါတစ်ခါတော့လည်း ဘဝမှာ ဣန္ဒြေ သိက္ခာ ကြီး တစ်ခွဲသားနဲ့ အတည်ပေါက်ကြီး နေရတဲ့ ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ခုလို လွတ်လပ်ပေါ့ပါးတဲ့ လူငယ်ကလေးဘဝကို တစ်ခါပြန်ပြီး ရချင်မိသေးတယ်"

သူပြောပုံက တကယ်ပဲ တမ်းတမ်းတတ ရှိလှသည်။ ခုတော့ သူနှင့် တကယ်ပဲ သူငယ်ချင်းတွေလို ရင်းနှီး ကျွမ်းဝင်ခဲ့ပြီ။ သူ မိုးနတ်အနားကို ဒီပုံစံနဲ့ ရောက်လာခဲ့တာပဲ တစ်လကျော်ခဲ့ပြီလေ။ သူ့ရဲ့ တိုက်တွန်းအားပေးမှုကြောင့်ပဲ FAME မဂ္ဂဇင်း၏ ဝတ္ထုတို section ဆီ မိုးနတ် သွားတင်ထားလိုက်မိသော ဝတ္ထုတိုကလေးကို အယ်ဒီတာချုပ် ကိုယ်တိုင်က ရွေးချယ်ပြီး မဂ္ဂဇင်းထဲ ချက်ချင်း ထည့်ပေးလိုက်သည်။ ပြီးတော့ မိုးနတ်ကို ခေါ်တွေ့ ကာ . . .

"သမီး ဝတ္ထုတို အရေးကောင်းသားပဲ၊ မျှားမျှား ရေးစမ်း ကွာ၊ ဝတ္ထုတို လက်တစ်လက် ကောင်းကောင်းထွက်လာဖို့ လွယ်တာမဟုတ်ဘူး၊ မဂ္ဂဇင်းဝတ္ထုတိုပါ မကဘူး . . . ဝတ္ထုရှည်တို့ အခန်းဆက်တို့ ကြိုးစားကြည့်စမ်းပါကွယ်၊ ကိုယ့်ရဲ့ အယ်ဒီတာမို့လို့ ထည့်ပေးတာလို့ မထင်နဲ့၊ စာကောင်းလို့ ထည့်ပေးတာ"

ဟု . . . အားပါးတရ ချီးကျူးတာကို ခံယူခဲ့ရပြီး ပြီ။ သူ့ကိုပေးဖတ်ခဲ့သော စာမူ ဆယ့်ငါးပုဒ်ကိုလည်း သူက တစ်ပုဒ်ချင်း





သေသေချာချာ၊ စနစ်တကျ ဝေဖန်မှတ်ချက်ပေး ခဲ့သည်။ သူ့ကို ပေါ့ပေါ့ဆဆ တွက်ဆထား၍ မရ။ စာဖတ် အလွန်နာထားသူ တစ်ယောက်ဖြစ်သည်မို့ လေးစားဖို့လည်း ကောင်းသည်။

"မိုးနတ်ရဲ့ ဝတ္ထုတို ဆယ့်ငါးပုဒ်စလုံးကို FAME တစ်ခုတည်းကို မပေးဘဲ တခြား မဂ္ဂဇင်းတွေဆီ ဖြန့်ပြီး ပို့ကြည့်ပါ မိုးနတ်၊ မိုးနတ်ရဲ့ စာတွေမှာ ခေတ်ရဲ့အမြင်၊ ခေတ်အတွေးအခေါ်တွေ ရှိတယ်၊ ပို့ဖြစ်အောင် ပို့နော် မိုးနတ်၊ စာမူသွားပို့ရင် ကိုယ်ပါ အဖော်လိုက်ခဲ့ပေးဆို လိုက်ခဲ့ပေးမယ်၊ ကိုယ့်စာမူကလေး ဘယ်မဂ္ဂဇင်းက ရွေးပြီး သုံးလိုက်မလဲဆိုတာကို စိတ်ဝင်တစားနဲ့ မျှော်လင့်နေရတာကိုက အရသာတစ်ခု မိုးနတ်ရဲ့"

ဟု . . . သူကပြောသည်။

"ဦး ဘယ်လိုလုပ်ပြီး အဲဒီဖီလင်ကို သိနေရတာလဲ၊ ဦး ပို့ဖူးလို့လား"

ဟု . . . မေးမိတော့ သူက ပြုံး၍ပြောသည်။

"ကိုယ် ချစ်ခဲ့ဖူးတဲ့ မိန်းကလေးက စာရေးဆရာမ အရှုး အမူးဖြစ်ချင်ခဲ့တာလေ၊ သူ စာရှူးသမျှကို ကိုယ် လိုက်ရှူးခဲ့ရတာ၊ သူပို့သမျှ မဂ္ဂဇင်းတိုက်တွေဆီ ကိုယ်ပဲ ခြေတိုအောင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးခဲ့ရတာပေါ့။ အဲဒီခေတ်က တော့ ရှုမဝ၊ ပေဖူးလွှာ၊ ချယ်ရီ၊ သပြေပေါ့ . . .”

“သြော် . . .”

ဒါကြောင့်များ မိုးနတ်ကိုပါ စာရေးဆရာမဖြစ်အောင် တိုက်တွန်းနေတာလား . . . ဟုပင် မိုးနတ် တွေးမိသွားခဲ့၏။

“ဦးရဲ့ချစ်သူက စာရေးဆရာမ ဖြစ်သွားလားဟင်”

ဟု . . . မိုးနတ် ခပ်ဆဆကလေး မေးမိသည်။ ဘာကြောင့်မှန်းမသိ . . .။ ခုတလော သူ့အကြောင်းတွေ ပိုပြီးတော့ သိချင်၊ စပ်စုချင်စိတ်တွေ ထက်သန်လာခဲ့သည်။ သူ့ကို ပိုပြီးတော့ စိတ်ဝင်စားလာမိတာလား . . . ဟုပင် ကိုယ့်ကိုယ်ကိုယ် သံသယဝင်စရာ။ ကြီးမြတ်နှင့် ယသော်တို့ကတော့ သူ မရှိခိုက်မှာ အတိအလင်းပင် စွပ်စွဲခဲ့ကြပြီးပြီ။

“သေချာတယ် မိုးနတ် . . . ဦးနေ့သစ် နင့်ကို အပြတ် အသတ်ကို စိတ်ဝင်စားနေတာ၊ သူ့လို လူတစ်ယောက်က ဘာအကြောင်းမှမရှိဘဲ ဘာရည်ရွယ်ချက်မှ မရှိဘဲ နင့်ကို သူငယ်ချင်းဖြစ်ချင်ရုံသက်သက်နဲ့တော့ အလုပ်ပျက်ခံ၊ အချိန်ကုန်ခံပြီးတော့ ဆင်းမပေါင်းဘူး သူငယ်ချင်း၊ သူ နင့်ကို ရေရေလည်လည်ကို ကြွေနေတာ”





တဲ့ . . .။

“နင်က ဘယ်လိုလုပ် သိတုန်း ကြီးမြတ်ရဲ့ . . .”

ဟု . . . ပြန်မေးမိခိုက် မိုးနတ်ရင်က တဖိုဖို။

“သူ့မျက်လုံးတွေကြောင့်ပေါ့ဟ . . . ငါက ယောကျ်ား ချင်းပဲ၊ ကောင်းကောင်း ဖတ်တတ်တာပေါ့၊ သူ နင့်ကို ကြည့်တဲ့ အကြည့်တွေက နက်ရှိုင်းမှုတွေ အပြည့်၊ လှိုက်လှဲမှုတွေ၊ လေးနက်မှုတွေလည်း ပါတယ်၊ အဲဒါကို နင် လုံးဝ မရိပ်မိပါဘူး၊ ဘယ်လိုမှ မခံစားရပါဘူးလို့ နင် ငြင်းမယ် မကြံနဲ့၊ နင် အဲဒီလောက် မတုံးသေးဘူးဆိုတာ ငါသိတယ်၊ နင်ကိုယ်တိုင်လည်း သူ့ကို ပြန်ပြီး သာယာယစ်မူးနေတာမှ လား”

“ဟယ် . . . ကြည့်စမ်း၊ အကောင်ပလောင် အစုတ်အပြတ်၊ အဲတေအပေ၊ ငါ့ကိုများ စွပ်စွပ်စွဲစွဲ နိုင်လိုက်တာ”

အဲဒီအချိန်တုန်းက ကြီးမြတ်ကို ရှက်ရမ်းရမ်းပြီးတော့ ထုနှက်ဆိတ်ဆွဲတွန်းထိုးပစ်ခဲ့မိပေမယ့် မိုးနတ်ရင်ထဲ လှိုက်ဖို တိမ်းညွတ်နေမိတာကို ဝန်မခံချင်လို့ မရခဲ့။ သူဟာ တကယ်ပဲ မိုးနတ်ဆီ စနစ်တကျ၊ အကွက်တကျ စီစဉ်ပြီး ချဉ်းကပ်လာခဲ့ တာဟာ မိုးနတ်လို ဘာမဟုတ်တဲ့ ကောင်မလေးကို ကြွေမိလို့တဲ့

www.burmeseclassic.com



လား။ ထိုအတွေးက မိုးနတ်ကို သိမ်မွေ့စွာ ဖမ်းစားထားခဲ့လေသည်။

"သူလား ! စာရေးဆရာမတော့ ဖြစ်မလာခဲ့ပါဘူး။ အိမ်ထောင်ရှင်မ,တော့ ဖြစ်သွားခဲ့တယ်၊ ကိုယ့် အရင်းနှီးဆုံး သူငယ်ချင်းနဲ့ သူ လက်ထပ်လိုက်တယ်လေ၊ အင်း သူ့ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းလည်း ဖြစ်သေးတယ် ဆိုပါတော့၊ ကိုယ်တို့က ငယ်သူငယ်ချင်း သုံးယောက်လေ၊ အရမ်းချစ်ကြတာ၊ သုံးကိုယ့်တစ်စိတ် ဆိုပါတော့"

သူ့မျက်ဝန်းတွေဆီမှာ လွမ်းရိပ်၊ တမ်းတရိပ်ကို မိုးနတ် ရှာကြည့်မိသည်။ မှိန်မှိန်ပျပျကလေးတော့ ထင်နေသလိုပဲ။

"ဦး ပြန်အလာကို မစောင့်တဲ့ သူ့ကို စိတ်နာနေခဲ့သလား။ သူ့ကို ချစ်နေဆဲ တမ်းတနေဆဲပဲလား"

"အဲဒါတွေ ဘာဖြစ်လို့ သိချင်နေရတာလဲ ကလေးရယ်"

သူ 'ကလေးရယ်'ဟု အဖျားခတ်ညည်းလိုက်သံ ကလေးက မိုးနတ်ရင်ထဲ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားစေပါသည်။

"ဒီလိုပဲပေါ့ . . . ဦး မဖြေချင်ရင်နေပါ၊ ကျွန်မက သိချင်တာ သက်သက်ပါ"





"အချိန်က ကုစားပေးခဲ့ပြီးပြီ၊ ဘာလိုသေးတော့သလဲ၊ နှစ်ပေါင်းနှစ်ဆယ်ဆိုတာ ဘယ်လောက်ပဲ ချစ်လှပါချည်ရဲ့ဆိုတဲ့ လူတစ်ယောက်ကို တစ်ခါတစ်ရံမှ သတိရမိရုံက လွဲပြီး ကိုယ်နဲ့ ဘာမှ မဆိုင်တော့သလို မေ့သွားဖို့ လုံလောက်တဲ့ အချိန်တစ်ခုပါ . . .။ ဒဏ်ရာတစ်ခု အမာရွတ်ကလေးလောက်ပဲ ကျန်ပြီး မေ့မေ့ပျောက်ပျောက် ဖြစ်သွားဖို့ . . . အချစ်သစ် နောက်တစ်ခု ထပ်ပေါ်ပေါက် ရှင်သန်လာဖို့အတွက် လုံလောက်တဲ့ အချိန်တစ်ခုပါ . . . အခုနေ သူနဲ့ ပြန်တွေ့ရရင်တောင် ကိုယ် အရမ်း အရှုံးအမူး ချစ်မြတ်နိုး ခွဲလမ်းခဲ့ရတဲ့ ချစ်သူတစ်ယောက်ဆိုတာထက် . . . အချစ်ခင်ရဆုံး သူငယ်ချင်းတစ်ယောက်အဖြစ်ပဲ ပျော်မိတော့မယ် ထင်ပါတယ် . . .၊ အတိတ်ဆိုတာ ချန်ထားရစ်ခဲ့မယ်ဆိုရင် ပစ္စုပ္ပန်နဲ့ အဝေးကြီးပါ . . ."

သူက စကားပြောအလွန်ကောင်းသူဖြစ်သည်။ တစ်ခါတစ်ရံ သူ့စကားတွေထဲမှာ မိုးနတ် နစ်မျောပျော်ဝင် သွားရမြဲ . . .။ ဒီလိုနဲ့ပဲ သူက မိုးနတ်နှင့် တဖြည်းဖြည်းနီးလာ . . . မိုးနတ်အတွက် အသုံးဝင်မယ့် စာအုပ်တွေ ရှာဖွေပေးတတ်သလို မိုးနတ်ဆီက သူတောင်းဆိုခဲ့သမျှ ဆန္ဒတစ်ခုဟာလည်း "Romantic



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ဆုံး ဝတ္ထုတိုကလေးတစ်ပုဒ် ဖတ်ချင်တယ်" ဆိုတာမျိုး၊ မိုးနတ်ရေးချင်သော ဇာတ်လမ်းအတိုအထွာကလေးတွေ သူ့ကို ပြောပြစေတာမျိုး၊ စိတ်ဝင်တစား နားထောင်ပေးတာမျိုး၊ ချီးမွမ်း အားပေးအားမြှောက် စကားတွေနဲ့ မိုးနတ်ရဲ့ စိတ်ဓာတ်တွေကို မြှင့်တင်ပေးတတ်တာမျိုး၊ မိုးနတ် မလုပ်ဖြစ်သေးတာတွေကို လုပ်ဖြစ်သွားအောင် တိုက်တွန်းအားပေးခဲ့တာမျိုး . . . စသော လုပ်ရပ်များဖြင့် မိုးနတ်၏ ဘဝကလေးထဲသို့ တစ်စထက်တစ်စ ပိုင်ပိုင်နိုင်နိုင် ဝင်ရောက်နေရာယူလာနိုင်ခဲ့တော့သည်။ မိုးနတ် အတွက်တော့ ဒါဟာ အိပ်မက်တစ်ခု မက်နေခဲ့ရသလိုပင် . . .။ ထိုအိပ်မက်ကလေးကိုတော့ မက်မက်မောမော ရှိလှသည်။



# အခန်း - ၆





www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်က ပျားရည်မြစ်တစ်စင်းနဲ့တူတယ်။ အဲဒီ ပျားရည်မြစ်ထဲကို ရောက်လာတဲ့ ပန္နလက်နှင်းဆီကလေးက ပျားရည်မြစ်ကြီးရဲ့ အေးစက် ခဲကျဉ်နေတဲ့ မာတတ်တစ်ခုလုံးကို ရုတ်တရက် ပွန်းလှုပ်ရှားသက်ဝင်ချိုမြလာအောင်တတ်နိုင်ခဲ့တယ်။ သာမန်နှင်းဆီနဲ့မတူဘူး ...

ပန္နလက်ပါတဲ့ နှင်းဆီမျိုးမှ ပျားရည်မြစ်ကြီးက နွေးနွေးချိုချို စီးဆင်းနိုင်တာ။ ကိုယ်က ပျားရည်မြစ်တစ်စင်းဆိုမင်းက ပန္နလက်နှင်းဆီကလေးပေါ့ တောင်မလေးရဲ့..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၆

အဲဒီနေ့က အခြေအနေတစ်ခုကို မိုးနတ် ဘယ်တော့မှ မမေ့တော့ဘူးထင်သည်။ ကြီးမြတ်နှင့် ယသော်တို့က ညနေခင်း ပွဲတစ်ခုအတွက် သတင်း သွားယူရမှာမို့ Friends သို့ ရောက်မလာနိုင်။ တကယ်တော့ မိုးနတ်လည်း အလုပ်တွေ ရှိပါသည်။ စာပေစိစစ်ရေးဆီ တင်တော့မည့် FAME မဂ္ဂဇင်းအတွက် စာမူတွေအားလုံးကို အချောသတ် ပြန်စစ်ဆေးပေးဖို့ အယ်ဒီတာချုပ်က တာဝန်ပေးထားသည်မို့ ဒီည အပြီးသတ် စစ်ဆေးရပါမည်။ ဒီအချိန်ဆို Friends သို့ ရောက်လာတတ်သော ဦး တစ်ယောက်တည်း လာစောင့်နေမှာစိုးသောကြောင့် မိုးနတ်ရောက်လာခဲ့ခြင်း ဖြစ်သည်။ မိုးနတ် မရောက်ခင် သူ အမြဲ စောကြိုရောက်နေတတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ မိုးနတ်ကို မြင်လိုက်သည်နှင့် ပြုံးသွားသောသူ့မျက်နှာကို မြင်ချင်သောကြောင့်လည်း ဖြစ်သည်။ မရှက်တမ်း ဝန်ခံရလျှင် ထိုတဒင်္ဂမှာ အသက်အရွယ် ကွာခြားမှုကို မိုးနတ် တကယ်ပဲ မေ့လျော့နေတတ်ခဲ့သည်။ သူ့ကို ကြီးမြတ်နှင့်ရွယ်တူ လူငယ်လေး တစ်ယောက်အဖြစ်သာ ခံစားမိသည်။

"ဟိုနှစ်ကောင်ကတော့ ဒီနေ့ မလာဖြစ်ဘူး ဦး၊ SEDONA မှာ ပွဲရှိလို့ သတင်းသွားယူတယ်၊ မိုးနတ်လည်း ဒီနေ့ လုပ်စရာအလုပ်ကလေးတွေရှိလို့ စောစော ပြန်ရမယ် သိလား"

ဟု . . . မိုးနတ်က သူ့ရှေ့မှာ ဝင်ထိုင်လိုက်ရင်း ကြိုပြောထားလိုက်သည်။

"ကောင်းပြီလေ . . . ဒါဖြင့် ဒီနေ့အတွက် ဂိမ်းကစား ပြီးရင် ပြန်ကြတာပေါ့၊ ဒီနေ့ ကိုယ့်အလှည့်နော်"

"ဟုတ်ပါ့ရှင် . . ."

"ဒိုကေ . . . လူတစ်ယောက်က မင်းရဲ့ လှုပ်ရှားမှုတွေကို တစ်နာရီတိတိ မျက်လုံးမလွှဲစတမ်း စောင့်ကြည့်နေမယ် ဆိုပါတော့ . . . မင်း ခံနိုင်ပါ့မလား"

"အဲဒီလူတစ်ယောက်က ဦးမှ ဟုတ်ရဲ့လား"





"မဆိုးဘူး . . . မင်း တော်တယ်"

"ဟား ဟား . . . ဦးကတော့ လုပ်ပြီကွာ၊ ရတယ်လေ၊ စိမ်လိုက်ပေါ့၊ ဦးက ကျွန်မကို ဒီအတိုင်း ထိုင်ကြည့်နေ မှာလား၊ တော်တော်ကြောင်မှာပဲနော်၊ ဒါဖြင့် ဒီလိုလုပ်မယ်၊ ကျွန်မလည်း အလုပ်ပြီးအောင် မနက်ဖြန် စိစစ်ရေး တင်ရ မယ့် စာမူတွေကို ဒီမှာပဲ ထိုင်စစ်နေလိုက်မယ်လေ၊ ဦး ဘာသာ ကြိုက်သလောက် ထိုင်ကြည့်ပေတော့၊ ကျွန်မ မနေ တတ်စရာအကြောင်း မရှိတော့ဘူးပေါ့"

"ရပါတယ် . . . ကြိုက်သလိုနေပါ၊ ကိုယ်က ထိုင်ကြည့် နေရုံပဲ"

"တစ်နာရီပဲလား . . ."

"မင်းက ဘယ်နှနာရီအကြည့်ခံချင်လို့လဲ၊ နှစ်နာရီဆိုလည်း ရတယ်လေ"

"အာ . . . တော်ပါပြီ၊ တစ်နာရီဆို တော်ရောပေါ့၊ ကဲ . . . စတော့ ဦး . . . နေဦး ကျွန်မ Cappuccino ကလေးတော့ မှာသောက်ပါရစေဦး၊ အလုပ်လုပ်ရင် ကော်ဖီကလေးတော့ သောက်နေရမှ"

မိုးနတ်က ကော်ဖီတစ်ခွက်မှာပြီး အလုပ်တွေ စတော့



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတော့သည်။ သူက စကားတစ်ခွန်းမှ မဆိုဘဲ မိုးနတ်ကို ဒီအတိုင်း ငုတ်တုတ်ထိုင် စိုက်ကြည့်နေတော့သည်။ ပထမတော့ မိုးနတ်က ကိုယ့်အလုပ်ထဲ အာရုံစိုက်ထားလျှင် သူ ဘယ်လောက်ပဲ ကြည့်နေကြည့်နေ ကိစ္စမရှိ . . . ဟု ထင်ထားခဲ့တာ။ တကယ်တမ်း ကျတော့ သူ ကိုယ့်ကို စိုက်ကြည့်နေပါလား . . . ဆိုသော အသိက မိုးနတ်ကို လွှမ်းမိုးထားသည်။ ခေါင်းထဲပဲ ကျိန်းလာသလိုလို မျက်နှာကြီးပဲ ရှိန်းမြမြ ဖိုလာသလို၊ ရင်ဘတ်ထဲမှာ တစ်မျိုးကြီး ဖြစ်လာသည်။ အလုပ်ထဲမှာ ဖြောင့်ဖြောင့် အာရုံစိုက်ထား၍ မရ၊ သူ့ဆီ မကြာခဏ ပြန်ကြည့်မိသည်။ ကြည့်မိတိုင်းလည်း ညို့ရိပ် ဆင်နေသော သူ့ မျက်ဝန်းတွေကြောင့် ရင်ထဲ ဖြောင်းဆန်သွားရ မြဲ . . .။ ဘုရားရေ . . . သူ ဘာစိတ်ကူးနဲ့များ ဒါကို ဂိမ်းတစ်ခု အဖြစ် စတန့်ထွင်ခဲ့တာပါလဲ . . . ။

နာရီဝက်လောက်အထိပဲ မိုးနတ် အစွမ်းကုန် သည်းခံ နိုင်သည်။ တဖြည်းဖြည်းနှင့် လူက ထူပူရှိန်းမြလာပြီး ကယောင် ကတမ်းတွေ၊ အမှားမှားအယွင်းယွင်းတွေ ဖြစ်လာပြီ။ စာမူဖိုင်(လ်) တွဲကြီးကို ဖျတ်ခနဲ ပိတ်လိုက်ကာ မျက်နှာကို ဖိုင်လ်တွဲပေါ် မှောက် ချထားလိုက်ပြီး မိုးနတ် တသိမ့်သိမ့် ရယ်မောမိတော့သည်။

"တော်ပြီ ဦးရာ . . . ကျွန်မ တကယ် မနေတတ်တော့ဘူး။





"ဦးရဲ့ဘဝဇာတ်ကြောင်း ကျွန်မကို ပုံပြင်တစ်ပုဒ်လို ပြောပြဖို့ စိတ်ကူးမရှိဘူးလားဟင်၊ ကျွန်မ နားထောင် ချင်လို့ပါ"

မိုးနတ်က စကားစ,လိုက်မိသည်။

"ကိုယ်လည်း ပြောပြချင်ပါတယ်၊ အေးအေးဆေးဆေး ရှိတဲ့ တစ်နေ့ပေါ့"

ဟု . . . သူက ဖြေသည်။

"ဦး ဘာကြောင့် ဒီပုံစံနဲ့ ကျွန်မအနားကို ညနေတိုင်း ပုံမှန် ရောက်လာတတ်ရတာလဲဆိုတာကိုလည်း ကျွန်မ သိချင် သေးတယ်"

"ဒါကတော့ ဘာမှ မဆန်းပါဘူး၊ မင်းနဲ့ သူငယ်ချင်းတွေလို ရင်းရင်းနှီးနှီး ပေါင်းချင်လို့ပေါ့၊ မနက်ပိုင်းကနေ ညနေအထိ ကိုယ့်အလုပ်တွေ လုပ်စရာရှိတာတွေကို CHARM Co. Ltd ရဲ့ M.D အဖြစ်နဲ့ ကိုယ်တာဝန်ယူ လုပ်ရှားတယ်။ ညနေ ခြောက်နာရီနောက်ပိုင်းကို ကိုယ် ဂေါ့(ဖ်)တောင် သွား မရိုက်ချင်ဘဲ မိုးနတ်မဒီဆိုတဲ့ ကောင်မလေးရဲ့ သူငယ်ချင်း အဖြစ် ကိုယ် လှုပ်ရှားတယ်၊ ကိုယ့်ကိုယ်ကိုယ် နှစ်ကိုယ်ခွဲထား တယ်လေ၊ တစ်ခါတစ်ခါတော့လည်း ဘဝမှာ ဣန္ဒြေ သိက္ခာ ကြီး တစ်ခွဲသားနဲ့ အတည်ပေါက်ကြီး နေရတဲ့ ဘဝထက်



www.burmeseclassic.com

www.burmeseclassic.com



ခုလို လွတ်လပ်ပေါ့ပါးတဲ့ လူငယ်ကလေးဘဝကို တစ်ခါပြန်ပြီး ရချင်မိသေးတယ်"

သူပြောပုံက တကယ်ပဲ တမ်းတမ်းတတ ရှိလှသည်။ ခုတော့ သူနှင့် တကယ်ပဲ သူငယ်ချင်းတွေလို ရင်းနှီး ကျွမ်းဝင်ခဲ့ပြီ။ သူ မိုးနတ်အနားကို ဒီပုံစံနဲ့ ရောက်လာခဲ့ထာပဲ တစ်လကျော်ခဲ့ပြီလေ။ သူ့ရဲ့ တိုက်တွန်းအားပေးမှုကြောင့်ပဲ FAME မဂ္ဂဇင်း၏ ဝတ္ထုတို section ဆီ မိုးနတ် သွားတင်ထားလိုက်မိသော ဝတ္ထုတိုကလေးကို အယ်ဒီတာချုပ် ကိုယ်တိုင်က ရွေးချယ်ပြီး မဂ္ဂဇင်းထဲ ချက်ချင်း ထည့်ပေးလိုက်သည်။ ပြီးတော့ မိုးနတ်ကို ခေါ်တွေ့ ကာ . . .

"သမီး ဝတ္ထုတို အရေးကောင်းသားပဲ၊ များများ ရေးစမ်း ကွာ၊ ဝတ္ထုတို လက်တစ်လက် ကောင်းကောင်းထွက်လာဖို့ လွယ်တာမဟုတ်ဘူး၊ မဂ္ဂဇင်းဝတ္ထုတိုပါ မကဘူး . . . ဝတ္ထုရှည်တို့ အခန်းဆက်တို့ ကြိုးစားကြည့်စမ်းပါကွယ်၊ ကိုယ့်ရဲ့ အယ်ဒီတာမို့လို့ ထည့်ပေးတာလို့ မထင်နဲ့၊ စာကောင်းလို့ ထည့်ပေးတာ"

ဟု . . . အားပါးတရ ချီးကျူးတာကို ခံယူခဲ့ရပြီး ပြီ၊ သူ့ကိုပေးဖတ်ခဲ့သော စာမူ ဆယ့်ငါးပုဒ်ကိုလည်း သူက တစ်ပုဒ်ချင်း





သေသေချာချာ၊ စနစ်တကျ ဝေဖန်မှတ်ချက်ပေး ခဲ့သည်။ သူ့ကို ပေါ့ပေါ့ဆဆ တွက်ဆထား၍ မရ။ စာဖတ် အလွန်နှာထားသူ တစ်ယောက်ဖြစ်သည်မို့ လေးစားဖို့လည်း ကောင်းသည်။

"မိုးနတ်ရဲ့ ဝတ္ထုတို ဆယ့်ငါးပုဒ်စလုံးကို FAME တစ်ခုတည်းကို မပေးဘဲ တခြား မဂ္ဂဇင်းတွေဆီ ဖြန့်ပြီး ပို့ ကြည့်ပါ မိုးနတ်၊ မိုးနတ်ရဲ့ စာတွေမှာ ခေတ်ရဲ့အမြင်၊ ခေတ်အတွေးအခေါ်တွေ ရှိတယ်၊ ပို့ဖြစ်အောင် ပို့နော် မိုးနတ်၊ စာမူသွားပို့ရင် ကိုယ်ပါ အဖော်လိုက်ခဲ့ပေးဆို လိုက်ခဲ့ပေးမယ်၊ ကိုယ့်စာမူကလေး ဘယ်မဂ္ဂဇင်းက ရွေးပြီး သုံးလိုက်မလဲ ဆိုတာကို စိတ်ဝင်တစားနဲ့ မျှော်လင့်နေရတာကိုက အရသာ တစ်ခု မိုးနတ်ရဲ့"

ဟု . . . သူကပြောသည်။

"ဦး ဘယ်လိုလုပ်ပြီး အဲဒီဖီလင်ကို သိနေရတာလဲ၊ ဦး ပို့ဖူးလို့လား"

ဟု . . . မေးမိတော့ သူက ပြုံး၍ဖြေသည်။

"ကိုယ် ချစ်ခဲ့ဖူးတဲ့ မိန်းကလေးက စာရေးဆရာမ အရူး အမူး ဖြစ်ချင်ခဲ့တာလေ၊ သူ စာရူးသမျှကို ကိုယ် လိုက်ရူးခဲ့ရတာ၊ သူပို့သမျှ မဂ္ဂဇင်းတိုက်တွေဆီ ကိုယ်ပဲ ခြေတိုအောင်



www.burmeseclassic.com

www.burmeseclassic.com





လိုက်ပို့ပေးခဲ့ရတာပေါ့၊ အဲဒီခေတ်က တော့ ရှမဝ၊ ပေဖူးလွှာ၊ ချယ်ရီ၊ သပြေပေါ့ . . .”

“သြော် . . .”

ဒါကြောင့်များ မိုးနတ်ကိုပါ စာရေးဆရာမဖြစ်အောင် တိုက်တွန်းနေတာလား . . . ဟုပင် မိုးနတ် တွေးမိသွားခဲ့၏။

“ဦးရဲ့ချစ်သူက စာရေးဆရာမ ဖြစ်သွားလားဟင်”

ဟု . . . မိုးနတ် ခပ်ဆဆကလေး မေးမိသည်။ ဘာကြောင့်မှန်းမသိ . . .။ ခုတလော သူ့အကြောင်းတွေ ပိုပြီးတော့ သိချင်၊ စပ်စုချင်စိတ်တွေ ထက်သန်လာခဲ့သည်။ သူ့ကို ပိုပြီးတော့ စိတ်ဝင်စားလာမိတာလား . . . ဟုပင် ကိုယ့်ကိုယ်ကိုယ် သံသယဝင်စရာ။ ကြီးမြတ်နှင့် ယသော်တို့ကတော့ သူ မရှိခိုက်မှာ အတိအလင်းပင် စွပ်စွဲခဲ့ကြပြီးပြီ။

“သေချာတယ် မိုးနတ် . . . ဦးနေ့သစ် နင့်ကို အပြုတ် အသတ်ကို စိတ်ဝင်စားနေတာ၊ သူလို လူတစ်ယောက်က ဘာအကြောင်းမှမရှိဘဲ ဘာရည်ရွယ်ချက်မှ မရှိဘဲ နင့်ကို သူငယ်ချင်းဖြစ်ချင်ရုံသက်သက်နဲ့တော့ အလုပ်ပျက်ခံ၊ အချိန်ကုန်ခံပြီးတော့ ဆင်းမပေါင်းဘူး သူငယ်ချင်း၊ သူ နင့်ကို ရေရေလည်လည်ကို ကြွေနေတာ”

တဲ့ . . .။

“နင်က ဘယ်လိုလုပ် သိတုန်း ကြီးမြတ်ရဲ့ . . .”

ဟု . . . ပြန်မေးမိခိုက် မိုးနတ်ရင်က တဖိုဖို။

“သူ့မျက်လုံးတွေကြောင့်ပေါ့ဟ . . . ငါက ယောကျ်ားချင်းပဲ၊ ကောင်းကောင်း ဖတ်တတ်တာပေါ့၊ သူ နင့်ကို ကြည့်တဲ့ အကြည့်တွေက နက်ရှိုင်းမှုတွေ အပြည့်၊ လှိုက်လှဲမှုတွေ၊ လေးနက်မှုတွေလည်း ပါတယ်၊ အဲဒါကို နင် လုံးဝ မရိပ်မိပါဘူး၊ ဘယ်လိုမှ မခံစားရပါဘူးလို့ နင် ငြင်းမယ် မကြံနဲ့၊ နင် အဲဒီလောက် မတုံးသေးဘူးဆိုတာ ငါသိတယ်၊ နင်ကိုယ်တိုင်လည်း သူ့ကို ပြန်ပြီး သာယာယစ်မူးနေတာမှ လား”

“ဟယ် . . . ကြည့်စမ်း၊ အကောင်ပလောင် အစုတ်အပြတ်၊ အတေအပေ၊ ငါ့ကိုများ စွပ်စွပ်စွဲစွဲ နိုင်လိုက်တာ”

အဲဒီအချိန်တုန်းက ကြီးမြတ်ကို ရှက်ရမ်းရမ်းပြီးတော့ ထုနှက်ဆိတ်ဆွဲတွန်းထိုးပစ်ခဲ့မိပေမယ့် မိုးနတ်ရင်ထဲ လှိုက်ဖို တိမ်းညွှတ်နေမိတာကို ဝန်မခံချင်လို့ မရခဲ့။ သူဟာ တကယ်ပဲ မိုးနတ်ဆီ စနစ်တကျ၊ အကွက်တကျ စီစဉ်ပြီး ချဉ်းကပ်လာခဲ့ တာဟာ မိုးနတ်လို ဘာမဟုတ်တဲ့ ကောင်မလေးကို ကြွေမိလို့





www.burmeseclassic.com

www.burmeseclassic.com



လား။ ထိုအတွေးက မိုးနတ်ကို သိမ်မွေ့စွာ ဖမ်းစားထားခဲ့လေသည်။

"သူလား ! စာရေးဆရာမတော့ ဖြစ်မလာခဲ့ပါဘူး၊ အိမ်ထောင်ရှင်မတော့ ဖြစ်သွားခဲ့တယ်၊ ကိုယ့် အရင်းနှီးဆုံး သူငယ်ချင်းနဲ့ သူ လက်ထပ်လိုက်တယ်လေ၊ အင်း သူ့ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းလည်း ဖြစ်သေးတယ် ဆိုပါတော့၊ ကိုယ်တို့က ငယ်သူငယ်ချင်း သုံးယောက်လေ၊ အရမ်းချစ်ကြတာ၊ သုံးကိုယ့်တစ်စိတ် ဆိုပါတော့"

သူ့မျက်ဝန်းတွေဆီမှာ လွမ်းရိပ်၊ တမ်းတရိပ်ကို မိုးနတ် ရှာကြည့်မိသည်။ မှိန်မှိန်မျှမျှကလေးတော့ ထင်နေသလိုပဲ။

"ဦး ပြန်အလာကို မစောင့်တဲ့ သူ့ကို စိတ်နာနေခဲ့သလား၊ သူ့ကို ချစ်နေဆဲ တမ်းတနေဆဲပဲလား"

"အဲဒါတွေ ဘာဖြစ်လို့ သိချင်နေရတာလဲ ကလေးရယ်"

သူ 'ကလေးရယ်'ဟု အဖျားခတ်ညည်းလိုက်သံကလေးက မိုးနတ်ရင်ထဲ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားစေပါသည်။

"ဒီလိုပဲပေါ့ . . . ဦး မပြောချင်ရင်နေပါ၊ ကျွန်မက သိချင်တာ သက်သက်ပါ"





"အချိန်က ကုစားပေးခဲ့ပြီးပြီ၊ ဘာလိုသေးတော့သလဲ၊ နှစ်ပေါင်းနှစ်ဆယ်ဆိုတာ ဘယ်လောက်ပဲ ချစ်လှပါချည်ရဲ့ဆိုတဲ့ လူတစ်ယောက်ကို တစ်ခါတစ်ရံမှ သတိရမိရုံကလွဲပြီး ကိုယ်နဲ့ ဘာမှ မဆိုင်တော့သလို မေ့သွားဖို့ လုံလောက်တဲ့ အချိန်တစ်ခုပါ . . .။ ဒဏ်ရာတစ်ခု အမာရွတ်ကလေးလောက်ပဲ ကျန်ပြီး မေ့မေ့ပျောက်ပျောက် ဖြစ်သွားဖို့ . . . အချစ်သစ် နောက်တစ်ခု ထပ်ပေါ်ပေါက်ရှင်သန်လာဖို့အတွက် လုံလောက်တဲ့ အချိန်တစ်ခုပါ . . . အခုနေ သူနဲ့ ပြန်တွေ့ရရင်တောင် ကိုယ် အရမ်း အရူးအမူး ချစ်မြတ်နိုး စွဲလမ်းခဲ့ရတဲ့ ချစ်သူတစ်ယောက်ဆိုတာထက် . . . အချစ်ခင်ရဆုံး သူငယ်ချင်းတစ်ယောက်အဖြစ်ပဲ ပျော်မိတော့မယ် ထင်ပါတယ် . . .၊ အတိတ်ဆိုတာ ချန်ထားရစ်ခဲ့မယ်ဆိုရင် ပစ္စုပ္ပန်နဲ့ အဝေးကြီးပါ . . . "

သူက စကားပြောအလွန်ကောင်းသူဖြစ်သည်။ တစ်ခါတစ်ရံ သူ့စကားတွေထဲမှာ မိုးနတ် နစ်မျောပျော်ဝင် သွားရမြဲ . . .။ ဒီလိုနဲ့ပဲ သူက မိုးနတ်နှင့် တဖြည်းဖြည်းနီးလာ . . . မိုးနတ်အတွက် အသုံးဝင်မယ့် စာအုပ်တွေ ရှာဖွေပေးတတ်သလို မိုးနတ်ဆီက သူတောင်းဆိုခဲ့သမျှ ဆန္ဒတစ်ခုဟာလည်း "Romantic



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ဆုံး ဝတ္ထုတိုကလေးကစ်ပုဒ် ဖတ်ချင်တယ်" ဆိုတာမျိုး၊ မိုးနှတ်ရေးချင်သော ဇာတ်လမ်းအတိုအထွာကလေးတွေ သူ့ကို ပြောပြစေတာမျိုး၊ စိတ်ဝင်တစား နားထောင်ပေးတာမျိုး၊ ချီးမွမ်းအားပေးအားမြှောက် စကားတွေနဲ့ မိုးနှတ်ရဲ့ စိတ်ဓာတ်တွေကို မြှင့်တင်ပေးတတ်တာမျိုး၊ မိုးနှတ် မလုပ်ဖြစ်သေးတာတွေကို လုပ်ဖြစ်သွားအောင် တိုက်တွန်းအားပေးခဲ့တာမျိုး . . . စသော လုပ်ရပ်များဖြင့် မိုးနှတ်၏ ဘဝကလေးထဲသို့ တစ်စထက်တစ်စ ပိုင်ပိုင်နိုင်နိုင် ဝင်ရောက်နေရာယူလာနိုင်ခဲ့တော့သည်။ မိုးနှတ်အတွက်တော့ ဒါဟာ အိပ်မက်တစ်ခု မက်နေခဲ့ရသလိုပင် . . .။ ထိုအိပ်မက်ကလေးကိုတော့ မက်မက်မောမော ရှိလှသည်။



# အခန်း - ၆





www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်က ပျားရည်မြစ်တစ်စင်းနဲ့တူတယ်၊ အဲဒီ ပျားရည်မြစ်ထဲကို ရောက်လာတဲ့ ပဥ္စလက်နှင်းဆီကလေးက ပျားရည်မြစ်ကြီးရဲ့ အေးစက် ခဲကျဉ်နေတဲ့ မာတ်တစ်ခုလုံးကို ရုတ်တရက် ပူနွေးလှုပ်ရှားသက်ဝင်ချိုမြလာအောင်တတ်နိုင်ခဲ့တယ်။ သာမန်နှင်းဆီနဲ့မရဘူး

...

ပဥ္စလက်ပါတဲ့ နှင်းဆီမျိုးမှ ပျားရည်မြစ်ကြီးက နွေးနွေးချိုချို စီးဆင်းနိုင်တာ။ ကိုယ်က ပျားရည်မြစ်တစ်စင်းဆိုမင်းက ပဥ္စလက်နှင်းဆီကလေးပေါ့ ကောင်မလေးရဲ့..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း – ၆

အဲဒီနေ့က အခြေအနေတစ်ခုကို မိုးနတ် ဘယ်တော့မှ မမေ့တော့ဘူးထင်သည်။ ကြီးမြတ်နှင့် ယသော်တို့က ညနေခင်း ပွဲတစ်ခုအတွက် သတင်း သွားယူရမှာမို့ Friends သို့ ရောက်မလာနိုင်။ တကယ်တော့ မိုးနတ်လည်း အလုပ်တွေ ရှိပါသည်။ စာပေစိစစ်ရေးဆီ တင်တော့မည့် FAME မဂ္ဂဇင်းအတွက် စာမူတွေအားလုံးကို အချောသတ် ပြန်စစ်ဆေးပေးဖို့ အယ်ချုပ်က တာဝန်ပေးထားသည်မို့ ဒီည အပြီးသတ် စစ်ဆေးရပါမည်။ ဒီအချိန်ဆို Friends သို့ ရောက်လာတတ်သော ဦး တစ်ယောက်တည်း လာစောင့်နေမှာစိုးသောကြောင့် မိုးနတ်ရောက်လာခဲ့ခြင်းဖြစ်သည်။ မိုးနတ် မရောက်ခင် သူ အမြဲ စောကြိုရောက်နေတတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ မိုးနတ်ကို မြင်လိုက်သည်နှင့် ပြုံးသွားသောသူ့မျက်နှာကို မြင်ချင်သောကြောင့်လည်း ဖြစ်သည်။ မရှက်တမ်း ဝန်ခံရလျှင် ထိုတဒင်္ဂမှာ အသက်အရွယ် ကွာခြားမှုကို မိုးနတ် တကယ်ပဲ မေ့လျော့နေတတ်ခဲ့သည်။ သူ့ကို ကြီးမြတ်နှင့်ရွယ်တူ လူငယ်လေး တစ်ယောက်အဖြစ်သာ ခံစားမိသည်။

"ဟိုနှစ်ကောင်ကတော့ ဒီနေ့ မလာဖြစ်ဘူး ဦး၊ SEDONA မှာ ပွဲရှိလို့ သတင်းသွားယူတယ်၊ မိုးနတ်လည်း ဒီနေ့ လုပ်စရာအလုပ်ကလေးတွေရှိလို့ စောစော ပြန်ရမယ် သိလား"

ဟု . . . မိုးနတ်က သူ့ရှေ့မှာ ဝင်ထိုင်လိုက်ရင်း ကြို့ပြောထားလိုက်သည်။

"ကောင်းပြီလေ . . . ဒါဖြင့် ဒီနေ့အတွက် ဂိမ်းကစား ပြီးရင် ပြန်ကြတာပေါ့၊ ဒီနေ့ ကိုယ့်အလှည့်နော်"

"ဟုတ်ပါ့ရှင် . . ."

"အိုကေ . . . လူတစ်ယောက်က မင်းရဲ့ လှုပ်ရှားမှုတွေကို တစ်နာရီတိတိ မျက်လုံးမလွှဲစတမ်း စောင့်ကြည့်နေမယ် ဆိုပါတော့ . . . မင်း ခံနိုင်ပါ့မလား"

"အဲဒီလူတစ်ယောက်က ဦးမှ ဟုတ်ရဲ့လား"





"မဆိုးဘူး . . . မင်း တော်တယ်"

"ဟား ဟား . . . ဦးကတော့ လုပ်ပြီကွာ၊ ရတယ်လေ၊ စိမ်လိုက်ပေါ့၊ ဦးက ကျွန်မကို ဒီအတိုင်း ထိုင်ကြည့်နေမှာလား၊ တော်တော်ကြောင်မှာပဲနော်၊ ဒါဖြင့် ဒီလိုလုပ်မယ်၊ ကျွန်မလည်း အလုပ်ပြီးအောင် မနက်ဖြန် စိစစ်ရေး တင်ရမယ့် စာမူတွေကို ဒီမှာပဲ ထိုင်စစ်နေလိုက်မယ်လေ၊ ဦး ဘာသာ ကြိုက်သလောက် ထိုင်ကြည့်ပေတော့၊ ကျွန်မ မနေတတ်စရာအကြောင်း မရှိတော့ဘူးပေါ့"

"ရပါတယ် . . . ကြိုက်သလိုနေပါ၊ ကိုယ်က ထိုင်ကြည့် နေရုံပဲ"

"တစ်နာရီပဲလား . . ."

"မင်းက ဘယ်နှနာရီအကြည့်ခံချင်လို့လဲ၊ နှစ်နာရီဆိုလည်း ရတယ်လေ"

"အာ . . . တော်ပါပြီ၊ တစ်နာရီဆို တော်ရောပေါ့၊ ကဲ. . . စတော့ ဦး . . . နေဦး ကျွန်မ Cappuccino ကလေးတော့ မှာသောက်ပါရစေဦး၊ အလုပ်လုပ်ရင် ကော်ဖီကလေးတော့ သောက်နေရမှ"

မိုးနတ်က ကော်ဖီတစ်ခွက်မှာပြီး အလုပ်တွေ စတင်



www.burmeseclassic.com

www.burmeseclassic.com





လုပ်နေတော့သည်။ သူက စကားတစ်ခွန်းမှ မဆိုဘဲ မိုးနတ်ကို ဒီအတိုင်း ငုတ်တုတ်ထိုင် စိုက်ကြည့်နေတော့သည်။ ပထမတော့ မိုးနတ်က ကိုယ့်အလုပ်ထဲ အာရုံစိုက်ထားလျှင် သူ ဘယ်လောက်ပဲ ကြည့်နေကြည့်နေ ကိစ္စမရှိ . . . ဟု ထင်ထားခဲ့တာ။ တကယ်တမ်းကျတော့ သူ ကိုယ့်ကို စိုက်ကြည့်နေပါလား . . . ဆိုသော အသိက မိုးနတ်ကို လွှမ်းမိုးထားသည်။ ခေါင်းထဲပဲ ကျိန်းလာသလိုလို၊ မျက်နှာကြီးပဲ ရှိန်းမြမြ ဖိုလာသလို၊ ရင်ဘတ်ထဲမှာ တစ်မျိုးကြီး ဖြစ်လာသည်။ အလုပ်ထဲမှာ ဖြောင့်ဖြောင့် အာရုံစိုက်ထား၍ မရ၊ သူ့ဆီ မကြာခဏ ပြန်ကြည့်မိသည်။ ကြည့်မိတိုင်းလည်း ညှို့ရိပ်ဆင်နေသော သူ့ မျက်ဝန်းတွေကြောင့် ရင်ထဲ ဖြောင်းဆန်သွားမိမြ . . .။ ဘုရားရေ . . . သူ ဘာစိတ်ကူးနဲ့များ ဒါကို ဂိမ်းတစ်ခုအဖြစ် စတန့်ထွင်ခဲ့တာပါလဲ . . .။

နာရီဝက်လောက်အထိပဲ မိုးနတ် အစွမ်းကုန် သည်းခံနိုင်သည်။ တဖြည်းဖြည်းနှင့် လူက ထူပူရှိန်းမြလာပြီး ကယောင်ကတမ်းတွေ၊ အမှားမှားအယွင်းယွင်းတွေ ဖြစ်လာပြီ။ စာမူဖိုင်(လ်)တွဲကြီးကို ဖျတ်ခနဲ ပိတ်လိုက်ကာ မျက်နှာကို ဖိုင်လ်တွဲပေါ် မှောက်ချထားလိုက်ပြီး မိုးနတ် တသိမ့်သိမ့် ရယ်မောမိတော့သည်။

"တော်ပြီ ဦးရာ . . . ကျွန်မ တကယ် မနေတတ်တော့ဘူး၊ အရမ်း ရယ်ချင်လာတယ်"

"တစ်နာရီမှ မပြည့်သေးတာ၊ ခုမှ နာရီဝက်ပဲရှိသေးတယ်၊ ကောင်မလေးရဲ့၊ ဘယ်လိုလဲ အရှုံးပေးပြီလား"

"ဦးရဲ့ဂိမ်းက ဘာကြီးမှန်းလည်း မသိဘူး . . . တော်ပြီ"

"ဪ . . . မင်း ကိုယ့်ကို တစ်ညလုံး ပုံပြင်တွေ တစ်ပုံပြီးတစ်ပုံ ဖတ်ခိုင်းတာလောက်တော့ မဆိုးသေးပါဘူး မိုးနတ်ရာ"

အဆောင်ရှိ cordless ဖုန်းကလေးကို အခန်းထဲ ခိုးယူပြီး သူ့ကို တစ်ညလုံး တစ်ဆောင့်တစ်ညပုံပြင်တွေ ဖတ်ပြခိုင်းခဲ့တာကို ပြန်သတိရပြီး မိုးနတ် အားပါးတရ ရယ်မိသည်။ သူ အရှုံးပေးမယ်မှတ်တာ။ သူကလည်း ငွဲ လုံးဝ မလျော့၊ မိုးလင်းခါနီးအထိ တောက်လျှောက် ဖတ်ပြနေခဲ့တာ။ နောက်ဆုံး မိုးနတ်သာ အိပ်ပျော်သွားခဲ့သည်လေ။

"game over လား မိုးနတ် . . ."

"ဟုတ်တယ် . . . game over ပဲ ထားလိုက်တော့၊ ဆက်မကြည့်နဲ့တော့ အဲဒီ မျက်လုံးကြီးတွေနဲ့၊ ကျွန်မ ရယ်ရလို့ သေတော့မယ်"

မိုးနတ် မျက်နှာတွေ နီရဲလာတဲ့အထိ ရယ်မောမိ





www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒါဆို မင်း အရှုံးပေးပြီပေါ့ . . . Oh! dear"

သူက ပြုံး၍ မိုးနတ်ကို ကျီစယ်နေသေးသည်။ တကယ်တော့လည်း မိုးနတ် တမင်သက်သက် သူ့ကို အရှုံးပေးလိုက်မိတာလည်း ဖြစ်မှာပါ။ game over ဆိုရင် သူ မိုးနတ်ဆီက ဘာများ တောင်းဆိုမလဲဆိုတာကို သိချင်လာသောကြောင့် လည်းဖြစ်သည်။

"ဟုတ်တယ် . . . ဦးကို အရှုံးပေးလိုက်တာ"

"ကိုယ် မိုးနတ်ဆီက ဘာတောင်းမလဲဆိုတာ မိုးနတ် ကြိုမသိလောက်ပါဘူးနော်"

"ဘယ်လို . . ."

သူ ချက်ချင်းပဲ တောင်းဆိုတော့မှာလား . . . ဟု မိုးနတ် ထိတ်ခနဲ ရင်ခုန်သွားမိသည်။

"ကိုယ်က ပျားရည်မြစ်တစ်စင်းနဲ့တူတယ် . . .၊ အဲဒီ ပျားရည်မြစ်ထဲကို ရောက်လာတဲ့ ပဋ္ဌလက်နှင်းဆီကလေးက ပျားရည်မြစ်ကြီးရဲ့ အေးစက်ခဲကျဉ်နေတဲ့ ဓာတ် တစ်ခုလုံးကို ရုတ်တရက် ပူနွေးလှုပ်ရှားသက်ဝင် ချိုမြလာအောင် တတ်နိုင်ခဲ့တယ် . . .၊ သာမန်နှင်းဆီနဲ့ မရဘူး၊ ပဋ္ဌလက်ပါ





တဲ့ နှင်းဆီမျိုးမှ ပျားရည်မြစ်ကြီးက နွေးနွေးချိုချို စီးဆင်းနိုင်တာ၊ ကိုယ်က ပျားရည်မြစ်တစ်စင်းဆို မင်းက ပဋ္ဌလက်နှင်းဆီကလေးပေါ့ ကောင်မလေးရဲ့ . . .၊ ကိုယ့်ဘဝတစ်လျှောက်လုံးမှာ မိန်းကလေးတစ်ယောက်ကိုပဲ အရူးအမူးချစ်မြတ်နိုး ကိုးကွယ်ခဲ့ဖူးတယ်၊ ခုအချိန်မှာ ကိုယ့်နှလုံးသားက တစ်ယောက်ယောက်ကို မြတ်မြတ်နိုးနိုးချစ်ဖို့ အဆင်သင့် ဖြစ်နေခဲ့ပြီ၊ ကိုယ့်လက်ကိုတွဲပေးပါ ကောင်မလေးရယ်၊ ကိုယ့်ကို ချစ်ခွင့်ပေးပါ၊ ကိုယ့်ဘဝထဲ ဝင်လာခဲ့ပေးပါ၊ ကိုယ့်ရဲ့ နှလုံးသားတွေကို ပျားရည်မြစ်ကြီးလို ပူနွေးချိုမြလာအောင် ဖန်ဆင်းပေးပါ မိုးနတ်ရယ်၊ အဲဒါ မင်းဆီက ကိုယ် အလိုချင် ဆုံး အရာပါပဲ"

"ဦးကလည်း ကဗျာဆန်လိုက်တာနော်၊ ဦး စကားပြောနေတာနဲ့ မတူဘူး၊ ကဗျာတစ်ပုဒ် ရွတ်နေသလိုပဲ . . . သိလား"

မိုးနတ်၏ အသံကလေးပင် တစ်မျိုးလေး ပြောင်းလဲနေပါသည်။

"ဟုတ်မှာပေါ့ .. အချစ်နဲ့တွေ့တဲ့အခါ လူတိုင်း ကဗျာဆရာတွေ ဖြစ်သွားတတ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာတစ်ခုလုံး သိမ်မွေ့ချင်တိုင်း သိမ်မွေ့၍ နေသည်။ သိပ်လည်း လေးနက်တည်ငြိမ်နေသည်။ မိုးနတ်ဆီက အချစ်ကို သူ မြတ်မြတ်နိုးနိုး တောင်းခံနေခြင်းဖြစ်သည်။ မိုးနတ်ကရော . . .။ လိုလိုလားလားပင် မိုးနတ်၏ အချစ်ကို သူ့ကို ပြန်ပေးဖို့ ရက်ရောနေခဲ့မိသည်။ တခြား ဘာကိုမှ မတွေးချင်တော့။ အချစ်၏ မျက်နှာတစ်ခုကိုပဲ ကြည့်ချင်သည်။ သူ့အချစ်ကို ခံယူခြင်းအားဖြင့် သူ့ကို စိတ်ချမ်းသာစေမိချင်သလို . . . သူ့ကို ပြန်ချစ်လိုက်မိခြင်းဖြင့် မိုးနတ်လည်း စိတ်ချမ်းသာချင်မိပါသည်။ အပြန်အလှန်ပေါ့ ဦးရယ်။

"ဦး အလိုချင်ဆုံးအရာကို ကျွန်မ ပေးလိုက်မိရင် ဦး တကယ် ပျော်မှာလားဟင်"

"ဟား . . . အပျော်လွန်ပြီးတောင် သေလို့ရတယ် မိုးနတ်ရဲ့ ဖြေပါဦးကွာ . . . ကိုယ့်ကို ချစ်ခွင့်ပေးမယ် မှုလားဟင်"

"ရော် . . . ဦးပဲ game over ဆို! ကျွန်မ ရှုံးသွားပြီ မှုလား။ ရှုံးသွားတဲ့လူဆီက နိုင်တဲ့လူက တောင်းဆိုခွင့် ရှိတယ်ဆို၊ အဲဒီတော့ ကျွန်မက မပေးချင်လို့ ရပါတော့မလား ဦးရဲ့ ဦးပဲ အားလုံး အကွက်ချထားပြီးတော့၊ ဂိမ်းကိုက ဦးပဲ တီထွင်ခဲ့တာလေ၊ နာမည်ကိုလည်း ကြည့်ဦး . . . လိုတရ ဂိမ်းတဲ့၊ ဦး လိုတရပြီပေါ့"

"ဟား ဟား ဟား ! . . . မင်း အရမ်းတော်ပါလား မိုးနတ်မဒီလေး၊ ဒါပေမယ့် မင်း ရှုံးလို့ပေးရတာယ်ဆိုတာထက် မင်း လိုလိုလားလားပေးတဲ့ဆုကိုတော့ ပိုလိုချင်မိတာပေါ့ ကလေးရယ်"

"ဦး ကျွန်မကို သေသေချာချာကြည့်၊ ကျွန်မရဲ့ မျက်လုံးတွေကို ကြည့်ပါ၊ မိုးနတ်မဒီတဲ့ . . . စိတ်ထဲကမပါရင် ဟန်ဆောင်ပြီး၊ အားနာပြီး ဘာမှ မလုပ်တတ်ပါဘူး၊ ကျွန်မ ဦးကို ချစ်တယ်၊ မြတ်မြတ်နိုးနိုးနဲ့ လေးလေးစားစားကို ချစ်မိတယ် . . . အဲဒါပဲ"

ဘာကြောင့်များ အဲဒီလောက် ရဲဝံ့ပြောင်မြောက်သွားမိမှန်း မသိ။ သူပင် တအံ့တသြ မင်သက်သွားခဲ့သည်။ သူ့မျက်နှာတစ်ခုလုံး စိတ်လှုပ်ရှားခြင်းတွေက ရေစက်တွေလို သီးနေ ခဲ့သည်။ ပြီးတော့ သူ အားပါးတရ ပြုံးလာသည်။

"ဟာ . . . တကယ်လေးစားပါတယ် မိုးနတ်ရယ်၊ အဲဒီလောက် ရဲရင့်မှန်းသိပေမယ့် ဒီလောက် ပြတ်သားလိမ့်မယ်ကို မထင်တာ၊ အရမ်းကျေးဇူးတင်တယ် ကလေးရယ်၊ ကိုယ့်မှာ ရင်တမမနဲ့ ငြင်းများ ငြင်းလိုက်မလားလို့ စိုးရိမ်တကြီးနဲ့







www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ခဲ့ရတာ"

"သိပါတယ်ရှင် . . . ဦး ကျွန်မဆီ ဒီပုံစံနဲ့ ရောက်လာခဲ့ကတည်းက ဦး ဘယ်လောက် အလေးအနက် ပြင်ဆင်ခဲ့ရသလဲဆိုတာကို ရိပ်မိထားပြီးသားပါ"

"ကိုယ် ကတိပေးပါတယ်၊ ကိုယ့်ကြောင့် မင်း အမြဲ ပျော်ရွှင်ပြီး လိုတရစေရပါ့မယ်"

"တစ်ခုပဲ ကျွန်မ မနာလိုဘူး ဦး . . ."

"ဘာကိုလဲ ကောင်မလေးရယ် . . ."

"ဦး အရမ်းချစ်ခဲ့ပါတယ်ဆိုတဲ့ ဦးရဲ့ အချစ်ဦးကိုပေါ့၊ သူ့ကို မနာလိုဘူး၊ ကျွန်မထက်အရင် ဦးရဲ့အချစ်တွေကို အများကြီးပဲ သူ ရထားခဲ့လို့ပေါ့၊ ဒါပေမယ့် သူ့ကို တစ်ခုတော့ ကျေးဇူးတင်လိုက်ပါမယ်လေ၊ ဦးကို စောင့်မနေဘဲ လက်ထပ်သွားခဲ့လို့ပေါ့၊ အဲဒါကိုတော့ စိတ်ပုပ်တာလို့ ခေါ်ရမှာပေါ့လေ"

မိုးနတ်က ကလေးဆန်ဆန် ပြောမိတော့ သူက သဘောကျစွာ ရယ်မောပါသည်။ ချစ်သူတွေအဖြစ် ပြောင်းလဲသွားသော အဖြစ်အပျက်က သူ့ရဲ့ အရှိန်အဝါ . . . အသက်အရွယ်ဆိုတာတွေကို ခဏတော့ မေ့သွားစေခဲ့ပါသည်။ ဘာပဲ





ဖြစ်ဖြစ် သူဟာ မိုးနတ်ရဲ့ ချစ်သူဖြစ်ခဲ့ပြီ။ မိုးနတ်ရဲ့ အချစ်ဦးပေါ့. . .။ သူ့ကြောင့် မိုးနတ် စိတ်ချမ်းသာပျော်ရွှင်ခဲ့ရတာတွေရှိသလို . . . သူ့ကိုလည်း မိုးနတ်ကြောင့် စိတ်ချမ်းသာပျော်ရွှင်စေပါမည်။ အဲဒါ မိုးနတ်၏ သစ္စာတရားပဲ ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ချစ်သူတွေ" ဆိုတဲ့

အထိအတွေ့အကြည့်အရှုက

ကိုယ့်ကိုယ်ကိုယ် ပျားရည်မြစ်ထဲမှာ

ဝဲလှည့်မျောပါမိတဲ့ နှင်းဆီကလေးတစ်ပွင့်လိုပဲ

ခံစားရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ချစ်သူတွေအဖြစ် ပြောင်းလဲသွားကြပြီး နောက်တစ်နေ့ကစပြီး အရာရာသည် ပို၍ လှပလင်းပွင့်နေသယောင် . . .။ မိုးနတ်ရဲ့ချစ်သူဟာ မိုးနတ် လေးစား အထင်ကြီးရသော . . . အားကျအတုယူရသော မိုးနတ်၏ Role Model တစ်ယောက် . . . Hero တစ်ယောက် . . . Ideal တစ်ယောက် ဖြစ်နေသည့်အတွက် ပို၍ ဂုဏ်ယူ ကျေနပ်မိသလိုပင်။ သူ့ကို အထင်ကြီး ကိုးကွယ်ချင်စိတ်သည် မိုးနတ်၏ နှလုံးသားထဲမှာ အမြစ်တွယ် ရှင်သန်ခဲ့ပြီးသား။

ကြီးမြတ်နှင့် ယသော်တို့က ဝမ်းသာကျေနပ်စွာဖြင့် . . .

"နင် အရမ်းကံကောင်းတာပဲ မိုးနတ်"

ဟု . . . ဂုဏ်ယူကြသည်။ အလုပ်လုပ်ရတာပင် ခါတိုင်းနှင့်မတူ။ တက်ကြွလန်းဆန်းမှုအပြည့် . . .။ သူနှင့် ဆုံမည့်ညနေခင်းကိုတော့ မျှော်မိသည်။ သူလည်း သူ့ဘဝထဲမှာ သူ့အလုပ်တွေထဲမှာ ပျော်ဝင်နေချိန်မှာ မိုးနတ်ကလည်း လှုပ်ရှားစရာ ရှိတာတွေ လှုပ်ရှားရသည်။ ယသော်က တိုးတိုးကပ်မေးလာသည်။

"ဘာကျွေးမှာလဲ မိုးနတ်"



www.burmeseclassic.com

www.burmeseclassic.com



တဲ့ . . . ။ သူမကို မျက်စောင်းချီရင်း . . .

"ကျွေးစရာလား . . . ကိုယ့်ဘာသာကိုယ် ချစ်သူရတာနဲ့ သူငယ်ချင်းတွေကို ကျွေးရမွေးရမယ်လို့ ဘယ်ပုဂ္ဂိုလ်က စ,တင်သတ်မှတ်လိုက်တာပါလိမ့်၊ မင်္ဂလာဆောင်တော့လည်း ကျွေးရမွေးရပြန်တယ် . . . ဟင်း"

"အောင်မယ် . . . ဒါက မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာပဲ မိုးနတ်ရဲ့၊ မင်္ဂလာယူတဲ့ အထိမ်းအမှတ်နဲ့ ကျွေးရမွေးရတာ . . . ဟွန်း ခုကတည်း တွန့်တိုစေးနှဲ မနေနဲ့နော် သူဌေးကတော်"

"ဘာသူဌေးကတော်လဲ . . . သူ ချမ်းသာတာ ငါနဲ့ ဘာမှ မဆိုင်ဘူးနော်၊ ခုကတည်းက ကြိုပြောထားပြီးသား ယသော်၊ ငါ့ရဲ့ အစွမ်းအစနဲ့ ကြိုးစားမှုမပါဘဲ သူ့ရဲ့အရှိန်အဝါကို ငါ ဘယ်တော့မှ အသုံးချမှာ မဟုတ်ဘူး၊ ငါက ငါပဲ . . . ၊ သာမန် မိုးနတ်မဒီပဲ၊ နောက်ငါးနှစ်အကြာမှာ စာပေလောကမှာ ပရိသတ်က အသိအမှတ် ပြုနေရမယ့် စာရေးဆရာမ နောက်ဆယ်နှစ်အကြာမှာ "success" ဆိုတဲ့ ကိုယ်ပိုင်မဂ္ဂဇင်းတိုက်ကို ဦးစီးအုပ်ချုပ်ထုတ်ဝေနေမယ့် ပရိုဂျူဆာတစ်ယောက် ဖြစ်နေစေရမယ် . . . ဒါပဲ"





"မာနကလည်း ကြီးပါ့တော်၊ ဘာပဲဖြစ်ဖြစ် ကျွေးတော့ ကျွေးဟာ၊ မကျွေးရင် နင်တို့နှစ်ယောက် ချစ်သူဖြစ်တာကို ငါတို့ အသိအမှတ်မပြုဘူး . . . ဒါပဲ"

"ကျွေးမှာပါ . . . ကဲ . . . ဘယ်မှာ စားချင်လဲပြော ကျွေးမယ်"

"ရွှေကောင်းမှာ hot pot သောက်ချင်တယ် . . ."

"အမလေး . . . တစ်လခတော့ ပြုတ်ပါပြီလေ"

မိုးနတ် ရှုံ့မဲ့စွာ ညည်းညူမိပေမယ့် မိုးနတ် ဘယ်လောက် ပျော်ရွှင်နေသလဲဆိုတာ ယသော်ရော ကြီးမြတ်ပါ ရိပ်မိကြပါသည်။ Friends ဆိုင်ကလေးဆီသို့ မိုးနတ်တို့ ရောက်သွားချိန်မှာ သူ ရောက်နှင့်နေပြီ။ Lacoste ပိုလိုရှပ် အဖြူဆွတ်ကလေးနှင့် ဂျင်း(န်)မိုးပြာပျော့ကလေးပဲ ဝတ်ထားခဲ့သည်။ မိုးနတ်ကိုကြည့်သော မျက်ဝန်းတို့က ရွှန်းလက်စိုမြစွာ . . . ။ နှုတ်ခမ်းလေးက ပြုံးမြ . . . ။

"ကိုယ်တို့ ချစ်သူတွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့ သူတို့ကို တစ်ခုခု လိုက်ကျွေးရင် မကောင်းဘူးလား မိုးနတ်"

ဟု သူကပင် စတင်၍ ပြောသဖြင့် မိုးနတ် အံ့သြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်တွေကလည်း ဝေါ်ကြီးကျနေတာ ဦးရဲ့ ကျွန်မ ပဲ ကျွေးလိုက်ပါ့မယ်"

"မိုးနတ်နဲ့ ကိုယ် အတူတူပဲပေါ့ မိုးနတ်ရဲ့ . . . ကဲ ဘယ်မှာစားချင်ကြလဲ"

"ရွှေကောင်းမှာ hot pot သောက်ချင်တာတဲ့ . . ."

"အဲဒါ အကောင်းဆုံးပဲ၊ ကိုယ်လည်း hot pot သောက်ချင်နေတာ၊ သွားရအောင်လေ . . ."

ဒီလိုနှင့် ရွှေကောင်းမှာ hot pot သွားသောက်ကြသည်။ သူ့ကို မိုးနတ် သဘောကျမိသောအချက်က သူကိုယ်သူ လူကြီးတစ်ယောက်လို ဣန္ဒြေတစ်ခွဲသားနှင့် ခပ်တန်းတန်း နေတတ်တာမျိုးမဟုတ်ဘဲ ကြီးမြတ်တို့ . . . ယသော်တို့နှင့်ပါ တစ်သားတည်း ရောနှောပျော်ဝင်တတ်တာကို ဖြစ်သည်။ ဟန်ဆောင်နေတာမျိုးလည်း မဟုတ်။ ပကတိ လူငယ်လေးတစ်ယောက်လို လွတ်လပ်ပေါ့ပါးမှုအတိ . . .။

"ဦးနေ့သစ် . . . မိုးနတ်ကို ဘယ်လိုလုပ်ပြီး ချစ်သွားတာလဲဟင်၊ ဟီ ဟီ . . . ကြုံတုန်းလေး ဗျူးလိုက်ဦးမယ်"

"ကိုယ့်ဆီကို သူ FAME အင်တာဗျူးအတွက် ပထမဆုံးလာတွေ့တဲ့အချိန်ပေါ့၊ သူ့ကိုမြင်လိုက်ရတဲ့အချိန်ကစပြီး





နှစ်ပေါင်းနှစ်ဆယ်လောက် COMA ဝင်နေခဲ့တဲ့ နှလုံးသားက လှုပ်လှုပ်ရှားရှား ပြန်ပြီး အသက်ဝင်လာတာ၊ အရမ်းလည်း အံ့ဩဖို့ကောင်းပါတယ်၊ သူနဲ့ကိုယ်က အသက်ချင်းလည်း ကွာတော့ သူ့ကို ဘယ်လိုပုံစံ၊ နည်းပရိယာယ်နဲ့များ ချဉ်းကပ် ပိုးပန်းရပါ့မလဲလို့ ကိုယ် အချိန်အတော်လေးယူပြီး plan ချခဲ့ရတာ၊ သူနဲ့တွေ့ရင် ဘာ တွေပြောမယ်၊ ဘာတွေလုပ်မယ် . . . ဆိုတာတွေက အစ ကြိုတင်ပြင်ဆင်ခဲ့တာ"

သူက မိုးနတ်ကို ပြုံး၍ တစိမ့်စိမ့်ကြည့်ကာ ဖြေခြင်းမို့ မိုးနတ်က ရှက်ပြုံးကလေးဖြင့် ငြိမ်သက်စွာ နားထောင်နေမိသည်။

"မိုးနတ် အရမ်းကံကောင်းတာပေါ့နော် . . . စနစ်တကျ ချစ်တတ်တဲ့ ဦးနေ့သစ်လို လူတစ်ယောက်ရဲ့ အချစ်ကို ရတာ. . ."

"အကယ်၍ မိုးနတ်က ဦးနေ့သစ်ကို ပြန်မချစ်ခဲ့ရင်ရော ဦးနေ့သစ် ဘာလုပ်မယ် စိတ်ကူးထားလဲဟင်"

"သူ ကိုယ့်ကို အခွင့်အရေး ပြန်ပေးလာတဲ့အထိ ကိုယ် ဒွဲကောင်းကောင်းနဲ့ စောင့်မှာပေါ့"

ရယ်သံကလေးတွေ ဆူညံသွားသည်။ ရွှေကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကနေ ပြန်တော့ ကြီးမြတ်နှင့် ယသော်တို့က တစ်လမ်းစီ ပြန် ကြပြီး . . . မိုးနတ်ကို သူက အဆောင်ထိ ပြန်ပို့ပေးခဲ့သည်။ အဆောင် ရှေ့မှာ သူ့ရဲ့ Mobile Library ကလေး ရပ်ထားဆဲ။ စာအုပ်တွေ အများကြီး ဖတ်ခွင့်ရတဲ့အတွက် သူ့ကို အလွန် ကျေးဇူးတင်မိ ပါသည်။

"မိုးနတ် . . . ဝတ္ထုတိုလေးတွေ ရေးဖြစ်သေးလားဟင်"

"ရေးဖြစ်တယ်လေ ဦး၊ အဲဒါ ဦးရဲ့ ကျေးဇူးပေါ့၊ မဂ္ဂဇင်း တွေတချို့မှာ ပါလာကြပြီ"

"ဆက်ရေးပါ မိုးနတ် . . . ဝတ္ထုရှည် စ,ရေးတော့လေ၊ ဇာတ်လမ်း အဆင်သင့် ရှိလား၊ မရှိရင် ကိုယ် စိတ်ကူး ထားတဲ့ဇာတ်လမ်းတွေ ပြောပြမယ်၊ ဘဝ အတွေ့အကြုံ တွေနဲ့ ပတ်သက်လာရင် မိုးနတ် သိချင်တာလေးတွေ မေးပါ ကိုယ် အားလုံး ရှာဖွေပေးမယ်"

"ဘာလဲ . . . ဦးရဲ့ ကိုယ်တွေ့ အတွေ့အကြုံတွေလား ဟင်"

"ကိုယ်က ဘဝသမားလေ၊ အတွေ့အကြုံစုံတယ်၊ အဲဒီတော့ မိုးနတ်သိချင်တာ ကိုယ် ဖြေပေးလို့ရတယ်၊ ကိုယ့်ကို 'ဦး'လို့ မခေါ်နဲ့ကွာ၊ အသက်ကွာတာ လူသိတယ်၊ ကဗျာဆန်ဆန်





လေး တစ်ခုခု ပြောင်းခေါ်ပေးနော်"

"ဟယ် . . . အဲဒါ ကျွန်မ အခုပဲ ပြောမလို့၊ ဦးကို ဦးလို့ မခေါ်ချင်တော့ဘူးလို့၊ ချစ်စနိုးလေး ခေါ်ချင်တာ ရှိတယ်၊ 'လေး' လို့ . . . ခေါ်ရမလားဟင်"

"ခေါ်ပေါ့ . . . အရမ်းနားထောင်လို့ကောင်းတာပဲ"

သူက မိုးနတ်၏ လက်ကလေးတစ်ဘက်ကို ခပ် တင်းတင်း ဆွဲကိုင်ထားရင်း ပြောသည်။

"လေးကို ကျွန်မ အရမ်းချစ်တာပဲ သိလား၊ ကျွန်မ စိတ်ကူး ထဲမှာ အမြဲ ပုံဖော်ခဲ့ဖူးတဲ့ အိပ်မက်မင်းသား ပုံစံမျိုးပေါ့၊ ကျွန်မက လူတစ်ယောက်ကို အထင်ကြီး လေးစားစွာနဲ့ပဲ ချစ်ချင်တာ လေးရဲ့"

"ကိုယ့်ကို အထင်ကြီးတယ်ပေါ့လေ . . ."

"ဩော် . . . မကြီးရဘူးလား၊ ကျွန်မ မလုပ်နိုင်တာတွေ တော်တော်များများကို လုပ်ထားနိုင်တဲ့ လူတစ်ယောက်လေ၊ ကျွန်မဖြစ်ချင်တဲ့ အောင်မြင်တဲ့ဘဝတစ်ခုကို တည်ဆောက် ထားနိုင်တဲ့ လူလေ၊ ဘာလုပ်လုပ် စနစ်တကျနဲ့ ကြိုတင် ပြင်ဆင်တတ်သူလေ၊ အဲဒါ ကျွန်မ အထင်ကြီးတဲ့ အချက် တွေပေါ့ လေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို သိပ်အထင်မကြီးပါနဲ့ကွာ၊ ကိုယ့်မှာလည်း အားနည်းချက်တွေနဲ့ပါ"

"လူတိုင်းကတော့ အားနည်းချက်နဲ့ ဘယ်ကင်းပါ့မလဲ လေးရယ်၊ အလုံးစုံ perfect ဖြစ်တဲ့သူဆိုတာ မရှိပါဘူး၊ ကျွန်မကတော့ ကိုယ်ချစ်နိုင်တဲ့ ကောင်းကွက်ကလေးတွေ ရှိထားတဲ့သူဆိုရင် သူ့ရဲ့ ဆိုးကွက်၊ အားနည်းချက်ကလေးတွေကိုလည်း ခွင့်လွှတ်နိုင်ဖို့ ကြိုးစားပါတယ်"

"အဲဒီလို စိတ်လေး မွေးနိုင်တာ ကောင်းတယ် မိုးနတ်ကဲ့ . . . အဆောင်ရှေ့ရောက်ပြီ၊ ကောင်းသောညနော်"

သူက ခြေစုံရပ်ပြီး မိုးနတ်၏ လက်ကလေးနှစ်ဘက်စလုံးကို ယူကာ သူ့ရင်ဘတ်မှာ မြတ်မြတ်နိုးနိုး ကပ်ယူသည်။ ပြီးတော့ မိုးနတ်၏ ဦးခေါင်းကို သူ့ရင်ခွင်မှာကပ်ကာ ဦးခေါင်းထိပ်ကလေးကို ခပ်ဖွဖွ နမ်းမွှေးလိုက်လျှင် မိုးနတ် ကိုယ်ခန္ဓာထဲ ထိုအနမ်းက လျှပ်စီးတန်းတစ်ခုလို စီးဝင်သွားကာ တစ်ကိုယ်လုံး လှိုက်မောတုန်ရီသွားခဲ့ပါသည်။

"အရမ်းချစ်တယ်နော် . . . ကောင်မလေး"

တဲ့ . . .။ ခပ်ဖွဖွ ပြောသည်။ မိုးနတ် သူ့ကို မော့ကြည့်မိလျှင် ကြယ်ပွင့်တွေနှင့်အပြိုင် ဖြိုးပြက်လင်းလက်တော





ရွှန်းစိုလွန်းသော သူ့မျက်ဝန်းတွေကို ရင်ဆိုင်ရသည်။ ထိုတခဏကလေးမှာ သူ့ကို ဘယ်လို ယစ်မူးခဲ့မင်မိမှန်း မသိချေ။ ဘဝတစ်ခုလုံး ပြီးပြည့်စုံ လုံခြုံသွားသလိုပင် ခံစားမိလေသည်။

"အရမ်းချစ်တယ် လေးရယ် . . . ဘယ်တော့မှ မခွဲကြေးနော်"

ဟု . . . ရှိုက်ငင်သံကလေး စွက်လျက် ပြောမိကာ အဆောင်ထဲသို့ ခပ်သွက်သွက် ပြေးဝင်လာခဲ့မိသည်။ ရင်တစ်ခုလုံး လှိုက်မောတုန်ရီလွန်းလှသည်မို့ မောလျှချင်ချင်။ ကုတင်ပေါ် ပစ်လှဲချမိစဉ်မှာတော့ ကျေကျေနပ်နပ်ပင် အသံထွက်၍ ရယ်မောမိလေသည်။ အချစ်က ဖြားယောင်းလွန်းလှချည့်ကွယ် . . .။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၇





www.burmeseclassic.com

www.burmeseclassic.com

"လူတစ်ယောက်ကို
ကိုယ်တကယ်ချစ်တယ်ဆိုရင်
သူ့ကိုချစ်တဲ့အကြောင်း
အနည်းဆုံးတစ်နေ့တစ်ကြိမ်လောက်တော့
ပြောပြဖို့မမေ့ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၇

မိုးနတ်တို့၏ ချစ်သူဘဝက တခြားသူတွေထက် ပို၍ ပျော်စရာကောင်းသည် . . . ဟု မိုးနတ်ထင်သည်။ သူက ရင့်ကျက်အောင်မြင်သူတစ်ယောက် ဖြစ်သောကြောင့် မိုးနတ်ကို ဦးဆောင်လမ်းပြပေးနိုင်သလို၊ မိုးနတ်ကလည်း လိမ္မာပါးနပ် သူတစ်ယောက်ဖြစ်သောကြောင့် သူ့ကို အကြံဉာဏ်ကောင်းတွေ၊ စိတ်ကူးစိတ်သန်းအသစ်ကလေးတွေ ပြောပြနိုင်သည်။ ထို့ကြောင့် မိုးနတ်တို့နှစ်ယောက်သား၊က ဘာလုပ်လုပ် တိုင်တိုင်ပင်ပင် ဆွေးနွေးလို့ရသည်။ သူ့အလုပ်အကြောင်းတွေ မိုးနတ်ကို ပွင့်ပွင့် လင်းလင်း ဖွင့်ပြောပြတိုင်ပင်တတ်သလို၊ မိုးနတ်ဆီက idea ကလေးတွေလည်း သူ တလေးတစား တောင်းတတ်သည်။ မိုးနတ်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူ့ကို မိုးနတ်ရေးမည့် စိတ်ကူးထဲက ဇာတ်လမ်းတွေ အကြောင်း တဖွဲ့တနွဲ့ ဇာတ်ကာပတ်ကုံး ပြောပြတတ်ကာ သူက စိတ်ဝင်တစား နားထောင်ပေးတတ်ပြီး ဒိုင်ခံ အားပေးချီးမွမ်းမြဲ။ စိတ်ကူးကို ချက်ချင်းချရေးဖို့ အမြဲ တိုက်တွန်းနေကျ။ သူ့ကြောင့်ပဲ မိုးနတ်က ပထမဆုံး လုံးချင်းတစ်ပုဒ် စတင်၍ ရေးနေမိပြီ . . .၊ သူ့ဆီက လိုအပ်သမျှ အကြံဉာဏ်တွေလည်း တောင်းခဲ့ရသည်။ သူကိုယ်တိုင်က ပြင်းပြထက်သန်စွာ၊ တက်ကြွလွန်းတော့ မိုးနတ်ပါ ပို၍ စိတ်ဓာတ်တွေ ထက်သန်လာသည်။ သူက မိုးနတ်ရေးပြီးသမျှ တစ်မျက်နှာရရ၊ နှစ်မျက်နှာရရ ဖွတ် တောင်းဖတ်တတ်ပြီး ဆက်ရေးဖို့ အားပါးတရ တိုက်တွန်းတတ်သည်။ သူသာ မရှိလျှင် မိုးနတ် စာ စ,ရေးဖြစ်ဦးမယ် မထင်ပါ။ တွန်းအားကလေးရှိမှ အလုပ်ပိုလုပ်ဖြစ်သည်။ ဝတ္ထုရှည်ဆိုတာကလည်း စပြီး ရေးပြီဆိုတော့မှ အဆက်မပြတ် ဆက်ရေးချင်လာကာ တကယ်လည်း စျာန်ဝင်စားလာခဲ့ခြင်း ဖြစ်သည်။ မရေးဖြစ်မချင်း စိတ်ကူးထဲမှာပဲ ဇာတ်လမ်းတွေ ဇာတ်ကာစဉ်ကာ ရေးနေမိကာ စိတ်ကူးထဲမှာပဲ ဝတ္ထု တစ်ပုဒ် ပြီးဆုံးသွားတတ်တာမျိုး ဖြစ်သည်။

တကယ်တမ်း ရေးဖြစ်ပြီဆိုတော့ ရပ်တန့်လို့ကို မရတော့။ အဆက်မပြတ် ရေးချင်နေပြီ။ FAME မဂ္ဂဇင်း အတွက်





လုပ်ပေးစရာ တာဝန်တွေကတစ်ဖက် . . . လုံးချင်း ဝတ္ထုကြီးကို ပြီးအောင် ရေးချင်စိတ်ဖြင့် ထက်သန်စွာ ကြိုးစားရေးနေမိတာက တစ်ဖက် . . . ဝတ္ထုတိုကလေးတွေ၊ ဆောင်းပါးတွေလည်း ရေးရသေးတာတစ်ဖက်ဖြင့် မိုးနတ်မှာ အားလပ်ချိန်ရယ်လို့တောင် သိပ်မရှိတော့။ စာရေးချိန်ကို အိပ်ချိန်ထဲကနေ ဖဲ့ယူနေရသည်။ ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း ကိုယ် ဝါသနာပါလွန်းသော၊ ဖြစ်ချင်လွန်းသော အလုပ်တွေကို လုပ်နေရခြင်းမို့ မိုးနတ် တကယ်ပျော်ပါသည်။

မိုးနတ်တို့ချစ်သူနှစ်ယောက်၏ တွေ့ဆုံချိန်သည် ညနေခင်းကလေးတစ်ပိုင်းသာ ဖြစ်သည်။ ဖဲ့ဝီ ညနေခင်းကလေး တိုင်းမှာတော့ နှစ်ယောက်သား ရှုခင်းကောင်းကောင်းနှင့် အေးချမ်း တိတ်ဆိတ်သော စားသောက်ဆိုင်ကလေးတွေကို ရွေးချယ်ကာ အေးအေးဆေးဆေး စကားတွေ ပြောဖြစ်ကြတာ များပါသည်။

ဒီနေ့တော့ သူက စပြီး . . .

"ဒီနေ့ ကိုယ်တို့ ဂိမ်းတစ်ခုလောက် ကစားရအောင် မိုးနတ်. . ."

ဟု . . . ဆိုသည်။ မိုးနတ်ကလည်း စိတ်ဝင်တစား. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာဂိမ်းလဲဟင် . . . လေး"

ဟု . . . ပြန်မေးမိသည်။

"လျှို့ဝှက်မီလျံနာဂိမ်း(မ်)လေ၊ Secret Millionaire ပေါ့၊ ကိုယ် မကြာခဏ အဲဒီဂိမ်းကို ကစားနေကျ မိုးနတ်ရဲ့ . . . ပျော်လို့"

"အင်း . . . ကျွန်မလည်း စိတ်ဝင်စားတယ်လေ"

သူက မိုးနတ်ကို သုံးဆယ့်ရှစ်လမ်းရှိ ညနေခင်းပျံ့ကျဈေးကလေးဆီ ခေါ်သွားသည်။ မိုးနတ်က သူ ဘာလုပ်မလဲ. . . ဟုသာ ဘေးကနေ စိတ်ဝင်တစား လိုက်ကြည့်သည်။ သူက လှုပ်ရှားရောင်းဝယ်နေကြသော ဈေးသည်တွေ အများကြီးထဲက အသက်ခုနစ်ဆယ်အရွယ် အောင်သပြေပန်းစည်းကလေးတွေကို ဗန်းကလေးထဲမှာ စီရရီ ချရောင်းနေသော အမေအိုတစ်ယောက်ကို ရွေးချယ်လိုက်သည်။ ပိန်သေးကျုံ့လှီပြီး နေလောင်ဒဏ်ရယ် . . . ဇရာရဲ့ အရေးအကြောင်းတွေရယ် ထင်းနေသော အဘွားအိုနံဘေးမှာ သူ ဆောင့်ကြောင့်ကလေး ထိုင်ချလိုက်တော့ မိုးနတ်ပါ သူ့နံဘေးမှာ လိုက်ထိုင်မိသည်။ သူ့ကို မိုးနတ် လေးစားသဘောကျမိသောအချက်မှာ သူ့ကိုယ်သူ သူဌေးတစ်ယောက်ရယ်လို့ ကိန်းကြီးခမ်းကြီး ဘယ်တော့မှ မနေတတ်ဘဲ အောက်ခြေသိမ်း





နိုင်ကာ ရိုကျိုးပျူငှာတတ်ခြင်းကိုပဲ ဖြစ်သည်။

"အမေကြီး . . . ကျွန်တော် ဒီအောင်သပြေပန်းတွေ အကုန်ဝယ်မယ်နော်၊ စကားနည်းနည်းပြောလို့ရမလား"

သူ့စကားကြောင့် အမေကြီး မျက်နှာတစ်ခုလုံး ဝင်းလက်ကြည်လင်သွားကာ . . .

"အမလေး . . . နတ်သိကြားတွေ မ,ပြီပေါ့၊ ကျေးဇူးတင်လိုက်တာ သားရယ်၊ အမေ စောစော ပြန်ရတာပေါ့၊ အိမ်မှာ မြေးအငယ်လေးက နေမကောင်းဖြစ်နေတာ၊ ကလေးချင်းပဲ ထားခဲ့ရတော့ စိတ်က မဖြောင့်ဘူးလေ"

"ဒါတွေအကုန်ရောင်းရင် အမေ ဘယ်လောက်မြတ်မလဲ"

"အမေ မညာချင်ပါဘူး သားရယ် . . . အမှန်အတိုင်းပဲ ပြောပါရစေ၊ ဒါတွေအားလုံးကုန်ရင် အမေ့အတွက် ငါးရာလောက်တော့ ကျန်ပါတယ်"

"အမေ့ဘဝမှာ ပိုက်ဆံအများဆုံး ဘယ်လောက်ထိ ကိုင်ဖူးလဲ အမေ၊ တစ်မျိုးမထင်နဲ့နော် . . . ကျွန်တော် ဒီအတိုင်း မေးကြည့်တာပါ"

"အို . . . တစ်သောင်းတောင် ပြည့်အောင် မကိုင်ခဲ့ဖူးပါဘူး သားရယ်၊ အမေတို့ဘဝက လက်လုပ်လက်စားပါ၊ အဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com





မရှိတော့ကတည်းက အမေ့မှာ သမီးနဲ့ မြေးငါးယောက်နဲ့ ရုန်းကန်နေရတာပါ။ သားမက်ကလည်း ဆုံးပါပြီ . . .”

“အကယ်၍ . . . အမေ့လက်ထဲမှာ ငွေတစ်သိန်းလောက် ရောက်လာမယ်ဆိုပါတော့ . . . အမေ ဘာလုပ်မလဲ ဟင်”

“အမလေး . . . ဘာပြောကောင်းမလဲ သားရယ်၊ အမေ့ဘဝတစ်ခုလုံး ပြောင်းလဲသွားမှာပေါ့၊ သမီးအတွက် အရင်းအနှီးကလေး စိုက်ထုတ်မ,တည်ပေးပြီး အိမ်ဆိုင်ကလေး တည်ပေးခဲ့မယ်၊ ပြီးရင် အမေ ရိပ်သာပဲ ဝင်နေတော့မှာပေါ့၊ နေ့တိုင်း ဒီလို အဝေးကြီးကနေ ,ဘတ်(စ်)ကားတစ်တန် ပင်ပင်ပန်းပန်းစီးပြီး ပန်းလာမရောင်းတော့ဘူးပေါ့၊ ထီလည်း ထိုးဖို့ ပိုက်ဆံမရှိပါဘူး သားရယ်၊ ထိုးလည်း ပေါက်မှာ မဟုတ်ပါဘူး”

“ကဲ . . . ကျွန်တော်တို့ကို ပန်းတွေအားလုံး တစ်စည်းတည်းဖြစ်အောင် စည်းပေးပါနော်၊ ဘယ်လောက်ကျသလဲ ဆိုတာ တွက်ပေးပါ . . .”

အမေကြီးက အောင်သပြေပန်းစည်းတွေကို အင်ဖက်ကြီးနှင့် သေသေချာချာ ထုတ်ပေးနေချိန်မှာ သူ့ရဲ့ လျှင်မြန်သွက်လက်လွန်းသော လှုပ်ရှားမှုကို မိုးနတ်မြင်လိုက်ရပါသည်။ အမေကြီးရဲ့ လွယ်အိတ်အစုတ်ကလေးထဲ စာအိတ်ထုတ်ကလေး တစ်ထုတ် သေသေချာချာ ထည့်ပေးလိုက်ခြင်းဖြစ်သည်။ အဲဒါဟာ ငွေတစ်သိန်းအုပ်ပဲ . . . ဟု မိုးနတ် ရိပ်မိပါသည်။

“ကဲ . . . အမေကြီး ဂရုတစိုက် အိမ်ပြန်တော့နော်၊ ဒီအချိန်ဆို ဘတ်(စ်)ကားတွေ အရမ်းကြပ်လိမ့်မယ်၊ ကျွန်တော် Taxi ငှားပြီး တင်ပေးလိုက်မယ်၊ Taxi ခ,ကို ကျွန်တော် ပေးလိုက်မယ်”

“အို . . . မောင်မင်းကြီးသား ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေတော်၊ ဒီလင်မယား အိုအောင်မင်းအောင် ပေါင်းကြရပါစေ”

ဟု . . . အမေကြီးက ဆုတွေပေးတော့ မိုးနတ် မှာ မျက်နှာတွေ ထူပူပြီး ရှက်သွေးတွေ ဖြာသွားရသလောက် သူကတော့ သဘောကျစွာ ရယ်မောလျက် မိုးနတ်ကို မျက်လုံး တစ်ဖက် မှိတ်ပြပါသည်။ အမေကြီးကို Taxi ပေါ်ထိ လိုက်တင်ပေးပြီးတော့မှ သူ အားပါးတရ ပြုံးသည်။

“စိတ်ကူးထဲမှာ ဆက်တွေးကြည့်မိရင် အရမ်း စိတ်လှုပ်ရှားကြည်နူးဖို့ မကောင်းဘူးလား မိုးနတ်၊ ဒီအမေကြီး





www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်ရင် သူ့အိတ်ကလေးကို ဖွင့်ကြည့်မိရင် စာအိတ်ကိုတွေ့မယ်၊ ထောင်တန်အသစ်ကလေးတွေချည်းပါတဲ့ တစ်သိန်းအုပ်ကိုမြင်ရင် သူ ဘယ်လောက် ပျော်ရွှင်သွားမလဲ . . . အဲဒီ မြင်ကွင်းကို ကိုယ် မြင်ယောင်ကြည့်ရတာ အရသာတစ်ခုပဲ၊ တစ်သိန်းဆိုတာ ကိုယ်တို့အတွက် ဘာမှမဟုတ်ပေမယ့် သူတို့အတွက်တော့ သူပြောသလိုပဲ ဘဝတစ်ခုလုံး ပြောင်းလဲသွားနိုင်တယ်လေ . . . အဲဒါ ကိုယ့်ရဲ့ ဂိမ်းပဲ . . ."

"အရမ်းကောင်းတဲ့ စိတ်ကူးပါ လေးရယ်၊ ကျွန်မလည်း ပျော်တယ်၊ လေးကိုလည်း အိုးကျူးပါတယ်၊ ဒီလို စိတ်ဓာတ်မျိုး ချမ်းသာပြီး ပိုက်ဆံတွေ ပိုလျှံနေပြီး ဘယ်မှာ ဘာသုံးရမှန်း မသိတဲ့ သူဌေးတွေမှာရှိရင် ကောင်းမယ်၊ တကယ်လိုအပ်နေတဲ့ လူတွေကို ပေးရတာက ပိုပြီးတော့ ကြည်နူးစရာ၊ ကျေနပ်စရာ ကောင်းပါတယ် လေးရယ်"

"ကိုယ် ငယ်ငယ်ကတည်းက Angel သိပ်ဖြစ်ချင်တာ၊ လူတွေ ရဲ့ တောင့်တလိုချင်တဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးလို့ ရတဲ့ angel မျိုးလေ"

"အခု angel ဖြစ်နေပြီပေါ့ လေး၊ လေးရဲ့ အနေအထားက





လုပ်ချင်တာတွေ လုပ်ခွင့်ရနေတဲ့ အနေအထားလေ"

"တစ်ခုတော့ လိုနေသေးတယ် မိုးနတ်ရဲ့ . . ."

"ဘာလိုသေးလို့လဲ လေးရဲ့ . . ."

"ပါရမီဖြည့်ဖက်လေ . . . ကိုယ့်အသက် လေးဆယ် ကျော်ပြီလေ၊ မိုးနတ်ရယ် ကိုယ့်ကို အမြန်ဆုံး လက်ထပ်ပါတော့လားကွာ၊ နေ့နေ့ညည မခွဲဘဲ အတူတူ နေချင်လာတယ်၊ လူတစ်ယောက်ကို ကိုယ်တကယ်ချစ်တယ်ဆိုရင် သူ့ကိုချစ်တဲ့အကြောင်း အနည်းဆုံး တစ်နေ့တစ်ကြိမ် လောက်တော့ ပြောဖြစ်ဖို့ မမေ့ပါနဲ့တဲ့၊ ကိုယ်က အဲဒီစကားကို မနက်မိုးလင်း မျက်လုံးနှစ်လုံးပွင့်တာနဲ့ မိုးနတ်ရဲ့ နဖူးလေးကို နမ်းပြီးတော့ ပြောပြခွင့်ရချင်တာ . . ."

သူ့ရဲ့စကားက မိုးနတ်ကို ဖြားယောင်းညို့ငင်နိုင်လှသည်။

"ဖြစ်ရမှာပေါ့ လေးရယ်၊ သိပ်မလောပါနဲ့၊ လေးဘက်ကို မိုးနတ် ကြည့်ပါတယ်၊ ဒီသင်္ကြန်ရက်ရှည် holiday ခွင့်ရက် ရရင် မိုးနတ် ပြင်ဦးလွင်ပြန်ဖြစ်မယ်၊ ဖေဖေ မေမေတို့နဲ့ သွားတွေ့မယ်လေ၊ အဲဒီအခါကျ မိဘတွေဆီမှာ ခွင့်တောင်း ကြည့်မယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပါ တစ်ခါတည်း လိုက်ခဲ့မယ်ကွာ၊ မိုးနတ်မိဘတွေ နဲ့ ကိုယ် အရမ်းဆုံချင်ပါတယ်၊ ဆွေပြမျိုးပြပေါ့နော်"

သူက ချက်ချင်းပင် တက်တက်ကြွကြွ စီစဉ်ပစ်လိုက်သည်။ မိုးနတ်လည်း သူ့ကို ဖေဖေ မေမေတို့နှင့် တကယ်ပင် တွေ့ဆုံပေးချင်ပါသည်။ သူသည် မိုးနတ်ဘဝမှာ ပထမဆုံးလည်းဖြစ်၊ တစ်ယောက်တည်းလည်းဖြစ်သော My Man မဟုတ်လား။



အချစ်ကြောင့်
ကိုယ့်ရဲ့ဘဝတစ်ခုလုံးပြောင်းလဲခဲ့ရတယ်။
ဒီဘဝကြောင့်တော့ကိုယ့်ရဲ့အချစ်ကို
မပြောင်းလဲစေချင်ပါဘူး...



www.burmeseclassic.com

www.burmeseclassic.com



ဧပရယ်လ်နွေသည် ပူပြင်းခြောက်သွေ့သလောက် သကြံန်ရက်များအတွက် ကြိုတင်ပြင်ဆင်လှုပ်ရှားရတာတွေ၊ စိတ်လှုပ်ရှား ပျော်ရွှင်ရတာတွေနှင့် အပူဒဏ်ကို အားလုံး လျစ်လျူရှု မေ့ထားနိုင်လေသည်။ ဧပရယ်လ် လအတွက် FAME မဂ္ဂဇင်းနှင့် FABULOUS ဂျာနယ်တွေကို စောစောစီးစီး ဖြန့်ချိခဲ့ပြီးပြီမို့ မိုးနတ်တို့ မဂ္ဂဇင်းတိုက်က ဆယ်ရက်တိတိပိတ်ပေးသည်။ တစ်နှစ်လုံးလုံး ဖုန်းအဆက်အသွယ် e-mail အဆက်အသွယ်နှင့် g-talk မှတဆင့်သာ တွေ့ဆုံရပြီး မတွေ့ရတာကြာပြီဖြစ်သော မိဘရင်ခွင်ဆီ ပြန်ခိုလှုံရမည့်အရေးသည် တွေးကြည့်တာနှင့်တင် ပျော်စရာကောင်းလှပြီ။ ဒီထက် ပိုပြီး ပျော်စရာကောင်းတာက ချစ်တဲ့လေးနှင့် အတူ ဒီခရီးကို အတူသွားရမည့်အတွက် ဖြစ်သည်။ ဖေဖေနှင့် မေမေ့ကိုတော့ သူငယ်ချင်းတစ်ယောက် အလည်ပါလာမည် . . . ဟုသာ အသိပေးထားခဲ့သည်။ သူတို့ ရိပ်မိချင်လည်း ရိပ်မိမှာပါလေ . . .။

လေးက သူ့ရဲ့ BMW ကားကလေးနှင့် အေးအေးဆေးဆေးသွားရအောင်ဟု ဆိုသဖြင့် ခါတိုင်းလို Express ကားကြီးတွေနှင့် မသွားဖြစ်တော့။ ချစ်သူနှင့်အတူ ခရီးသွားခြင်းသည်လည်း တစ်မျိုး ကြည်နူးရင်ခုန်စရာ ကောင်းလှပါသည်။ ဘာပူပင်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြုံမှ မရှိ။ အလုပ်တွေလည်း ပါမလာ။ ရန်ကုန်ကနေ ပြင်ဦးလွင်ထိ တန်းမောင်းမှာမို့ မနက်လေးနာရီကတည်းက ခရီးစ,ကြသည်။ လေးက မိုးနတ်ကို အဆောင်မှာ လာကြိုပါသည်။ မိုးနတ်အကြိုက် Norah Jones ၏ ဖီလင်သီချင်း အေးအေးကလေးတွေ ကားပေါ်မှာ လွင့်ပျံ့နေသည်။ သူက ကားမောင်းရင်း မိုးနတ်ကို သူဖတ်ဖူးသော ဝတ္ထုဇာတ်လမ်းတစ်ပုဒ်အကြောင်း ပြန်လည်ပြောပြနေသည်။ လမ်းမှာ မိုးနတ် အပျင်းပြေဝါးဖို့ အာလူးကြော်တွေ၊ ယိုစုံ အချဉ်ထုပ်တွေ၊ အအေးဗူးတွေ တောင်းနှင့်အပြည့်။ မိုးနတ်က ဖိမ်ကျချင်တိုင်း ကျနေသည်။ ခရီးတစ်ခုကို အခုလိုမျိုး သက်တောင့်သက်သာနှင့် ဖိမ်ကျကျ တစ်ခါမှ မသွားဖူးခဲ့ . . .။ Express ကားကြီးတွေနှင့်သာ သွားခဲ့ရတာများသည်။

သူ ပြောပြီးတော့ မိုးနတ်အလှည့် . . .။ မိုးနတ် က အသစ်ရေးဖို့ စိတ်ကူးထားသည့် ဇာတ်လမ်းရှည်တစ်ပုဒ်ကို သူ့ကို ပြောပြမိသည်။ သူက အရမ်းကြိုက်သည် . . . ဟု ဆိုသည်။ မိုးနတ်က စိတ်ကူးပေါက်သွားပြီး သူ့ရဲ့ ဇာတ်လမ်းကို ပြောပြခိုင်းသည်။

"ခုအချိန်မှာ မပြောပါရစေနဲ့ ချစ်လေးရယ်၊ အချစ်ကြောင့် ကိုယ့်ရဲ့ဘဝတစ်ခုလုံး ပြောင်းလဲခဲ့ရတယ်၊ ဒီဘဝကြောင့်





တော့ ကိုယ့်ရဲ့အချစ်ကို မပြောင်းလဲစေချင်ပါဘူး"

ဟု . . . သူက လှပစွာ ငြင်းဆန်ခဲ့သည်။ တကယ်တော့လည်း အဲဒါက တရားမျှတပါတယ်လေ။

နေ့လည်စာကို ထမင်းဆိုင်တစ်ဆိုင်မှာ ဝင်စား ကြပြီး ခရီးဆက်ကြသည်။ အပြင်မှာ နေပူပြင်းလွန်းပေမယ့် သူ့ကားလေးထဲမှာ Air Con ကလေးနှင့်မို့ အေးအေးလူလူ ရှိလှသည်။ ညနေစောင်းမှာ မန္တလေးကိုရောက်သည်။ သူ ပင်ပန်းလှပြီ . . .။ တစ်နေကုန် ကားမောင်းလာရသည့် ပင်ပန်းမှုက မသေးလှ။ မိုးနတ်က အလိုက်တသိပင် သူ့ဇက်ကြောတွေကို နှိပ်နယ်ပေးမိသည် . . .။ ဒီအပြုအမူကလေးက ဘာရယ် မဟုတ် . . . သူ့ပင်ပန်းနွမ်းနယ်မှုကို ကိုယ်ချင်းစာနာစွာ ပြုမူ လိုက်မိတာပါ။ သူကတော့ တော်တော် လှုပ်လှုပ်ရှားရှားကလေး ဖြစ်သွားခဲ့သည်။

"အလိုက်သိတတ်လိုက်တာ မိုးနတ်လေးရယ် . . . ဘဝမှာ အဲဒီလို ချစ်စရာကောင်းတဲ့ အဖော်မွန်ကလေးနဲ့သာ ခရီးအတူသွားရမယ်ဆိုရင် တစ်သက်လုံး ငြီးငွေ့ပင်ပန်းမိမှာ မဟုတ်ဘူး . . . သိလား"

ဟု . . . ညွတ်နူးတိမ်းမူးစွာ သူပြောခဲ့သည်။ ရှေ့ရေး



www.burmeseclassic.com

www.burmeseclassic.com



ကို တွေးကြည့်လိုက်မိလျှင် သိပ်ကို ကျေနပ်ပျော်ရွှင်စရာ ကောင်းပါသည်။ သူနှင့်မိုးနတ်ဟာ အသက်ကလေး ကွာတာကလွဲပြီး တစ်ယောက်နှင့်တစ်ယောက် ညှိနှိုင်းတိုင်ပင်မှုကလေးတွေ၊ နားလည်အလိုက်သိတတ်မှုကလေးတွေ၊ စာနာထောက်ထား ငဲ့ညှာကြင်နာမှုကလေးတွေ၊ လေးစားမှု၊ ဦးစားပေးမှုကလေးတွေ ကိုယ်စီရှိထားတာမို့ သိပ်ကွာဟလွန်းမှု မရှိနိုင်။ အဓိက,ကတော့ ချစ်ခြင်းမေတ္တာပေါ့လေ။ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်မြတ်နိုးနေမိပြီဆိုမှဖြင့် ဘာများ လိုအပ်သေးတော့သလဲကွယ် . . .။

❖ ❖ ❖

"ကံကြမ္မာက သူ့ကို ဒုတိယအခွင့်အရေးတစ်ခု
အသစ်ထပ်ပေးခဲ့တာလား...။
သူက သူမကို တွေ့ရှိခဲ့တာလား...
သူမက သူ့ဆီ ရောက်ခဲ့တာလား သူမသိခဲ့။
သေချာတာကတော့ သူတို့ ဆုံစည်းခဲ့မိကြတာပါ။
နောက်ထပ်ပြည့်စွက်ရရင် "ရိုးသားစွာ" ပါ"။



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်က မေမေတို့၏ ခြံကလေးဆီရောက်တော့ မှောင်ရိပ်သန်းနေခဲ့ပါပြီ။ မေမေက ညစာ အဆင်သင့် ပြင်ဆင်ထားပြီး စောင့်နေခဲ့သည်။ ကားပေါ်ကနေ ကလေးမလေး တစ်ယောက်လို ခုန်ပေါက်ပြေးထွက်သွားခဲ့ပြီး မေမေ့ကို ပြေးဖက်နှုတ်ဆက်ချိန်မှာ လေးက ကားနောက်ခန်းထဲက မိုးနတ်၏ အဝတ်အစားအိတ်နှင့် သူ၏ ကျောပိုးအိတ်ကို ထုတ်ယူနေချိန်မို့ ချက်ချင်းရောက်မလာခဲ့။

"မေ့သမီးလေး ပင်ပန်းခဲ့ပြီပေါ့၊ ဗိုက်ဆာနေပြီလား သမီး၊ မေမေ ညစာ စပယ်ရှယ်ချက်ထားတယ်၊ သမီး အသည်းစွဲ ဆတ်သားဟော့ပလိတ်လေ၊ ကဲ . . . ဘယ်မှာလဲ၊ သူငယ်ချင်းကို ခေါ်လေ၊ သူ့အတွက် အခန်း အဆင်သင့် ပြင်ပေးထားတယ်နော်"

ဖေဖေက မိုးနတ်ပခုံးကို ခပ်တင်းတင်း ပွေ့ဖက်ကာ. . .

"သမီးမေမေက သမီးကို အရမ်းလွမ်းနေတာ သမီးရဲ့၊ ဒီပြန်ရောက်တုန်း မေမေနဲ့ အတူတူ အိပ်ပေးလိုက်ပါ၊ သမီး သူငယ်ချင်းရော . . ."

"ဟိုမှာ . . . လာနေပြီ . . . လေး . . . လာ လာ"



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်က လေးဆီလျှောက်သွားခဲ့ပြီး လေးဆီက အထုပ်တစ်ထုပ် ကူသယ်ပေးရင်း မေမေတို့ဆီ ပြန်လျှောက်လာခဲ့သည်။ အဲဒီအချိန်မှာ ပြောင်းလဲသွားကြသော ဖေဖေနှင့် မေမေ့၏ အံ့ဩမြင်သက်နေသော မျက်နှာများကို မိုးနတ် မြင်လိုက် ရတာဖြစ်သည်။ လေးဆီ ပြန်လှည့်ကြည့်မိတော့ လေး၏ မျက်နှာပေါ်မှာလည်း သမားရိုးကျမဟုတ်သော နားလည်ရခက်ခဲလွန်းသော အရိပ်တွေ နှင့်သီးလို့ . . .။ အို သူတို့ချင်း သိနေနှင့်ကြတာပါလား။

"ဖေဖေနဲ့ မေမေ . . . ဒါ မိုးနတ်ရဲ့ သူငယ်ချင်းဆိုတာ ဦးနေ့သစ်မိုးပါ၊ လေး . . . ဒါ ဖေဖေနဲ့ မေမေ ဒေါ်မယ်ထိန်ငြိုးနဲ့ ဒေါက်တာလင်းလွန်းပါ"

သူ့မျက်နှာပေါ်မှာ အပြုံးတစ်ခုကို မြင်ရသည်။ အပြုံးက လုံးဝ မသေသပ်။ ဖရိုဖရဲ ဖြစ်နေသလို . . .။ ဖေဖေနှင့်မေမေလည်း ပြုံးဖို့ကြိုးစားနေကြတာပါပဲ။ ဒါပေမယ့် တစ်မျိုးတွေပါပဲ . . .။

"နေ့သစ်ရာ . . . မင်း ပျောက်ချက်သား ကောင်းသွားလိုက်တာ နှစ်ပေါင်းနှစ်ဆယ်လောက်တောင် ရှိတော့မယ်နော်၊ ကြည့်စမ်း . . . မင်းနဲ့ ဒီတစ်သက် ပြန်မဆုံ





တော့ဘူးလို့တောင် ထင်နေတာကွာ"

ဖေဖေ့ဆီမှ ဝမ်းသာလှိုက်လှဲသော အသံအက်ကွဲသံနှင့်အတူ လေးနှင့် ပခုံးချင်းသိုင်းဖက်ထားလိုက်သည်။ မေမေ့မျက်နှာပေါ်မှာလည်း မယုံကြည်နိုင်သော အံ့ဩဝမ်းသာသောပြီးတော့ . . . တုန်လှုပ်ကြေကွဲသော အရိပ်တွေ။

"နေ့သစ်က မေမေတို့နဲ့ ငယ်သူငယ်ချင်းတွေ သမီးရဲ့၊ Forever friends တွေလေ၊ သမီးနဲ့ ဘယ်လိုဆုံမိကြတာလဲ၊ ဒီအကြောင်းတွေ သမီးလည်း မေမေ့ကို ပြောမပြပါလား"

"ဒီလိုပါပဲ မေမေ၊ အေးအေးဆေးဆေးမှ ပြောပြဖို့ ရည်ရွယ်ထားလို့ပါ"

မိုးနတ် ခပ်တိုးတိုးပဲ အဖြေပေးလိုက်သည်။ လူကြီးသုံးယောက်စလုံး၏ မျက်နှာပေါ်က အရိပ်အကဲတွေ အပြောင်းအလဲတွေမှန်သမျှကို မိုးနတ်က တောက်လျှောက် အသေးစိတ်အကဲခတ်နေခဲ့မိခြင်းဖြစ်သည်။ အားလုံး အံ့ဩလှုပ်ရှားတုန်ရင်မှုတွေကိုယ်စီနှင့်မှာ အထူးဆန်းဆုံးက လေးရဲ့ မျက်နှာ . . .။ ပြီးတော့ မေမေ့ရဲ့ မျက်နှာပါပဲ။ ဘာသာပြန်ရ အတော်ခက်သော မျက်ဝန်းတွေနှင့် သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မကြာခဏ လှမ်းကြည့်ကြသည်။ အရိုးသားဆုံး မျက်ဝန်းတွေက



www.burmeseclassic.com

www.burmeseclassic.com



တော့ ဖေဖေ့မျက်ဝန်းတွေပါပဲ။ အံ့သြစွာ ပျော်ရွှင်ရိပ်တို့ပဲ ဖေဖေ့ မျက်နှာပေါ်မှာ ရှိနေသည်။ ဖီလင်တွေ . . . ခံစားမှုတွေ အရှိဆုံးက လေးရဲ့မျက်နှာ။ အရာရာကို ကြိုးစားထိန်းသိမ်း ဟန်ဆောင်ပြင်ဆင်နေတာက မေမေ့ရဲ့မျက်နှာ . . . ။ အို . . . သူတို့ ဘာတွေလဲ။ ဘယ်လောက်ထိ ရင်းနှီးပတ်သက်ခဲ့ကြသလဲ။ မိုးနတ် သိချင်လိုက်တာ။

"ကဲ . . . ခရီးလည်း ပန်းလာတယ်၊ ဗိုက်လည်း ဆာကြရောပေါ့၊ ညစာ စားကြရအောင်လေ"

ဟု . . . မေမေက အရင်ဆုံး အိမ်ထဲသို့ လှည့်ဝင်သွားခဲ့သည်။ ခုချိန်ထိ လေး စကားတစ်ခွန်းမှ မဆိုသေး။

♠ ♠ ♠





ထမင်းဝိုင်းမှာ ထူးဆန်းသော အငွေ့အသက် တစ်မျိုးဖြင့် တိတ်ဆိတ်ချင်နေသည်။ ဖေဖေက စတင်ပြီး . . .

"ကဲ . . . ပြောပါဦး နေ့သစ်ရာ၊ မင်းပျောက်သွားပြီး မင်းရဲ့ ဘဝ အလှည့်အပြောင်းတွေ အကြောင်းပေါ့"

"ငါ့ဘဝရဲ့ အကြီးမားဆုံး စွန့်စားခန်းနေ့ရက်တွေပေါ့ကွာ၊ အဲဒီအချိန်တုန်းကတော့ ငါ့ဘဝက သုညပေါ့၊ သုညကနေ ငါးဆယ်ရရ . . . တစ်ရာရရ ငါ့အတွက် အမြတ်ပဲပေါ့၊ သုညထက်တော့ ပိုမရှုံးနိုင်တော့ဘူးဆိုပြီး ငါ ဖိုက်ခဲ့တာ၊ ဘဝက ကြမ်းတယ်ကွ၊ ရေရေလည်လည် ကြမ်းတမ်းတာ၊ စုတ်ပြတ်သတ်နေအောင် ပင်ပန်းခဲ့ရတာ၊ ငါ့မှာ အသက်ရှင်ရုန်းကန်နေတဲ့ မျှော်လင့်ချက်ကလေး တစ်ခုတည်းနဲ့ ငါ့ဘဝတစ်ခုလုံးကို ပုံအော စွန့်စားခဲ့တာ၊ သုံးနှစ်အတွင်းမှာ ငါ ကျောက်အောင်ရမယ်ဆိုပြီးတော့ကို သန္နိဋ္ဌာန်နဲ့ အရှုံးအမူး အပြင်းအထန် ငါ့ကိုယ်ငါ ခိုင်းခဲ့တာ၊ သုံးနှစ်အတွင်းမှာ ငါ အတိုင်းအတာကလေး တစ်ခုတော့ အောင်မြင်ခဲ့ပါတယ်၊ ငါ ပြန်လာခဲ့သေးတယ်၊ မင်းတို့ လက်ထပ်ပြီးတဲ့ အချိန်လောက်ပေါ့"

"ဟာ . . . မင်းကွာ နေနိုင်လိုက်တာ၊ ငါတို့ကို လာအောင်



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ခဲ့ဘူး"

"ငါ ချက်ချင်း ပြန်သွားခဲ့တာ၊ ငါ့ဘဝကို ဒီကျောက်လုပ်ငန်းတွေနဲ့ပဲ ကြီးပွားအောင် ထူထောင်တော့မယ်ဆိုပြီး အဲဒီအချိန်တုန်းက ငါ့ရဲ့အခြေအနေက တောင်ခြေကနေ နည်းနည်း ပိုမြင့်တဲ့ အနေအထားပဲ ရှိသေးတာ၊ တောင်ထိပ်ထိ ရောက်တဲ့အထိ ငါ တက်မယ်လို့ ဆုံးဖြတ်ခဲ့ပြီး ငါ ပြန်သွားခဲ့တာ"

မိုးနတ်သည် ထမင်းစားရင်း သူ့မျက်နှာကို တစ်ချိန်လုံး အကဲခတ်နေခဲ့သည်။ ခံစားချက်တွေ နှင့်သီးလွှန်းနေသော မျက်နှာ . . .။ ပြီးတော့ ဘာမှ မဖြစ်လေဟန် ဟန်ဆောင်ထားပြီး ပြုံးနေသော မေမေ့ရဲ့ မျက်နှာ။ မေမေ ဟန်ဆောင်နေတယ်ဆိုတာကို မိုးနတ် ရိပ်မိနေတာ။ မေမေ့ မျက်နှာမှာ အလွှာကလေးတစ်ခုတော့ ဖုံးအုပ်ထားသလိုလို။

"သမီးတို့ချင်းက ဘယ်လိုလုပ်ပြီး တွေ့ကြတာလဲ၊ နေ့သစ်ကရော သမီးကို ငါ့ရဲ့သမီးမှန်း မသိခဲ့ဘူးလား"

မေမေက မေးခြင်းဖြစ်သည်။ သူက ချက်ချင်းမဖြေဘဲ မိုးနတ်ကို ဖြေဖို့ လက်ဟန်ကလေးနှင့် ဦးစားပေးသလို ခွင့်ပေးသည်။





"မိုးနတ်က FAME မဂ္ဂဇင်းအတွက် ဦးနေ့သစ်မိုးကို interview သွားလုပ်ခဲ့တာပါ မေမေ၊ အဲဒီနောက်ပိုင်း သူက မိုးနတ်တို့ဆီ ရောက်လာခဲ့တာ၊ လေးက မေါင်းသင်းဆက်ဆံရေး ဘက်မှာတော့ အင်မတန် ပရိယာယ်ကြွယ်သား မေမေရဲ့၊ မိုးနတ်တို့ အားလုံးနဲ့ ခင်မင်သွားအောင် သူ ပေါင်းဘတ်တယ်၊ CHARMS JEWELLERY ဆိုင်တွေရဲ့ ပိုင်ရှင်ဟာ လေးလေ မေမေ့ရဲ့"

မေမေ့မျက်ခုံးတွေ ပင့်တက်သွားကာ မျက်လုံးတွေ အဝိုင်းသား ဖြစ်သွားခဲ့သည်။ မေမေ တကယ်ပဲ အံ့ဩသွားခဲ့တာလား။ အံ့ဩချင် ဟန်ဆောင်လိုက်တာလားဆိုတာကိုတော့ မေမေပဲ သိလိမ့်မည်။

"ငါ့ရုံးခန်းထဲ သူ ဝင်လာတာကို မြင်လိုက်ရတဲ့အချိန်မှာ အမှန်အတိုင်း ဝန်ခံရရင် ငါ တကယ် ရှော့(ခ်)ရ သွားတာ မယ်ရဲ့၊ နင် အသက်နှစ်ဆယ်အရွယ်တုန်းကနဲ့ ဘာထူးရာတည်း ချွတ်စွပ်လေ၊ နင့်ကို ငါ ပြန်တွေ့လိုက်ရသလိုပဲ ခံစားလိုက်ရတာ၊ နင့်သမီးပဲ ဖြစ်လိမ့်မယ်လို့ ငါ ခန့်မှန်းမိပြီးသားပါ၊ လောကကြီးမှာ ဒီလောက်ကြီးတော့ လူတူမရှိနိုင်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ် သူ့ဆီ ဖျတ်ခနဲ ကြည့်မိသည်။ သူဟာ မိုးနတ်ကို မေမေ့သမီးမှန်းသိလို့ ချဉ်းကပ်ခဲ့တဲ့ သဘောလား။ မိုးနတ် အာရုံထဲမှာ အတွေးတွေ ယောက်ယက်ခတ်လာသည်နှင့်အမျှ သံသယတစ်ခုက လုံးဝ ပီပီသသကြီး ရင်ထဲသို့ ခုန်ပေါက်ဝင်ရောက်လာသည်။ ဘုရားရေ . . . သိပ်သေချာတာပေါ့။ လေးဘဝမှာ အချစ်ဆုံးမိန်းမဆိုလို့ တစ်ယောက်ပဲ ရှိခဲ့ဖူးတယ်။ အဲဒီမိန်းမက မေမေကလွဲလို့ ဘယ်သူများ ဖြစ်နိုင်ဦးမလဲ။ ထိုသံသယက မိုးနတ်၏ နှလုံးသားထဲမှာ ကွက်လပ်အကြီးကြီး ဆွဲဟ,ပစ်လိုက်သည်။ ရင်တွေတဒိန်းဒိန်း ခုန်လာသည်နှင့်အမျှ နားလည်း နားကျင်လာသည်။ အဲဒီနောက်တော့ သူ ဆက်ပြောနေတာရော၊ မေမေနှင့် ဖေဖေ့ရဲ့ စကားသံတွေကိုပါ မိုးနတ် မကြားတစ်ချက် ကြားတစ်ချက်နှင့် ခေါင်းတွေ ချာချာလည်လာသည်။ အလွန် အံ့ဩစရာကောင်းသော လျှို့ဝှက်ချက်ကြီးတစ်ခုကို မမျှော်လင့်ဘဲ ဗြုန်းခနဲ သိခွင့်ရလိုက်သော အဖြစ်က လူကို အသက်ရှူဖို့တောင် မေ့လျော့သွားစေသည်။ ကိုယ်က ရိုးရိုးစင်းစင်းကလေး တွေးထားခဲ့သော သူနှင့် ချစ်သူဘဝသည် အလွန်ကြောက်စရာ မာယာတစ်ခုမှန်း သိခွင့်ရလိုက်ချိန်မှာ ချက်ချင်းကြီးပဲ ပေါက်ကွဲထွက်ပြေးသွားလိုက်ချင်မိသည်။ ကိုယ့်ကိုယ်ကိုယ် ယောကျ်ားတစ်ယောက်၏ အသုံးချ





ခံ . . . အဖြည့်ခံ . . . အစားထိုးခံ . . . ဓားစာခံကလေး တစ်ယောက်လို ခံစားမိသည်။ အိုး . . . သူ မေမေ့ကို လက်စားချေပြချင်ခဲ့တာများလား။ ဒီအထိ လိုက်လာခဲ့ပြီဆိုမှတော့ မေမေနှင့် ဖေဖေတို့နှင့် ထိပ်တိုက်ဆုံဖို့ သူ ကြိုတင်ပြင်ဆင်ထားခဲ့ပြီး သားပေါ့။ ဘာပဲလုပ်လုပ် စနစ်တကျ အကွက်ချပြီး စီစဉ်တတ်လွန်းသော သူ့စရိုက်ကို မိုးနတ် အလွတ်ရနေပြီလေ။

အတွေးတွေနှင့် နပန်းလုံးနေရသောကြောင့် မိုးနတ် ဆွံ့အ,နေသလို ဖြစ်နေသည်။ စကား သိပ်မပြောဖြစ်။ စားစရာရှိတာကို မြန်မြန်လက်စ,သတ်လိုက်သည်။ မိုးနတ်က သိပ်ပြီး ဟန်ဆောင်တတ်လှတာ မဟုတ်။ သူ့ကို ချက်ချင်း ပြန်သွားစေချင်စိတ်ကို မနည်း ချိုးနှိမ်ချုပ်တည်းထားရသည်။ ငိုယိုပေါက်ကွဲမိမှာကိုလည်း အင်မတန် စိုးရိမ်သည်။ ဖေဖေနှင့် မေမေ့ကို လုံးဝ စိတ်မဆင်းရဲစေချင်။ ကိုယ့်ပြဿနာကို ကိုယ်တိုင်ပဲ ဖြေရှင်းချင်သည်။ ခုလောက်ဆို ဖေဖေနှင့် မေမေတို့လည်း တရားဝင်သာ ဖွင့်မမေးပေမယ့် ရိပ်မိနားလည်လောက်ရောပေါ့။ အိမ်အပြန်ခရီးဆီ ယောကျ်ားမိတ်ဆွေတစ်ယောက်ကို မိဘတွေနှင့် တွေ့ဆုံပေးဖို့ ခေါ်လာခဲ့ပြီဆိုကတည်းက မိဘတွေက အလိုလို သဘောပေါက်ပြီးသား ဖြစ်ရောပေါ့။ ထူးခြားအံ့ဩစရာကောင်းတာက တစ်ခုပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီသမီးရဲ့ ချစ်သူဟာ သူတို့ရဲ့ ငယ်သူငယ်ချင်းတစ်ယောက်။ ပို့ပြီး သေချာတိကျစွာပြောရလျှင် မေမေ့ကို အသည်းအသန်၊ အရူးအမူး ချစ်ခဲ့၊ မျှော်လင့်ခဲ့သော ယောကျ်ားတစ်ယောက်။ ဒါကို ဖေဖေ မရိပ်မိလျှင်တောင် မေမေကတော့ အသေအချာကို သိထားလိမ့်မည် . . .။

ညစာစားပြီးတော့ အချိုပွဲ၊ လက်ဖက်နှင့် ရေနွေးကြမ်းဝိုင်းကို ဧည့်ခန်းထဲမှာ ဆက်ဖွဲ့ကြသည်။ မိုးနတ်က ဘာမှကို ဆက်မကြားချင်တော့။ မနက်ဖြန် ဘာလုပ်ရမည်ဆိုတာကိုပဲ ခေါင်းအေးအေးထားပြီး တစ်ယောက်တည်း စဉ်းစားချင်သည်။ မိုးနတ်ကွယ်ရာမှာ မေမေနှင့်သူ ဘာတွေပြောကြမလဲ ဆိုတာကိုလည်း သိချင်မိသေးသည်။ ဖေဖေ့အကြောင်း သိပြီးသား။ ဖေဖေက မနက်ဆို အစောကြီးထ,တတ်သူမို့ ညဆို စောစောစီးစီး အိပ်ရာဝင်လေ့ရှိသူပါ။ မိုးနတ် ကြိုတွေးထားမိပြီးသား။ ဖေဖေ အိပ်ရာဝင်သွားသည်နှင့် မေမေနှင့်လေးတို့ စကားဝိုင်းဆက်ကြဦးမှာ မလွဲ။ သူတို့ ဘာပြောကြမှာလဲ။ အဲဒါကို အသိချင်ဆုံး။ အဲဒီလို ပြောခွင့်ရအောင်ကို မိုးနတ်က အခွင့်အရေးပေးထားချင်သည်။ နာရီပေါင်းများစွာ အသံသွင်းလို့ရသော song digital voice recorder ကလေးကို Recording ခလုတ်ကလေးနှိပ်ထားခဲ့ပြီး ဘယ်သူမှ





မရိပ်မိအောင် ဧည့်ခန်းမှန်စားပွဲအောက်က ခွက်ကလေးတစ်ခုထဲမှာ အသေအချာ ထည့်ထားပစ်ခဲ့သည်။ recorder ကလေးက မီးခြစ်ဗူး ရှည်ရှည်ကလေးအရွယ်မို့ ဘယ်လိုမှ သတိထားမိနိုင်စရာ အကြောင်းမရှိ . . .။

"လေးတို့ မေမေတို့ ရှေးဟောင်းနှောင်းဖြစ်တွေ ဆက်ပြောကြဦးမှာမှလား၊ မိုးနတ်တော့ အရမ်းအိပ်ချင်ပြီ၊ ခရီးလည်း ပန်းလာတယ်၊ မိုးနတ် အိပ်တော့မယ်နော်"

ဟု . . . ခွင့်တောင်းလိုက်သည်။ သူက မိုးနတ်ကို တစ်ချက်လှမ်းကြည့်ကာ နှုတ်ဆက်သည်။ ငယ်သူငယ်ချင်း သုံးယောက် ပြန်ဆုံကြတဲ့ပွဲမို့ မိုးနတ်က တမင်တကာ ရှောင်ပေးတဲ့ သဘောဟု . . . သူတို့ နားလည်ထားလိမ့်မည်။

ကိုယ့်အခန်းထဲရောက်သည်နှင့် မိုးနတ် အိပ်ရာပေါ် မှောက်ချကာ အသံမထွက်အောင် ရှိုက်ကြီးတငင် ကျိတ်၍ ငိုကြွေးမိပါသည်။ မိုးနတ်၏ လတ်ဆတ်ဖူးသစ်စ နှလုံးသား နုနုကလေး ဖျတ်ခနဲ ကြွေသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၈



www.burmeseclassic.com

"အခုန်ရပ်သွားတဲ့ နှလုံးသားကို

ဘယ်ဆေးကမှ ပြန်လှုပ်ရှားသက်ဝင်လာအောင်

မစွမ်းနိုင်တော့ဘူး

electric shock နဲ့တောင် မကယ်နိုင်တော့ပါဘူး

ကျွန်မတို့ ယဉ်ယဉ်ကျေးကျေးပဲ

လမ်းခွဲနှုတ်ဆက်ကြစို့ ..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၈

တစ်ညလုံး မိုးနတ် အိပ်လို့ မပျော်နိုင်ခဲ့။ ဧည့်ခန်းဆီက အသံသဲ့သဲ့ တစ်ချက်တစ်ချက် လွင့်ပျံ့လာတတ်တာကို စူးစိုက်ပြီး နားထောင်မိသေးသည်။ ဖေဖေ ခဏနေတော့ နှုတ်ဆက်ကာ အပေါ်ထပ်တက်သွားသံကို ကြားရသည်။ ဖေဖေ တရားထိုင်ဦးမှာ ပြီးမှ အိပ်ရာဝင်မှာ။ မေမေနှင့်လေးတို့ စကားတွေဆက်ပြောရင်း ကျန်ခဲ့သည်။ သူတို့ ဘာတွေ ဆက်ပြောကြမှာလဲ။ သူတို့ မျက်နှာထားတွေ ဘယ်လိုရှိကြမလဲ။ မိုးနတ် အသိချင်ဆုံးက လေးကို မေမေ ဘာကြောင့် မစောင့်ခဲ့သလဲဆိုသော အမေးအတွက် မေမေ့ရဲ့ ဖြေရှင်းချက်ကိုဖြစ်သည်။ သူ မေးဦးမှာလား . . .။ မေးခဲ့ရင် မေမေ ဘယ်လိုဖြေမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ မိုးနတ်နှင့်လေး၏ အခြေအနေကို မေးလိမ့်မည်။ အို . . . မိုးနတ်သိချင်လိုက်တာ။

မေးခန် အိပ်ပျော်သွားခဲ့ပြီးမှ တရေးနိုးလာချိန်မှာ တစ်အိမ်လုံး မှောင်အတိကျကာ တိတ်ဆိတ်နေခဲ့ပြီ . . .။ ညနှစ်နာရီတောင် ရှိပြီလေ။ အခန်းထဲကနေ အသံမကြားအောင် ခြေသံဖွဖွနင်းလျက် ဧည့်ခန်းထဲရှိ recorder ကလေးကို သွားယူလာခဲ့သည်။ မိုးနတ်ရင်တွေ တဆတ်ဆတ် တုန်ရင်နေခဲ့သည်။ အင်မတန် တာဝန်ကျေသော recorder ကလေးထဲမှာ အသံတွေအားလုံး သိမ်းဆည်းထားခဲ့သည်။ မလိုအပ်သော ရှေ့ပိုင်းတွေကို ရစ်ပစ်လိုက်ပြီး လေးနှင့်မေမေ နှစ်ယောက်တည်း ဖြစ်သွားတော့မှ တိုးသက်ညင်သာသော အသံကလေးတွေ ထွက်လာသည်။

"နင် သမီးကို ဘယ်လိုစိတ်ကူးနဲ့ ချဉ်းကပ်ခဲ့တာလဲ နေ့သစ်၊ နင့်ကို မစောင့်ခဲ့တဲ့အတွက် ငါ့ကို လက်စားချေချင်စိတ်သက်သက်နဲ့ ငါ့သမီးကို ဓားစာခံအဖြစ် အသုံးချခဲ့တာဆိုရင်တော့ နင့်ကို ငါ တစ်သက်လုံး ခွင့်လွှတ်တော့မှာ မဟုတ်ဘူး နော်"

မေမေ့အသံက မိုးနတ်တစ်ခါမှ မကြားဖူးခဲ့သော သူစိမ်းမိန်းမတစ်ယောက်၏ အသံမျိုး။





"နင် ဘာဖြစ်လို့ ငါ့ကို အဲဒီလောက် လျှော့တွက်ရတာလဲ မယ်ရာ၊ နင့်ရဲ့အတွေးကို သိခွင့်ရတာ ကြေကွဲဖို့ ကောင်းလိုက်တာ၊ ငါ မိုးနတ်ကို မြင်မြင်ချင်း တကယ်ကို ရှော့(ခ်)ရသွားခဲ့တာကို ဝန်ခံပါတယ်၊ နင့်ကို ပြန်တွေ့လိုက်ရတဲ့အတိုင်းပဲ . . . ငါ့ရဲ့စိတ်တွေ လှုပ်ရှားခဲ့ရတာ၊ ငါ့ရဲ့နှလုံးသားက ပြန်ပြီး နုပျိုလန်းဆန်းလာခဲ့တာပါ၊ နင့်ရဲ့သမီးပဲ ဖြစ်လိမ့်မယ်ဆိုတာ ငါ့စိတ်ထဲကနေ အလိုလိုသိနေခဲ့ပါတယ်၊ သူ့ကိုတောင် ဘယ်သူ့သမီးလဲဆိုတာ ငါ ဖွင့်မမေးခဲ့ပါဘူး၊ သူ့ကို ငါ့နှလုံးသားက အသစ် ပြန်နိုးထလာတဲ့ မက်မောမှုမျိုးနဲ့ စွဲစွဲလမ်းလမ်း ချစ်ခဲ့မိတာပါ၊ နင့်သမီးမို့လို့ တမင်သက်သက် ချစ်ယူခဲ့တာ မဟုတ်ဘူး၊ နင့်ကြောင့် လုံးဝ မေ့မြောနေတဲ့ နှလုံးသားက သူ့ကြောင့် ပြန်အသက်ဝင်လာခဲ့တာပါ၊ ငါတို့ အသက် သိပ်ကွာမှန်း ငါသိပါတယ်၊ ဒါပေမယ့် အဲဒီကွာခြားမှုက ငါ့ရဲ့ အချစ်ကို ရပ်မသွားစေပါဘူး"

"လင်းလွန်းတော့ ဘယ်လိုခံစားရမယ် မသိဘူး၊ ငါကတော့ အခုလက်ရှိ ငါတို့ ပြန်ဆုံနေတဲ့ အနေအထားကြီးကို လုံးဝ ခံစားလို့ မရပါဘူး၊ နင်ဆိုတာက ငါတို့နှစ်ယောက်လုံးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးသူငယ်ချင်းလေ၊ နင့်ကို ငါတို့ သမီးနဲ့ ဘယ်လိုလုပ်ပြီး ယှဉ်တွဲမြင်လို့ရမှာလဲ၊ ငါ တောင်းပန်ပါတယ် နေ့သစ်ရယ်၊ သမီးကို သာမန်မိတ်ဆွေတစ်ယောက်အဖြစ်ပဲ နင် ချစ်ပေးပါ၊ ငါတို့ရဲ့ သမီးကလေးဟာ နင်ရဲ့သမီးကလေးပေါ့၊ ဒါမျိုး မဖြစ်သင့်ပါဘူးဟယ်"

မေမေ ငိုတော့မလားဟု . . . မိုးနတ် စိုးရိမ်စွာနားစွင့်ထားမိသည်။ လေးဆီက အသံမကြားရ။ လေးရဲ့ မျက်လုံးတွေဟာ မေမေ့မျက်နှာပေါ်မှာ ရောက်နေမှာ မလွဲပါဘူး။

"လင်းလွှန်းလည်း သဘောတူခံစားနိုင်မှာ မဟုတ်ဘူး၊ သူ စိတ်ချမ်းသာမှာ မဟုတ်ဘူး။ သမီးကို ငါတို့ ပျိုးထောင်ခဲ့တဲ့ ပုံစံက သူ့လွတ်လပ်မှုနဲ့ သူကိုယ်တိုင် ဆုံးဖြတ်၊ အဲဒီ ဆုံးဖြတ်ချက်ရဲ့ ရလာဒ်ကို သူကိုယ်တိုင် တာဝန်ယူစေတဲ့ . . . သူ့ကို ယုံကြည်စိတ်ချမှု အပြည့်ပေးထားတဲ့ ပုံစံမျိုးပါ၊ ဒီလူကို မယူနဲ့ . . . ဒီလူကို မချစ်နဲ့လို့ ငါတို့တားလို့ မရပါဘူး၊ တားရင်လည်း ခိုင်လုံတဲ့ အကြောင်းပြချက်တစ်ခုတော့ သူ့ကို ပေးရလိမ့်မယ်၊ နင်နဲ့ ငါ့ရဲ့အကြောင်းကို သမီးကို ငါ ပြောပြရမှာလား၊ အရှင်းဆုံးပြောရရင် နင်နဲ့ငါ့ရဲ့ ရင်းနှီးပတ်သက်မှုကို လင်းလွှန်းတောင် ဘာမှ မသိခဲ့ဘူး နေ့သစ်၊





သူ သိစရာလည်း မလိုဘူးလေ၊ ငါ သူ့ကို လက်တောင်ထပ်ခဲ့ပြီးပြီ၊ အနီးကပ်ဆုံး လူသားတွေအဖြစ် ရင်းနှီးခဲ့တာပဲ အနှစ်နှစ်ဆယ်ကျော်ခဲ့ပြီ"

"ပြီးခဲ့တာတွေကို ငါ ပြန်တမ်းတမနေချင်တော့ပါဘူးမယ်ရယ်၊ ဒါတွေ ပြောရမယ့်အချိန်လည်း မဟုတ်တော့ဘူးဆိုတာ ငါ သိပါတယ်၊ ဒါပေမယ့် နင့်ကို ကိုယ်ချင်းစာတတ်အောင်တော့ ငါ ပြောပြချင်တယ်၊ လူတစ်ယောက်ရဲ့ မျှော်လင့်ချက်ဆိုတာ သူ့ဘဝတစ်ခုလုံး ပုံအောပြီး စတေးထားရတာ၊ အဲဒါကို လျစ်လျူမရှုသင့်ဘူး၊ ရိုသေလေးစားမှုတော့ ရှိသင့်တယ်၊ အထူးသဖြင့် သူ့ရဲ့ မျှော်လင့်ချက်ဟာ တစ်စုံတစ်ယောက်အပေါ်မှာ မှီတည်နေတယ်ဆိုရင် အဲဒီ တစ်စုံတစ်ယောက်က ပို သတိထားရမယ် . . . လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက ငါ့ဘဝတစ်ခုလုံးရဲ့ မျှော် လင့်ချက်ဟာ 'နင်'ပါ၊ ဒါပေမယ့် နင် ငါ့ရဲ့ မျှော်လင့်ချက်တွေ အားလုံးကို လျစ်လျူရှုပစ်ခဲ့တယ်၊ တန်ဖိုး မထားခဲ့ဘူး၊ မလေးစားခဲ့ဘူး၊ ငါ့ကို ပေးခဲ့တဲ့ 'စောင့်နေပါမယ်' ဆိုတဲ့ ကတိကို ဖျက်ခဲ့တယ်၊ နင့်ကြောင့် ငါ့ဘဝတစ်ခုလုံး ဘာတွေ ဖြစ်သွားခဲ့သလဲ၊ နင် သိချင်မှာ မဟုတ်ပါဘူး၊ ထားလိုက်ပါတော့၊ အခု လက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ငါ့ရဲ့ မျှော်လင့်ချက်ဟာ 'မိုးနတ်မဒီ' ပါ၊ ကျေးဇူးပြုပြီး ငါ့ရဲ့မျှော်လင့်ချက်ကို ရှင်သန်ခွင့်ပေးပါ မယ်ရယ်"

"ငါ ကြားဖူးတာတစ်ခုရှိတယ် 'Success is revenge' တဲ့ နင့်ဘဝတစ်ခုလုံး အောင်မြင်ခဲ့ပြီးပြီပဲ၊ ငါ့ကို လက်စား ချေပြီးပြီလို့ နင် သဘောထားလိုက်လို့ မရဘူးလားဟင်၊ တစ်သက်လုံး သမီးရဲ့ဘေးမှာ နင့်ကို ယှဉ်တွဲပြီး မြင်နေရပေ မယ့် အဖြစ်ဟာ ငါ့ကို လက်စားချေတာပဲ နေ့သစ်ရဲ့"

"အဲဒါ နင်ခံယူလိုက်တဲ့ နင့်ရဲ့ ခံယူချက်လေ၊ ငါ့စိတ်ထဲ မှာ . . . နှလုံးသားထဲမှာ 'လက်စားချေ' ဆိုတဲ့ စကားလုံးကို ယောင်ပြီးတော့တောင် မစဉ်းစားမိပါဘူး၊ မိုးနတ်က အင်မတန် ပါးနပ်ပြီး အသိဉာဏ်ထက်မြက်တဲ့ မိန်းကလေး ပါကွာ၊ သူ ကိုယ့်ရဲ့ ဇာတ်လမ်းကို သိထားပြီးသားပါ အခုလောက်ဆို မင်း ဘယ်သူလဲဆိုတာ သူ ရိပ်မိလောက်ပါ ပြီ၊ အဲဒီတော့ တရားမျှမျှတတပဲ သူ့ရဲ့ အဆုံးအဖြတ်ကို ခံရအောင်ပါ"

မေမေ့ သက်ပြင်းသံသဲ့သဲ့ကို ကြားရသည်။ ပြီးတော့ အကြာကြီးပဲ အသံတွေ တိတ်သွားခဲ့ပါသည်။ အထူးသဖြင့်





မိုးနတ်ရဲ့ ရင်တစ်ခုလုံးလည်း တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ ခုန်နေတဲ့ နှလုံး ရပ်တန့်သွားတဲ့ ငြိမ်သက်ပုံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



မနက် breakfast ဝိုင်းမှာ လူစုံတက်စုံ . . .။ ဖေဖေက ဆေးရုံကနေ ခွင့်မယူထားသောကြောင့် ဆေးရုံသွားရမည်။ မေမေ့မျက်နှာကလေးက အနည်းငယ် နွမ်းလျနေသယောင်။ မေမေ ညက အိပ်လို့မှ ရပါရဲ့လား။ လေး မျက်နှာကတော့ အကဲခတ်ရ အခက်ဆုံး။ ဟန်ဆောင်ကောင်းလွန်းသူမို့လား မသိ . . . အေးအေးဆေးဆေး။

"ညက အိပ်လို့ ပျော်ရဲ့လား မိုးနတ်"

ဟု . . . လှမ်းမေးဟန်က ဘာမှ မပြောင်းလဲ။

"အိပ်ပျော်ပါတယ် . . .၊ တစ်ရေးပဲ . . . ခဏနေရင် ဦးကို botanic garden လိုက်ပို့မလို့၊ ရထားလုံးနဲ့ပဲ သွားကြတာပေါ့"

"ကောင်းတယ် မိုးနတ်၊ အပြင်မှာပဲ lunch စားကြတာပေါ့"

"အိမ်ပြန်စားပါလား သမီးရယ်၊ မေမေ ရှယ်ချက်ထားပေးမယ်လေ၊ သမီး ဘာစားချင်သလဲ ပြောခဲ့"

"မေမေ့လက်ရာက အပြင် restaurants တွေထက် ပိုကောင်းတယ် ဦးရဲ့၊ အိမ်ပြန်စားကြတာပေါ့ . . . စားပါ့မယ် မေမေ၊ မေမေ့ စပါယ်ရှယ်တွေပဲ ချက်ထားပေး





ပါနော်"

"ကောင်းပြီ . . . သမီးလေး"

မေမေ လေးကို တစ်ချက်လှမ်းကြည့်လိုက်တာကို မိုးနတ်မြင်ရသည်။

ခဏနေတော့ ဖေဖေလည်း ဆေးရုံသွား . . . မိုးနတ်နှင့် လေးလည်း မြင်းလှည်းရထားလုံးကလေးနှင့် botanic garden ဆီသို့ ထွက်ခဲ့ကြသည်။ ရင်ထဲမှာ ပြောချင်သော စကားလုံး တွေနှင့် ပြည့်ကြပ်ဆို့နင်နေသဖြင့် ချက်ချင်း ဘာပြောရမှန်း တောင်မသိ။ သူ ဘာတွေပဲပြောပြော ဒီနေရာမှာတော့ မေမေနှင့် မိုးနတ်က မိန်းမချင်းမို့လား မသိ၊ အတွေး တူပါသည်။ မိန်းမ တစ်ယောက်ကို သူ ဘယ်လောက် အသည်းနှင့်အောင်ချစ်ခဲ့ . . . မျှော်လင့်ခဲ့သလဲဆိုတာ မိုးနတ် အသိဆုံး။ သူကိုယ်တိုင်လည်း ဝန်ခံခဲ့ဖူးသည်။ အဲဒီမိန်းမဟာ ဘယ်လိုမိန်းမစားမျိုး ဖြစ်မလဲဟု . . . မိုးနတ် အလွန်သိချင်ပြင်းပြခဲ့သည်။ အခုတော့ အဲဒီ မိန်းမဟာ 'မေမေ'ပဲ . . . ဟု သိခွင့်ရခဲ့ပြီ။ မေမေ . . . လေးကို ဘာကြောင့် မစောင့်ခဲ့သလဲဆိုတာ မိုးနတ် သိချင်ပါသည်။ အကယ်၍ မေမေသာ သူ့ကို စောင့်ခဲ့လျှင်တော့ ဒီနေ့ ဒီဇာတ်လမ်းလည်း ဖြစ်လာစရာအကြောင်း မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ရှင်းပါသည်။ သူဟာ မိုးနတ်ကို သူ့အလွန်ချစ်မြတ်နိုး စုံမက်ခဲ့ပြီး မပေါင်းဖက်ခဲ့ရသော မေမေ့နေရာမှာ အစားထိုးခဲ့တာပါ . . .။ တစ်နည်းအားဖြင့် မေမေ့အပေါ် လက်စားချေရာလည်း ရောက်မည်။

"ငြိမ်လှချည်လား ကလေးလေး . . .၊ ဘာတွေ တွေးနေတာလဲ ဟင်"

"ကျွန်မ ငြိမ်သွားတာက နှလုံးသား အခုန်ရပ်သွားလို့ပါ။ အခုန်ရပ်သွားတဲ့ နှလုံးသားကို ဘယ်ဆေးကမှ ပြန် လှုပ်ရှားသက်ဝင်လာအောင် မစွမ်းနိုင်တော့ဘူး၊ electric shock နဲ့တောင် မကယ်နိုင်တော့ပါဘူး၊ ကျွန်မတို့ ယဉ်ယဉ်ကျေးကျေးပဲ လမ်းခွဲနှုတ်ဆက်ကြစို့ လေး"

"ဘာပြောလိုက်တယ် မိုးနတ် . . .၊ မပြောပါနဲ့ကွာ၊ အဲဒီ လမ်းခွဲဖို့ စကားကို ဘယ်တော့မှ မပြောပါနဲ့၊ ကိုယ့်ကိုသာ သတ်ချင်သတ်သွားလိုက်ပါ"

သူ အခုမှပဲ ပျာယာခတ်သွားတော့သည်။ သူ့မျက်နှာကို မိုးနတ် မကြည့်ရက်ပါ။ မိုးနတ်ရင်တစ်ခုလုံး နင့်နေအောင် နာကျင်နေတာကိုတောင် မိုးနတ်ကိုယ်တိုင် မကယ်တင်နိုင်ဘဲ. . .။





"ဒီကမ္ဘာလောကတစ်ခုမှာ လေး အချစ်ဆုံးမိန်းမတစ်ယောက်ဟာ မေမေပါလို့ သိခွင့်ရပြီးတဲ့နောက်မှာ ဘယ်လိုသတ္တိမျိုးနဲ့မှ လေးကို ဆက်မချစ်နိုင်တော့လို့ပါ။ ဒီအထိ လိုက်ပို့ပေးခဲ့တာကို ကျေးဇူးလည်းတင်ပါတယ်၊ မေမေ့ကို နာကျင်စေဖို့ . . . ကျွန်မကို လက်နက်အဖြစ် အသုံးပြုခဲ့တယ် ဆိုရင်လည်း ခွင့်လွှတ်နားလည်ပေးပါ့မယ်၊ လေးကြောင့် ကျွန်မ ပျော်ရွှင်ခဲ့ရတာ၊ ဘဝတွေ ပြောင်းလဲခဲ့ရတာ . . . အခွင့်အလမ်းတွေရှိတဲ့ တံခါးချပ်တွေကို တွန်းဖွင့်မိခဲ့တာ . . . အဲဒါတွေ အားလုံးအတွက်လည်း အမြဲကျေးဇူးတင်နေမှာပါ။ လေးကို ကျွန်မ အမုန်းနဲ့ လမ်းမခွဲချင်ပါဘူး၊ တစ်သက်လုံး တစိမ့်စိမ့် နာကြည်းမနေချင်ပါဘူး၊ လေးစားစရာ ကျေးဇူးတင်ထိုက်တဲ့ စံပြပုဂ္ဂိုလ်တစ်ယောက်အဖြစ်နဲ့ပဲ ရင်ထဲမှာ သိမ်းထားပါရစေ"

"မင်း ကိုယ့်ဘက်ကို ဘာမှ မတွေးတော့ဘူးလား မိုးနတ်၊ ကိုယ့်အတွက် ဒုတိယ အခွင့်အရေးဆိုတာတောင် မရှိနိုင်တော့ဘူးလား"

"လေးဘဝထဲ ကျွန်မ မပါလို့ အမိပ္ပာယ်မဲ့မသွားနိုင်ပါဘူး၊ ကျွန်မဘဝထဲ လေး ပါနေရင်သာ ကျွန်မ မေမေ့ကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ မျက်နှာရဲရဲ မကြည့်ရဲတော့မှာ၊ မေမေ့ကို သနားတယ် လေး၊ သမီးတစ်ယောက်အနေနဲ့ ကိုယ့်မိဘကို ကျေးဇူးပြန်မဆပ်နိုင်သေးတောင်မှ ကျေးဇူးတော့ မကန်းသင့်ဘူးလေ၊ ဒီဖြစ်ရပ်မှာ ခံစားချက်တွေ၊ နာကျင်ရမှုတွေ၊ ကြေကွဲရမှုတွေကို ခဏ မေ့ထားလိုက်ရအောင်ပါ၊ အလုပ်သင့်ဆုံး အလုပ်တစ်ခုကိုပဲ ပြတ်ပြတ်သားသား လုပ်လိုက်ရအောင်၊ နေ့လည်စာ အတူစားပြီးတာနဲ့ လေး ရန်ကုန်ကို ပြန်သွားပါ၊ ကျွန်မနဲ့ အဝေးဆုံးမှာ နေပေးပါ၊ ဘယ်တော့မှ လာမတွေ့ပါနဲ့ လေး၊ ကျွန်မ လေးကို မမုန်းချင်ဘူး၊ လေးရဲ့ ဂုဏ်သိက္ခာကိုလည်း မထိခိုက် မစော်ကားချင်ဘူး၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်မ တစ်ယောက်ယောက်ကို လက်ထပ်မယ်၊ အဲဒီလူဟာ လေး ဘယ်တော့မှ မဖြစ်စေရဘူးလို့ ကျွန်မ တစ်ခါတည်း ကတိပေးလိုက်တယ် လေး"

"ကိုယ့်ကို စောင့်နေခွင့်တော့ပေးပါ ကလေးရယ်၊ မင်း တစ်နေ့နေ့ ကိုယ့်ဆီ ပြန်လာလိမ့်မယ်လို့ ကိုယ် မျှော်လင့်နေပါရစေ၊ ဘဝမှာ လူတစ်ယောက်ကို တကယ်ချစ်တယ်ဆိုရင် . . . ပြီးတော့ သူ့အချစ်ကိုလည်း အကြွင်းမဲ့ယုံကြည်စိတ်ချတယ်ဆိုရင် သူ့ကို အခွင့်အရေးတစ်ခုတော့





ပေးရလိမ့်မယ်၊ သူ ပြန်အလာကို စောင့်နေပေးဖို့ပါ၊ ကိုယ် တကယ် စောင့်နေပါ့မယ်"


သူ့စကားက မိုးနတ်နှလုံးသားကို စုတ်ဖြဲပစ်လိုက်သလိုပင် နာကျင်သွားစေပါသည်။ ဟင့်အင်း . . . ဘယ်တော့မှ ကျွန်မ ပြန်လာဖြစ်မယ် မထင်တော့ဘူး လေးရေ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၉



www.burmeseclassic.com

www.burmeseclassic.com

ဘဝမှာ အချစ်ရဆုံး

ကိုယ့်ဘဝကို အလွှမ်းမိုးဆုံး မိန်းမနှစ်ယောက်နှင့်

ထမင်းလက်ဆုံစားခွင့်ရတဲ့

ဒီနေ့ကလေးဟာ

ကိုယ့်ဘဝတလျှောက်

မမေ့နိုင်ဆုံးနေ့တစ်နေ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၉

မေမေ့လက်ရာ ဟင်းလျာတွေက အရသာရှိလှသလောက် ထမင်းဝိုင်းကလေးကတော့ ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ်ဆိတ်နှင့်ပါ။ မေမေက မိုးနတ်တို့ အခြေအနေကို တိတ်ဆိတ်ညင်သာစွာ အကဲခတ်လျက်ရှိသည်။ မိုးနတ်ရင်ထဲမှာ မခံမရပ်နိုင်လောက်အောင် နင့်သည်းနာကျင်လျက် လှုပ်ဟာနေသည်။ မကြာခင်မှာ သူ သွားတော့မယ်။ ဘယ်တော့မှ ပြန်မဆုံရတော့ဘူး။ လေးကို အရမ်းချစ်တယ်လို့ ပြောပြခွင့် မိုးနတ် ဘယ်တော့မှ မရနိုင်တော့ဘူး။ မေမေ့ကို လေးထက်တော့ ပိုချစ်လို့ မေမေ့ကို ငဲ့ညှာပြီး လေးကို စွန့်လွှတ်ခဲ့တာပါ . . . ဆိုရင် လေး ဘယ်လိုနေမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ရဲ့လက်ရာတွေ တော်တော် တိုးတက်လာတာပဲ မယ်၊ နင် မှတ်မိသေးလား၊ နင်နဲ့ငါတို့ လပြည့်ညတွေဆို နင့် အိမ်ရှေ့မှာ ကြက်သားကာလသားဟင်း ချက်စားကြတာလေ၊ မြေအိုးနဲ့ချက်တဲ့ ကြက်သားစပ်စပ် အရည်ကျဲ ကလေးကို ငါ တကယ်လွမ်းမိတယ်"

လေးက ထမင်းဝိုင်းကလေးကို စိုပြေလာအောင် ဖန်တီးရှာပါသည်။ မေမေက ပြုံးရယ်ရင်း . . .

"ဟုတ်ပ . . . အုတ်နီခဲသုံးလုံး ဖိုခနောက်ဆိုင်ပြီး ထင်းနဲ့ ချက်တာလေ၊ ထမင်းကြမ်းလေးနဲ့ လွေးရတာ ကောင်းမှကောင်း၊ ငပိထောင်းစပ်စပ်ကလေးလည်း ပါတယ်လေ၊ အိမ်တွေက မသိအောင် ပစ္စည်းတွေ ခိုးခိုးဝှက်ပြီး ယူရတာ မှတ်မိသေးတယ်"

သူတို့ ချက်ချင်း ပြန်လည်၍ နုပျိုသွားကြသည်။ ဘယ်လိုလုပ်ပြီး သူတို့နှစ်ယောက်ကြားမှာ မိုးနတ်ဝင်ရပ်လို့ ရပ့်မလဲကွယ်။

"မေမေ . . . လေးက ထမင်းစားပြီးရင် ရန်ကုန်ပြန်တော့မှာ"

မိုးနတ် တိုးတိုးကလေး ဝင်ပြောလိုက်မိသည်။ ခုချိန်





မှာ အတိတ်မြို့ပောင်းကို ပြန်ပြီး တူးဖော်နေလို့လည်း ဘာတွေများ ထူးလာဦးမှာမို့လဲကွယ်။ မေမေ့မျက်နှာ ဖျတ်ခနဲ ပြောင်းလဲသွားသည်။

"အို . . . ဟုတ်လား! ငါက နင် ဆက်နေဦးမယ်မှတ်တာ၊ လင်းလွန်းတောင် နင် ချက်ချင်းပြန်မယ်ဆိုတာကို မသိဘူး ဟယ်၊ ဒီလိုမှန်းသိရင် သူ ဆေးရုံသွားမှာတောင် မဟုတ်ဘူး"

"အရေးတကြီး ကိစ္စလေးကြောင့်ပါဟာ၊ ငါတို့ အသက်ရှင်နေသရွေ့ နောက်တစ်ကြိမ် ထပ်ဆုံခွင့်ရှိသေးတာပဲကွာ၊ အရမ်းကောင်းတဲ့ တောယုန်သားဟင်းကလေးအတွက် ကျေးဇူးပါ မယ်၊ အချိန်လေးရှိတုန်း ငါ ပြန်လိုက်ဦးမယ်"

စားပြီးတာနှင့် သူ ချက်ချင်းပြန်ဖို့ ပြင်ဆင်တာကို စိတ်ထိခိုက်လှပေမယ့် မသိချင်ဟန်ဆောင်ထားလိုက်သည်။ ဒီလိုပဲ အဖြစ်သင့်ဆုံးပါ . . .။ ဒီကမ္ဘာမှာ မိုးနတ်အချစ်ရဆုံးနဲ့ မချစ်သင့်ဆုံးသောသူဟာ လေးပါပဲ။

"ကိုယ့်ကို ကားအထိတော့ လိုက်ပို့ပေးပါဦး မိုးနတ်၊ မှာစရာရှိတာလေး မှာခဲ့ချင်လို့လေ"

သူက လိမ္မာပါးနပ်စွာ မိုးနတ်ကို ကားအထိ လိုက်ပို့



www.burmeseclassic.com

www.burmeseclassic.com



နိုင်းတော့ နောက်ဆုံးအနေနှင့် မိုးနတ် လိုက်ပို့ပေးမိပါသည်။ နောင် ဘယ်တော့မှ ပြန်မဆုံတော့ဘူးမှလား။ မေမေက အိမ်ဝ,မှာပဲ ရပ်လျက်ကျန်ရစ်သည်။ မိုးနတ်နှင့် လေးကို အေးအေးဆေးဆေး စကားပြောခွင့်ပေးတာလည်း ဖြစ်နိုင်ပါသည်။ မေမေက အဲဒီလို အလိုက်သိလွန်းလေ မိုးနတ် ရင်နာလွန်းရလေပါ။

"ဒီအချိန်မှာ ဒီအခြေအနေမျိုးမှာ မိုးနတ် ဒီလိုဆုံးဖြတ်ချက်ချတာကို ကိုယ် အပြစ်မမြင်ပါဘူး ကလေးလေးရယ်၊ ကိုယ် နားလည်ပါတယ်၊ ဒါ တရားမျှတပါတယ်၊ ဘဝမှာ အချစ်ရဆုံး . . . ကိုယ့်ဘဝကို အလွှမ်းမိုးဆုံး မိန်းမနှစ်ယောက်နဲ့ ထမင်းလက်ဆုံ စားခွင့်ရတဲ့ ဒီနေ့ကလေးဟာ ကိုယ့်ဘဝတလျှောက် မမေ့နိုင်ဆုံး နေ့တစ်နေ့ပါ၊ ခေါင်းအေးအေးထားပြီး အချိန်ယူစဉ်းစားပါ မိုးနတ်ရယ်၊ မင်းက ကိုယ့်ရဲ့ ဒုတိယအသက်ပါ၊ ကိုယ် ဒီထက်ပိုပြီး ကံမဆိုးချင်ဘူး၊ ကိုယ် အသက်ဆက်ပြီး ရှင်ခွင့်ရချင်တယ်၊ အဲဒါ မင်းအပေါ်မှာပဲ လုံးဝ မူတည်နေပါတယ်၊ ကိုယ် စောင့်နေမယ်နော်၊ ကိုယ့်ဆီ ပြန်လာခဲ့ပါ၊ ဘယ်လောက်ပဲ စောင့်ရစောင့်ရ ကိုယ် စောင့်နိုင်ပါတယ် . . . စောင့်နေမှာပါ"

သူက မိုးနတ်၏ လက်ကလေးတစ်ဖက်ကို ဆွဲယူပြီး





သူ့ရင်ဘတ်ဆီမှာ မြတ်မြတ်နိုးနိုး ကပ်ထားရင်း မိုးနတ် မျက်နှာကို နောက်ဆုံးကြည့်ခြင်းတစ်ခုလို တရှိုက်မက်မက် ငေးကြည့်နေလျှင် မိုးနတ် ဘယ်လိုမှ ချုပ်ထိန်းထားနိုင်စွမ်း မရှိတော့။ တစ်ကိုယ်လုံး တုန်ရင်လာလျက် မျက်ဝန်း နှစ်ဖက်လုံး မျက်ရည်တွေ ပြည့်ဝိုင်းလာသည်။

"ဘယ်တော့မဆို တစ်ခုခု ဆုံးဖြတ်မယ်ကြံရင် နှစ်ဦးနှစ်ဘက်ကို တွေးပေးပါ ကလေးရယ်"

မိုးနတ် နှုတ်ခမ်းကလေးကိုက်ပြီး သူ့ဆီကနေ လက်ကို ဆွဲယူလိုက်သည်။ သူ ကားပေါ်တက်ပြီး မောင်းထွက်သွားတာကို မြင်ကွင်းတဆုံးထိ ငေးကြည့်နေရင်း ပါးပြင်ဆီမှာ မျက်ရည်တို့နှင့် ရွှဲနစ်လာသည်။

"သမီး ငိုချင်ရင် မေမေ့ရင်ခွင်ထဲမှာ အားပါးတရ ငိုနော်"

မိုးနတ် ကိုယ်ခန္ဓာကလေး ရွှေးထွေးသွားသလို မေမေက အနောက်ကနေ သိမ်းကြုံးပြီး ဖက်ထားလိုက်သည်။ မေမေ့ရင်ခွင်ထဲသို့ အင်အားချည့်နဲ့ခွေလျှစွာ မှီချလိုက်ပြီး အစွဲလမ်းဆုံး အရုပ်ကလေး ကျိုးကြေပျက်စီးသွားသော ကလေးငယ်တစ်ယောက်လို ရှိုက်ကြီးတငင် သည်းသည်းထန်ထန် ရင်ပွင့်ထွက်သွားအောင် ငိုချလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးနတ်ကို ခွင့်လွှတ်ပါ မေမေ၊ မိုးနတ် မသိခဲ့လို့ မှားခဲ့မိတာပါ။ မေမေ့ကို ထိခိုက်နစ်နာစေဖို့ မိုးနတ် မရည်ရွယ်ပါဘူး၊ မိုးနတ် တောင်းပန်ပါတယ် မေမေ"

ရှိုက်ငင်သံ အစွက်စွက်ဖြင့် မေမေ့ကို တောင်းပန်မိသည်။ မေမေက မိုးနတ်ကို ခြံထဲရှိ ဒန်းကလေးဆီ ခေါ်လာခဲ့ပြီး အငိုရပ်တဲ့အထိ စိတ်ရှည်လက်ရှည် နှစ်သိမ့်ချော့မော့လေသည်။

"မေမေ နားလည်ပြီးသားပါ သမီးလေးရယ်၊ ဒီအခြေအနေကို မေမေ နားလည်ပါတယ်၊ ယောကျ်ားတစ်ယောက်ဟာ သူ့နှလုံးသားကို လှုပ်ရှားတိမ်းညွတ်စေမယ့် မိန်းမတိုင်းကို ချစ်ခွင့်ရှိသလို မိန်းမတစ်ယောက်ဘက်ကလည်း သူ့နှလုံးသားရဲ့ စေစားယိမ်းနွဲ့ရာ အတိုင်း လိုက်ပါပျော်ဝင်ခွင့်ရှိပါတယ်၊ ဒါ သဘာဝတရားပါ သမီးရယ်၊ သမီးကိုယ်သမီး အပြစ်ရှိသူတစ်ယောက်လို ခံစားမနေစေချင်ဘူး၊ မေမေ အပွင့်လင်းဆုံး ဝန်ခံချင်ပါတယ်၊ ဖဲဒါ သမီးရဲ့ ခံစားချက်တွေ သက်သာနိုင်သလောက် သက်သာပေါ့ပါးသွားစေအောင်လို့ပါ၊ သူ မေမေ့ကို အရူးအမူးချစ်ခဲ့တာ မှန်တယ်၊ အသည်းအသန် မျှော်လင့်ခဲ့တာလည်း





မှန်တယ်၊ တစ်နေ့ မေမေ့ဆီ သူ ပြန်လာမယ်ဆိုပြီး စောင့်နေခဲ့နိုင်းတာလည်း မှန်တယ်၊ အဲဒါ သူ့ဘက်က ကဏ္ဍပါ၊ မေမေ့ဘက်က ကဏ္ဍကို ပြောပြမယ်၊ မေမေတို့သူငယ်ချင်းသုံးယောက်ထဲမှာ မေမေနဲ့သူက အရမ်း close ဖြစ်လွန်းတယ်၊ သူ့ကို ခင်တွယ်လွန်းတယ်၊ သူက မေမေ့ အလိုကိုအလိုက်ဆုံး၊ မေမေ့ အနွံတာကို အခံဆုံးကိုး၊ မေမေက ဟန်ဆောင်ကောင်းတယ် သမီးရဲ့၊ မေမေ့ ရင်ထဲက နှလုံးသား အစစ်အမှန်ကို သူ မရိပ်မိအောင်လို့ လုံခြုံအောင် ဖုံးထားနိုင်ခဲ့တယ်၊ သူ့ကို သိပ်ခင်ပေမယ့် မေမေ့နှလုံးသားက လှိုက်လှိုက်လှဲလှဲ တောင့်တနေခဲ့မိတာ သမီးဖေဖေရဲ့ အချစ်ပါ၊ သမီးဖေဖေကို မေမေက တိတ်တိတ်ကလေး ကြိတ်ပြီးချစ်နေခဲ့တာ၊ သူတောင် သိမယ်မထင်ပါဘူး၊ သမီးဖေဖေက သူ့ဘာသာသူ ဘာသိဘာသာ အေးအေးဆေးဆေး နေတတ်ခဲ့ပေမယ့် သူ့ရင်ထဲမှာလည်း မိန်းမဆိုလို့ မေမေတစ်ယောက်တည်းပဲ ချစ်စရာရှိခဲ့တာပါ၊ ဖေဖေ ဖွင့်ပြောခဲ့တော့ မေမေ့လောက် ပျော်တဲ့သူ ဘယ်ရှိတော့မလဲ၊ မေမေတို့ အချစ်ရေးရော . . . အိမ်ထောင်ရေးပါ သာသာယာယာ မြဲမြဲခဲ့တာ နှစ်ဦးနှစ်ဘက် အပြန်အလှန် ချစ်နိုင်ခဲ့လို့ပါ၊ ဒီလောက်ဆို



www.burmeseclassic.com

www.burmeseclassic.com



သမီး နားလည်ပြီလား၊ မေမေ သူ့ကို မချစ်ခဲ့ပါဘူးသမီး၊ အဲဒါကြောင့် သူဟာ မေမေနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး၊ အရမ်းအင်တဲ့ သူငယ်ချင်းသံယောဇဉ်ပဲ ရှိတာပါ၊ ဒါဆိုရင် သမီးကိုယ်သမီး အပြစ်ရှိသူတစ်ယောက်လို မခံစားရတော့ဘူးမှလား"

"အိုး . . . မေမေ တကယ်ပြောတာလားဟင် မေမေ၊ တကယ်ပဲ သူ့ကို မချစ်ခဲ့ဘူးပေါ့၊ သူဟာ မေမေ့ချစ်သူ မဟုတ်ဘူးပေါ့"

"အဝေးကြီးပါ သမီးရယ်၊ သူ့ဘက်က တစ်ဘက်သတ်သာ ဖြစ်ခဲ့တာပါ၊ ဘယ်သူမဆို တစ်ဘက်သတ်တော့ ချစ်ခွင့်ရှိတယ် မှုလား သမီးရဲ့"

မိုးနတ်ရင်တစ်ခုလုံး ငှက်တောင်မွေးကလေးလို ပေါ့ပါးသွားခဲ့သည်။ မျက်ရည်တွေ သုတ်လိုက်မိသည်။ မေမေ့ကို ကြည်လင်စွာ ပြုံးပြမိသည်။ သူ့ကို မေမေ မပေးနိုင်ခဲ့တဲ့ အချစ်တွေကို မိုးနတ် ပြန်လည်ပေးဆပ်ခွင့် မရှိရဘူးလားဟင်။

"မိုးနတ် သူ့ကို အရမ်းချစ်တယ် မေမေ"

"မြင်ရုံနဲ့တင် မေမေ သိလိုက်ပါတယ် သမီး"

"သူကလည်း မိုးနတ်ကို . . ."





"သူ့မျက်လုံးတွေကို မေမေ ဖတ်တတ်ခဲ့ပြီးသားပါ သမီးရယ်"

မိုးနတ် ရှေ့ဆက်ပြီး မပြောမိတော့။ မေမေ့ကို တင်းတင်းကျပ်ကျပ်ကြီး ပွေ့ဖက်ထားလိုက်မိသည်။ ဆယ်ရက်တိတိ ဖေဖေ မေမေတို့နှင့် အားရပါးရ ပျော်မွေ့ပြီးမှ မိုးနတ် သူ့ဆီ ပြန်တော့မယ် . . .။ သူ စောင့်နေမှာပါလေ။

⸙ ⸙ ⸙



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ မျိုးစေ့ကလေးကြဲမိရုံနဲ့
မျှော်လင့်မထားတဲ့အချိန်မှာ
ကိုယ်တောင်ပြန်မမှတ်မိနိုင်လောက်အောင်
ဖားဖားဝေဝေ အပင်ကြီးအဖြစ်
ရှင်သန်လာတတ်တာမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ် ရန်ကုန်သို့ ပြန်ရောက်ချိန်မှာ အယ်ဒီတာချုပ်က သတင်းစကားတစ်ခုနှင့် စောင့်ကြိုနေခဲ့ပါသည်။

"သမီးရဲ့ ဝတ္ထုတိုကလေးတွေကို ပေါင်းချုပ်အဖြစ် စုစည်းထုတ်ဝေချင်လို့ဆိုပြီး ပါဘလစ်ရှာတစ်ယောက် ဆက်သွယ်လာတယ်၊ စာအုပ်တိုက်ကတော့ အသစ်ပါ၊ 'သစ္စာမိုးအိမ်'တဲ့၊ သူက သမီးရဲ့ မဂ္ဂဇင်းတွေထဲမှာပါတဲ့ ဝတ္ထုတိုကလေးတွေဖတ်မိပြီး အရမ်း crazy ဖြစ်တယ်ဆိုပဲ၊ စာမူခကို သမီးတောင်းသလောက်ပေးပါ့မယ်တဲ့၊ သမီးရဲ့ လုံးချင်းဝတ္ထုတွေဘာတွေ ရေးပြီးသားရှိရင်လည်း သူ စိတ်ဝင်စားပါတယ်တဲ့၊ စာအုပ်ကို အပြင်အဆင်ကောင်းကောင်း၊ quality ကောင်းကောင်းနဲ့ ထုတ်ပေးချင်ပါတယ်တဲ့၊ သမီး သူနဲ့ တိုက်ရိုက်တွေ့ပြီး စကားပြောကြည့်ချင်လား"

"ဟုတ်ကဲ့ အန်ကယ်လ် . . . မိုးနတ် စိတ်ဝင်စားပါတယ်၊ မိုးနတ်မှာ လုံးချင်းစာမူရေးပြီးသားလည်း ရှိပါတယ်"

"ကောင်းတယ် သမီး၊ သမီး ဒီဖုန်းနံပါတ်ကို ဆက်သွယ်လိုက်ပါ၊ အကယ်၍ သူနဲ့ မထုတ်ဖြစ်ဘူးဆိုရင်တောင် သမီးရဲ့ ဝတ္ထုတိုလေးတွေ အန်ကယ်လ့် FAME တိုက်ကနေ ထုတ်ပေးနိုင်တယ် သမီး၊ သမီးရဲ့လက်ကို ယုံပြီးသား စိတ်ချ



www.burmeseclassic.com

www.burmeseclassic.com



ပြီးသားမို့ပါ"

"အို ... ကျေးဇူးတင်ပါတယ် အန်ကယ်လ်၊ FAME တိုက်ကနေ ထုတ်မယ်ဆိုလည်း မိုးနတ်အတွက် ဂုဏ်ယူစရာပါ။ သူကစပြီး ကမ်းလှမ်းတာဆိုတော့ ... 'သစ္စာမီးအိမ်'က လူနဲ့ အရင်ပြောကြည့်ပါဦးမယ် အန်ကယ်လ်"

"ပြောရမှာပေါ့ သမီး၊ အနုပညာသမားဆိုတာ ရွေးချယ် ခွင့် ... လွတ်လပ်ခွင့်ရှိရမှာပေါ့၊ သမီးအတွက် အခွင့်အလမ်းတံခါးတစ်ချပ် စ,ပွင့်လာတဲ့အတွက် အန်ကယ်လ် ဝမ်းသာတာပါ။ ဂုဏ်လည်းယူတယ် သမီး"

မိုးနတ်တစ်ကိုယ်လုံး လေထဲမှာ လွင့်မျောနေသလို ဟလှပ်လှပ် ပေါ့ပါးစွာ ရင်ခုန်လျက်ရှိသည်။ အောင်မြင်မယ် ... မအောင်မြင်ဘူးဆိုတာ ကြိုမသိနိုင်သေးပေမယ့် မိုးနတ်လိုချင်သော ပန်းတိုင်ဆီ ပြေးခွင့်ရပြီဆိုတာကလေးနှင့်တင် မိုးနတ် ရင်ခုန် ပီတိဖြစ်လှပြီ။ ကြိုးစားဖို့က မိုးနတ်အတွက် စိန်ခေါ်မှုပေါ့။

မိုးနတ်သည် အယ်ဒီတာချုပ်အခန်းဆီကနေ ပြန်ထွက်လာပြီး ကိုယ့်စားပွဲဆီရောက်တာနှင့် 'သစ္စာမီးအိမ်' ရဲ့ ဖုန်းနံပါတ်ကို ချက်ချင်း ခေါ်ကြည့်လိုက်သည်။

"ဟယ်လို ..."





ကြားလိုက်ရသော အသံခပ်တိုးတိုးကြောင့် မိုးနတ်တစ်ကိုယ်လုံး နွေးသွားသည်။ ဒီအသံကလေးကိုမှ မမှတ်မိရင် မိုးနတ်လောက် တုံးတဲ့သူရှိတော့မယ်မထင်၊ ကြည့်စမ်း ‌ရှေလး ... ဘယ်လိုပုံစံနဲ့များ ရုပ်ဖျက်ဆက်သွယ်လာဦးမှာလဲ။ ဘယ်အထိ မိုးနတ်အတွက် တံခါးတွေ ဆွဲဖွင့်ပေး၊ လှေကားတွေ ထောင်ပေးနေဦးမှာလဲ။ မိုးနတ်သည် သူ့အသံကို မမှတ်မိချင်ဟန်ဆောင်ပြီး ...

"သစ္စာမီးအိမ် စာပေတိုက်ကပါလားရှင်၊ ကျွန်မ· မိုးနတ် မဒီပါ"

မိုးနတ်က ပြုံးရယ်ချင်စိတ်ကို ဣန္ဒြေရရ ထိန်းချုပ်ထားလိုက်သည်။ တစ်ဘက်မှ အသံ ဖျတ်ခနဲ တိတ်သွားသည်။ မိုးနတ်ဆက်လာလိမ့်မည် ... ဟု သူ မျှော်လင့်ထားပုံမရ။

"ဩော် ... ဆရာမ ခဏလေးနော်"

ဆိုပြီး တိတ်ဆိတ်သွား‌သည်။ ခဏနေမှ သူမဟုတ်သော တခြားသံတစ်သံ ထွက်လာသည်။

"ဆရာမ ကျွန်တော် သစ္စာမီးအိမ်ရဲ့ ပါဘလစ်ရှာ မိုးအောင်ပါ ခင်ဗျာ၊ ဆရာမနဲ့ကျွန်တော် လာတွေ့ပြီး စကားပြောချင်ပါတယ်၊ ကျွန်တော် ဘယ်အချိန် ဘယ်နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



လာတွေ့ရပါမလဲ"

မိုးနတ် ပြုံးနေမိသည်။ ဒီကစားပွဲကလေးကတော့ လှနေပါပြီ။ သူ့ရဲ့ လျှို့ဝှက်မီးလျှံနာ ဂိမ်းကလေးပေါ့။

"ညနေခြောက်နာရီ စမ်းချောင်းဘက်က Friends ဆိုင်ကလေးကို လာနိုင်မလားရှင်"

"ရပါတယ်ခင်ဗျာ . . . ကျွန်တော် လာခဲ့ပါမယ်"

♠ ♠ ♠





ညနေခြောက်နာရီမထိုးခင်ကတည်းက Friends မှာ လာစောင့်နေခဲ့သည်။ ယသော်နှင့် ကြီးမြတ်ကို ဘာမှ ကြို ပြောမထား။ လေး . . . ဘယ်လိုကစားမလဲဆိုတာကို သိချင်သောကြောင့် ဖြစ်သည်။ ခြောက်နာရီအတိမှာ ရှပ်အင်္ကျီအဖြူနှင့် ပိုးချည်ပုဆိုး အကွက်စိပ်ဝတ်ထားသော လူငယ်တစ်ယောက် ရောက်လာခဲ့သည်။ သူနောက်ကွယ်မှာ လေးရှိနေတယ်ဆိုတာကို မိုးနတ် သေချာပေါက် သောင်းရဲပါသည်။ ဒီလူဟာ သူ လွှတ်လိုက်တဲ့ သူ့ရဲ့ အရုပ်ကလေးတစ်ရုပ်ပေါ့။

"ကျွန်တော် မိုးအောင်ပါ ဆရာမ . . ."

ဆိုပြီး . . . မိုးနတ်တို့ဝိုင်းမှာ ဝင်ထိုင်သည်။ ကြီးမြတ်နှင့်ယသော်တို့က နားမလည်နိုင်သော မျက်လုံးအဝိုင်းသားကိုယ်စီနှင့်လေ။ သူတို့ မျှော်လင့်ထားတာက လေးကိုး။ လေးနှင့် အခြေအနေမှန်ကို မိုးနတ် သူတို့ကို ပြောမပြရသေး။

"ကျွန်တော့် စာပေတိုက်က အခုမှ အသစ်စ,မှာပါ ဆရာမ၊ စ,အဖွင့်ကို ဆရာမရဲ့ စာအုပ်တွေနဲ့ စ,ချင်ပါတယ်၊ အဲဒါကြောင့် FAME တိုက်ကို ဆက်သွယ်လိုက်တာပါ၊ ဆရာမရဲ့ ဝတ္ထုတိုကလေးတွေက ကျွန်တော့်ရင်ကို တကယ် ထိတယ်ဗျာ၊ ကျွန်တော် ဆရာမရဲ့ ပရိသတ်ပါ၊ အရေး



www.burmeseclassic.com

www.burmeseclassic.com



အသား အဖွဲ့အနွဲ့ကိုကအစ ကျွန်တော် စွဲလမ်းမိတာ၊ ဒါကြောင့် ကျွန်တော် ထုတ်ချင်တာပါ၊ စာမူခကို ဆရာမ ကြိုက်သလောက်ပြောပါ၊ ကျွန်တော် ငွေရေးကြေးရေးကို အဓိက မထားပါဘူး"

"ပိုက်ဆံတွေ သိပ်ပေါနေတယ်ပေါ့လေ . . ."

"ဗျာ . . ."

"ကြော် . . . 'သစ္စာမီးအိမ်'ရဲ့ နောက်ကွယ်မှာ တစ်ယောက်ယောက်များ ရှိနေမလားလို့ပါ၊ ကျွန်မလို ဘာမှ မဟုတ်သေးတဲ့ စာရေးဆရာအသစ်ကလေးကို စာမူခ ကြိုက်သလောက်တောင်းခိုင်းနေတာကိုက သဘာဝ မကျတော့လို့ပါ၊ ရှင့်ရဲ့ သူဌေးကို ပြောလိုက်ပါ ကိုမိုးအောင် . . . စောင့်နေပါလို့"

"ခင်ဗျာ . . ."

သူ ဘာဆက်ပြောရမှန်းမသိအောင် ကြောင်သွားပုံရသည်။ စကားတွေ ရှုန်းရှုန်းဝေအောင် ဆက်မပြောရဲတော့သလို ငြိမ်သက်သွားသည်။

"ကျွန်မရဲ့ FAME တိုက်ကနေ စာအုပ်တွေ ထွက်လာပါလိမ့်မယ်၊ တံခါးတစ်ချပ် ဖွင့်ပေးတာကို ကျေးဇူးပါလို့





ပြောပေးပါနော်"

"ဟိုဟာလေ . . . ဒါပေမယ့် ကျွန်တော်တောင် ဘာပြောရမှန်း မသိတော့ဘူး၊ သူဌေးက သူ့ကို လုံးဝ လျှို့ဝှက်ထားပေးရမှာတဲ့၊ ဆရာမက ဘယ်လိုလုပ်ပြီး သိနေရတာလဲဗျာ၊ ကျွန်တော်လည်း ဘာမှ မပြောရဘဲနဲ့ ကျွန်တော် အဆူခံရတော့မှာပဲ"

"သူ ကျွန်မကို လျှော့တွက်တာကိုး၊ Game Over လို့သာ သူ့ကို ပြောလိုက်ပါရှင်"

"ဒုက္ခပါပဲဗျာ . . . ကျွန်တော်က မင်းနဲ့မောင်းနဲ့ အပြတ်ချီတက်လာခဲ့တာ၊ သူဌေးလဲ ပါတယ်ဗျ၊ ဟိုးဘက် ခပ်လှမ်းလှမ်းမှာ သူ ကားပေါ်က စောင့်နေတယ်၊ ဆရာမနဲ့တွေ့ပြီးရင် ကျွန်တော် သူ့ဆီ သွားရမှာ"

"ဒါဖြင့် ကျွန်မကို လိုက်ပို့ . . ."

"ဗျာ . . ."

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



သူ့ကားနားဆီရောက်တဲ့အထိ သူ လုံးဝ မမြင်သေး။ Lap top ကလေးဖွင့်ပြီး အလုပ်လုပ်နေသည်။ ကိုမိုးအောင်ကို မျက်လုံးတစ်ဘက် မှိတ်ပြလိုက်ကာ . . . မိုးနတ် ကားတံခါးကို ဆွဲဖွင့်ဝင်ထိုင်လိုက်တော့မှ သူ လန့်သွားပြီး ပြုံးခနဲ မော့ကြည့်သည်။ မိုးနတ်ကိုမြင်တော့ သူ့မျက်နှာပျက်သွားသည်။ ဟိုဟိုဒီဒီ ကြည့်ရင်း သူ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

"အံ့ဩသွားလား လေး . . .၊ စောင့်နေပေးတဲ့အတွက် ကျေးဇူးပါ။ ဘဝမှာ လူတစ်ယောက်ကို တကယ်ချစ်တယ်ဆိုရင်၊ ပြီးတော့ သူ့အချစ်ကိုလည်း အကြွင်းမဲ့ ယုံကြည်စိတ်ချတယ်ဆိုရင် . . . သူ့ကို အခွင့်အရေး တစ်ခုတော့ ပေးရမယ်ဆို၊ သူ ပြန်အလာကို စောင့်နေပေးမယ်ဆို"

"အား . . . မိုးနတ်လေးရယ်၊ ကိုယ်က မင်း ကိုယ့်ဆီ ပြန်မလာတော့ဘူး မှတ်တာ"

"ဒါကြောင့် နောက်ကွယ်ကနေ,နေပြီး secret millionaire game ကစားနေတာပေါ့လေ"

"ဝေးသွားမှာ စိုးလို့ပါ . . . မိုးနတ်ရယ်၊ ကိုယ် တကယ် ထိရှခံစားလွယ်နေတာ၊ မနက်က မိုးနတ်အသံကလေး ကြားလိုက်ရတဲ့အချိန်မှာ ရင်ဘတ်ထဲမှာ ဝုန်းဒိုင်းကြဲသွားတာပဲ၊





နေမထိ ထိုင်မထိကို ဖြစ်နေတာ၊ လာပြေးတွေ့လိုက်ချင်တာ မတရားပဲ၊ မိုးနတ်ရဲ့ ဆုံးဖြတ်ချက်ကို မပြင်တော့မှာလည်း စိုးမိတယ်ကွာ၊ အပြတ်ပြောထားတော့ မျက်နှာကလေး တွေ့ချင်တာတောင် မလာရဲဘူးလေ၊ ကိုယ့်ကို မုန်းသွား၊ နာသွားမှာ အကြောက်ဆုံးပဲ"

"အချစ်ဆိုတာ . . . မျိုးစေ့ကလေးကြဲမိရုံနဲ့ မျှော်လင့်မထားတဲ့အချိန်မှာ ကိုယ်တောင် ပြန်မမှတ်မိနိုင်လောက်အောင် ဖားဖားဝေဝေ အပင်ကြီးအဖြစ် ရှင်သန်လာတတ်တာမျိုးပါ လေးရယ်၊ ဒီအပင်ကြီးက မိုးနတ်ရင်ထဲမှာ တော်တော်ကို ကြီးထွားနေပြီလေ၊ ဘယ်လိုမှ ခုတ်ပစ်လို့ သတ်ပစ်လို့ မရနိုင်တော့ဘူး၊ သတ်မပစ်ရက်တော့ဘူးလေ၊ ခံနိုင်ရည်လည်း မရှိတော့ဘူး၊ ဆယ်ရက်လုံးလုံးမှာ လေးကို မလွမ်းမိတဲ့နေ့ မတမ်းတ မိတဲ့နေ့ရယ်လို့ တစ်နေ့မှ မရှိခဲ့ဘူး၊ အရမ်းချစ်တယ် လေးရယ်"

သူက မိုးနတ်ကို သူ့ရင်ခွင်ထဲသို့ ခပ်တင်းတင်း ပွေ့ဖက်သွင်းထားလိုက်ကာ . . . ဘာစကားမှ မပြောနိုင်ဘဲ အကြာကြီး ငြိမ်သက်နေသည်။ သူ့နှလုံးခုန်သံကို မိုးနတ် နားကပ်၍ ခံစားနေမိသည်။ အဲဒီ နှလုံးသားဆီကနေ စကားသံတွေ



www.burmeseclassic.com

www.burmeseclassic.com

## ပျားရည်မြစ်တစ်စင်းထဲက
## ပဉ္စလက်နှင်းဆီ

အမှား ကြီးကို ပဲ့တင်ထပ်စွာ ကြားနေရသည်။ ချစ်ခြင်းရဲ့ ရနံ့ဟာ သူနှင့် မိုးနတ်ကို လှပယစ်မူးဖွယ်ကောင်းလောက်အောင် ဆွဲငင်ဖမ်းစားထားဆဲ . . .။ အပြင်လောကကို ခဏ မေ့သွားမိကြလေသည်။

စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ . . .

မေတ္တာအားဖြင့် . . .



လွန်းထားထား (ဆေးတက္ကသိုလ်)

၄. ၅. ၂၀၁၀





